# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့၊ (13-8-2015) (၈၂၉၁)


သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏၊ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

## ပြည်ထောင်စုဝန်ကြီးများ စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၁၂ရက်)

**စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေခြင်း**

အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးများအား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်-

(၁) ဒုတိယဗိုလ်ချုပ်ကြီးဝေလွင် ကာကွယ်ရေးဝန်ကြီးဌာန

(၂) ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း နယ်စပ်ရေးရာဝန်ကြီးဌာန

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်ထောင်စုဝန်ကြီးများ ရာထူးမှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၆/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**ပြည်ထောင်စုဝန်ကြီးများ ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(ခ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးများအား ၎င်းတို့၏သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်-

(၁) ဦးတင်နိုင်သိန်း သမ္မတရုံးဝန်ကြီးဌာန(၅)

(၂) ဦးမြတ်ဟိန်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

(၃) ဦးခင်ရီ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၄) ဦးသန်းဌေး ရထားပို့ဆောင်ရေးဝန်ကြီးဌာန

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း နှစ်ပေခန့် ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(ကြေးမုံ)

# ကောင်းမွန်သော ပြန်လည်ထူထောင်ရေးအစီအမံနှင့် ထိရောက်သောညှိနှိုင်းဆောင်ရွက်မှုရှိစေရေး ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

## နာဂစ်ဖြစ်စဉ်နှင့် မတူကွဲပြားသော သဘာဝဘေးအန္တရာယ်ကိုင်တွယ်မှုကြောင့် မြန်မာအစိုးရနှင့် တပ်မတော်ကို ကုလသမဂ္ဂ ချီးကျူး

မြန်မာအစိုးရနှင့် တပ်မတော်တို့သည် ရေဘေးကယ်ဆယ်ရေးကို ထိရောက်ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်မှုအတွက် ချီးကျူးခံရပြီး ယင်းကဲ့သို့ ချီးကျူးခံရခြင်းကြောင့် ယခင်နာဂစ်ဖြစ်ရပ်ကို ကိုင်တွယ်ခဲ့စဉ်က ဝေဖန်ခံခဲ့ရမှုများ လျော့ကျသွားသည့်အပြင် နိုဝင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက်ပါ ထောက်ခံမှု မြင့်တက်လာနိုင်ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ရေးသားထားသည်။

အဆိုပါသတင်းတွင် "ကိုမန်" ဆိုင်ကလုန်းမုန်တိုင်း အဖျားခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံတွင် လူ ၉၉ ဦး သေဆုံးခဲ့ပြီး ထောင်နှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဖြစ်ကာ လယ်မြေဧကပေါင်းများစွာ နစ်မြုပ်သွားခဲ့ကြောင်း၊ မြန်မာအစိုးရအနေဖြင့် နိုင်ငံတကာအကူအညီနှင့်အတူ ကယ်ဆယ်ရေးလုပ်ငန်းကြီးတစ်ရပ်ကို အရှိန်အဟုန်မြင့် လုပ်ဆောင်နေကြောင်း၊ ၂၀၀၈ ခုနှစ် မေလက ဖြစ်ပွားခဲ့သည့် နာဂစ်ဖြစ်စဉ်တွင် ပြည်ပအကူအညီများ ငြင်းဆန်ခဲ့မှုနှင့် **စာမျက်နှာ ၅ ကော်လံ ၅ သို့ ✳**




ကြေးမုံ စာ တည်း ရှု ထောင့် ၁၃-၈-၂၀၁၅၊ ကြာသပတေးနေ့

# စနစ်တကျပူးပေါင်းမှ အောင်မြင်

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးရွာသွန်းမှုအားကောင်းသောကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုရှိသည့်အနက် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၂ ခုတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ မြေပြိုမှု၊ လမ်းတံတား၊ နေအိမ် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများသာမက ကျွဲ၊ နွားတိရစ္ဆာန်နှင့် လူ့အသက်များပါ ဆုံးရှုံးပျက်စီးခဲ့ရသည်။

ပြီးခဲ့သည့် ဇူလိုင်လက စတင်ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံဖြစ်ပွားခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကို အချို့နေရာများတွင် ယနေ့ထက်တိုင်ကြုံတွေ့ ခံစားနေရသဖြင့် နိုင်ငံတော်နှင့်အဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများ က အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ရသည်။

ပြည်သူများဘေးဒုက္ခကျရောက်ချိန်တွင် ဆိုင်ရာနိုင်ငံအစိုးရအဖွဲ့ အစည်းများက မိမိတို့နေအင်အား ကြွယ်ဝမှု၊ တတ်နိုင်သည့်အနေအထားများ နှင့် စနစ်တကျဆောင်ရွက်တတ်သည့် နည်းစနစ်များအလိုက် အရေးပေါ် ကယ်ဆယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလျင်အမြန်ချက်ချင်း ဆောင်ရွက်ပေးလေ့ရှိသည်။

သဘာဝဘေးဒဏ်ကြုံတွေ့လေ့ရှိသည့် နိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါဝင်ပြီး သဘာဝဘေးအကြီး အငယ်မျိုးစုံကို မကြာခဏကြုံတွေ့ဖူးသည်။ ဆယ်စုနှစ်အတွင်း ကြုံတွေ့ဖူးသည့် သဘာဝဘေးများတွင် ထိခိုက်မှု ကြီးမားသော သဘာဝဘေးမှာ ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်းဘေးဖြစ်သည်။ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် အမြောက်အမြားပျက်သုဉ်းခဲ့သည်။

ထိုစဉ်က နာဂစ်မုန်တိုင်းဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ပေးခဲ့သလို ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အလျင်အမြန်ဆောင်ရွက်ပေးခဲ့ရာ မျက်မှောက်ကာလတွင် လုံခြုံစိတ်ချမှု အနေအထားတစ်ခုသို့ ရောက်ရှိနေပြီဟု ဆိုနိုင်သည်။ ထိခိုက်ကြေမွခဲ့သည့် ပြည်သူများ၏နှလုံးသားများမှာမူ ယနေ့ထက်တိုင် အကင်းမသေသေးဟု ဆိုရမည်ဖြစ်သည်။

ယခုတစ်ဖန် သဘာဝဘေးဒဏ်ကို မြန်မာပြည်သူတို့ ထပ်မံကြုံတွေ့ ခံစားရပြန်သည်။ ထိုအခါ နာဂစ်ကို သင်ခန်းစာယူ၍ ပြည်သူများအား ကယ်ဆယ်စောင့်ရှောက်ထောက်ပံ့ကူညီပေးကြရမည်။ လက်တွေ့တွင် နာဂစ်နှင့် မတူသော ကူညီထောက်ပံ့ကယ်ဆယ်စောင့်ရှောက်မှုများကို ဝိုင်းဝန်းဆောင်ရွက်ပေးကြသည်ကို တွေ့ရသည်။

ကူညီခြင်း၊ ကယ်ဆယ်ခြင်း၊ စောင့်ရှောက်ခြင်းလုပ်ငန်းများသည် မွန်မြတ်သောလုပ်ငန်းများပင်ဖြစ်သည်။ မေတ္တာတရားရှေ့ထား၍ ဘေးဒုက္ခရောက်သူကို ကူညီခြင်းသည် မင်္ဂလာတရားတော်နှင့်ညီပါသည်။ လူသားချင်း စာနာထောက်ထားမှုလည်း မြောက်ပါသည်။ သို့သော် မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ စနစ်တကျ ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။

ညီညွတ်ခြင်းသည်အင်အားဆိုသည့်အတိုင်း အားလုံးတညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်နိုင်မှသာ မိမိတို့မျှော်မှန်းသည့်အတိုင်း အောင်မြင်မှုကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ တညီတညွတ်တည်းပူးပေါင်း ဆောင်ရွက်နိုင်ရန်မှာ ဦးဆောင်အဖွဲ့အစည်းလိုအပ်သလို စနစ်ကျသော လုပ်ဆောင်မှုလည်းရှိဖို့လိုသည်။ ထိုလုပ်ဆောင်မှုမျိုးကို အတွေ့အကြုံရှိသော နိုင်ငံတော်ကသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

နာဂစ်မုန်တိုင်းကျရောက်စဉ်က ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီး နှစ်ခုသာ ထိခိုက်ခဲ့သည်။ ယင်းကို အချိန်ကာလနှင့်ငွေကြေးအမြောက် အမြားကျခံကာ အစိုးရကတာဝန်ယူ ဆောင်ရွက်ခဲ့သည်။ ယခုသဘာဝဘေး မှာ နာဂစ်မုန်တိုင်းကဲ့သို့ မပြင်းထန်သော်လည်း နိုင်ငံတစ်ဝန်းဖြစ်ပေါ်ခဲ့သဖြင့် ပိုမိုကြီးမားကျယ်ပြန့်ပေသည်။ ကယ်ဆယ်စောင့်ရှောက် ကူညီထောက်ပံ့ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အပိုင်းမှ ဆောင်ရွက်ပေးနေ သလို ပြည်သူများကလည်း တစ်ဦးအလိုက်၊ တစ်ဖွဲ့ချင်းအလိုက် ဆောင်ရွက် ပေးလျက်ရှိသည်။

ကြီးမားကျယ်ပြန့်သည့် ဒဏ်ရာဒဏ်ချက်အမြောက်အမြားကို ဖာထေး ပြုပြင်ရာတွင် တစ်ယောက်တစ်ပေါက် ဆောင်ရွက်နေရုံမျှဖြင့် ထိုဒဏ်ရာ များ လုံးဝပျောက်ကွယ်သွားမည်မဟုတ်ချေ။ အတွေ့အကြုံရှိပြီး တာဝန်ယူ ဆောင်ရွက်နိုင်သော အစိုးရအဖွဲ့အစည်းများနှင့် စနစ်တကျပူးပေါင်း ဆောင်ရွက်မှသာ အကင်းသေပပျောက်ပြီး မူလဘာဝသို့ အမြန်ဆုံးပြန်လည် ရောက်ရှိနိုင်မည်ဟု ရှုမြင်ပါသည်။ ။

## ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု ဟိုတယ်များက ရေဘေးသင့်ဒေသများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၂**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနသည် သဘာဝ ဘေးအန္တရာယ် ကြုံတွေ့နေရသော ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ လှူဒါန်းနိုင်ရေးအတွက် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကအသင်းအဖွဲ့များ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဟိုတယ်များအား စုစည်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ ရက်က မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ဝင် အသင်းများနှင့် ပြည်တွင်းပြည်ပ ဟိုတယ်များမှ လှူဒါန်းငွေကျပ် သိန်း ၁၃၇၀ နှင့် အမေရိကန်ဒေါ်လာ ၁၀၄၅၀၀ ကို ပေးအပ်လှူဒါန်းရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က လက်ခံရယူသည်။

အဆိုပါ လှူဒါန်းငွေများကို ရေဘေး သင့်ဒေသများဖြစ်သော ရခိုင် ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ချင်းပြည်နယ်များသို့ သက်ဆိုင်ရာ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ် ကိုယ်စားလှယ်များ နှင့်အတူ ဟိုတယ်နှင့်ခရီးသွားလာ ရေးလုပ်ငန်းဝန်ကြီးဌာနမှ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ လိုက်ပါသွားရောက်၍ ဆက်လက် လှူဒါန်းလျက်ရှိသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ ချုပ်နှင့် အဖွဲ့ဝင်အသင်းများမှ သက်ဆိုင်ရာရေဘေးသင့်ဒေသများ သို့ ကျပ်သိန်း ၂၀၀၀ ခန့်ရှိ ငွေကြေး နှင့်ပစ္စည်းများကိုလည်း ကြိုတင်သွား ရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဆရာမောင်ဝံသတည်ထောင်သည့် မြန်မာမီဒီယာဖွံ့ဖြိုးရေးစင်တာ သတင်း ပညာသင်တန်းကျောင်း (၃)နှစ်ပြည့် အခမ်းအနားကို ဩဂုတ် ၁၁ ရက်က ကျင်းပရာ မီဒီယာလုပ်ငန်းခွင်ဝင်ရောက် နေသည့် သင်တန်းသားဟောင်းများက "လက်တွဲကူပေး သဘာဝဘေး"သီချင်း ဖြင့် ဖြေဖျော်သီဆိုနေကြစဉ်။** (အဆိုပါ အခမ်းအနားတွင် ဆရာမောင်ဝံသ ရေးသားသည့် စာအုပ်များ ရောင်းရငွေ များကို ရေဘေးသင့်ပြည်သူများထံ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။)
(သန့်ဇင်ဝင်း)

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၂**

| | |
|---|---|
| **ရန်ကုန် ရွှေဈေး** | ၇၄၄၅၀၀ - ၇၄၆၀၀၀ |
| **မန္တလေး ရွှေဈေး** | ၇၄၄၅၀၀ - ၇၄၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၀၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၃၉. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၆၈. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၉၅. ၈၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၅. ၀၂၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၁၀. ၂၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉. ၂၄၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၉၉၀. ၄၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၄. ၈၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၆. ၅၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၈၄. ၃၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြံန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ




☆ ကောင်းမွန်သောမှ

လုပ်ငန်းစဉ်(၃)ရပ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရပါကြောင်း၊ လုပ်ငန်းစဉ်(၁)မှာ ဘေးမဖြစ်မီ ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန် ဆောင်ရွက်ခြင်း၊ လုပ်ငန်းစဉ်(၂)မှာ ဘေးဖြစ်ပွားနေစဉ် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုသည့်နေရာတွင် ဘေးလွတ်ရာရွှေ့ပြောင်းခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ အရေးပေါ်ကယ်ဆယ်ထောက်ပံ့ခြင်းဆိုသည့် လုပ်ငန်းများကို လက်ရှိဆောင်ရွက်လျက်ရှိပါကြောင်း။

လုပ်ငန်းစဉ်(၃)ဖြစ်သည့် မူလအခြေအနေကို ပြန်လည်ရောက်ရှိစေရန်အတွက် ထူထောင်ပေးခြင်းဆိုသည့်ကဏ္ဍတွင် ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် အသင့်ပြင်ဆင်ထားရှိပြီးဖြစ်ပါကြောင်း။

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး နာဂစ်မုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးစီမံကိန်းကို ၂၀၀၉ ခုနှစ်က လုပ်ဆောင်ခဲ့ရာတွင် အရေးကြီးသည့် နယ်ပယ်(၈)ခုရှိသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ၎င်းတို့မှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ(Livelihoods)၊ နေထိုင်ခိုလှုံစရာ အဆောက်အအုံ (Shelter and Settlements)၊ ပညာရေး(Education)၊ ကျန်းမာရေး (Health)၊ သောက်သုံးရန်ရေ၊ အညစ်အကြေးနှင့် သန့်ရှင်းရေး(Water, Sanitation and Hygiene) (WASH)၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပွားရသည့် ဘေးအန္တရာယ် လျှော့ချရေး(Disaster Risk Reduction) (DDR)၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (Environment)နှင့် ထိခိုက်လွယ်သော အုပ်စုများစောင့်ရှောက်ရေး(Protection and Vulnerable Groups) တို့ဖြစ်ပါကြောင်း။

နာဂစ်အလွန် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုမှ သင်ခန်းစာများအနေဖြင့် အရေးပေါ်တုံ့ပြန်မှုကို ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်နိုင်ခဲ့ပါကြောင်း၊ သောက်သုံးရေသန့်၊ အစားအသောက်၊ ပတ်ဝန်းကျင်ရှင်းလင်းရေးလုပ်ငန်း၊ နေထိုင်စရာအဆောက်အအုံ၊ ငွေကြေးအကူအညီ စသည်ဖြင့် ရပ်ရွာအခြေပြုထူထောင်မှုလုပ်ငန်းများ အလျင်အမြန် ပြန်လည်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ပေးနိုင်ခဲ့ခြင်း၊ အခြေခံအဆောက်အအုံများကို အချိန်ယူတည်ဆောက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ စွမ်းရည်မြှင့်တင်ရေးအား စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုလျှော့ချရေး အစီအစဉ်ကောင်းများသည် အရေးကြီးသဖြင့် အဆင်သင့်ဖြစ်နေမှုအပိုင်းတွင် အားနည်းခဲ့သည်ကို တွေ့ရပါကြောင်း။

ပြည်သူကိုအခြေပြုပြီး ပြန်လည်ထူထောင်ရေးမူများကိုကြည့်လျှင် မူ(၁)တွင် ကဏ္ဍစုံပြန်လည်ကုစားရေးနည်းလမ်းအနေဖြင့် ကဏ္ဍအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို သေချာစေခြင်း၊ cross-cutting ပြဿနာများနှင့် ထပ်နေသောကိစ္စများကို ဖော်ထုတ်ခြင်း၊ ကုစားရေးဆောင်ရွက်နေသော ကဏ္ဍအားလုံးနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း၊ အရေးပါသော ဦးဆောင်လမ်းညွှန်မှုအနေဖြင့် ပြန်လည်ကုစားရေးလုပ်ငန်းစဉ်များတွင် ကျေးလက်နှင့် မြို့ပြလူထုအားလုံး အပြည့်အဝပါဝင်လာစေရေး စဉ်းစားတွေးခေါ်ခြင်းနှင့် စီမံကိန်းချမှတ်ခြင်းမှ တစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ဖြစ်ကြောင်း၊ မူ(၂)တွင် လူထုအသံ၊ လူထုဆန္ဒကို အလေးထား၍ နိုင်ငံတကာမှ အကောင်းဆုံးကျင့်ထုံးဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ၎င်းတွင် ဒေသတွင်းအမှန်တကယ် လိုအပ်ချက်ကို ဖော်ထုတ်၍ ကိုက်ညီသောအထောက်အပံ့ကို စနစ်တကျစီစဉ်ခြင်း၊ ပထဝီအနေအထားကွာခြားချက်၊ လူမှုစီးပွားအခြေအနေကွာခြားချက်များရှိသောဒေသပေါင်းစုံလိုအပ်ချက်များနှင့်ဒေသတွင်းဖြည့်ဆည်းနိုင်မှုနည်းလမ်းများကို ဖော်ထုတ်ခြင်းတို့ကို တွေ့ရမည်ဖြစ်ပါကြောင်း။

အခြေခံမူများအနေဖြင့် အစိုးရ၊ အလှူရှင်များနှင့် အကူအညီပေးရေးအဖွဲ့များသည် ဘေးသင့်မိသားစုများနှင့် ရပ်ရွာဒေသတို့ ကိုယ်တိုင်ရွေးချယ်သည့် ပြန်လည်ထူထောင်ရေးအမျိုးအစားအား အသိအမှတ်ပြုပေးရမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးသည် မျှတမှုနှင့် သာတူညီမျှမှုရှိရေး၊ အနာဂတ်တွင်ကြုံတွေ့လာနိုင်သည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုအားကောင်းစေရေး၊ ပြည်ထောင်စုအစိုးရက အားပေးရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကို ပြန်လည်ထူထောင်ရေးလုပ်ငန်း စီမံခန့်ခွဲခြင်းအားကောင်းစေရန်အတွက် ပြည်ထောင်စုအစိုးရအနေဖြင့် လိုအပ်သည့်အရင်းအမြစ်များ ထောက်ပံ့ပေးရေး၊ ကောင်းမွန်သောပြန်လည်ထူထောင်ရေးအစီအမံနှင့် ထိရောက်သောညှိနှိုင်းဆောင်ရွက်မှု ရှိစေရေးအတွက် သတင်းအချက်အလက်စုံစွာ ရရှိရေးဆောင်ရွက်ရန် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့များ၏ အခန်းကဏ္ဍကျယ်ပြန့်လာမှုနှင့်အတူ ပြန်လည်ထူထောင်မှု အရည်အသွေးအတွက် တာဝန်သိမှုပိုရှိလာရေး၊ ပြန်လည်ထူထောင်မှုလုပ်ငန်းများ စတင်ချိန်၌ပင် ပြည်ထောင်စုအစိုးရနှင့် အကူအညီပေးရေးအဖွဲ့များသည် ဒေသနှင့်လျော်ညီသည့် တီထွင်ဖန်တီးလုပ်ဆောင်မှုများအောင်မြင်ရှင်သန်ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများဖန်တီးပေးရေး၊ အကူအညီပေးရေးမိတ်ဖက်အဖွဲ့အစည်းများအကြား မလိုလားအပ်သည့် ဘက်ပြိုင်မှုနှင့် ကောင်းကျိုးမပေးသည့် ယှဉ်ပြိုင်ခြင်းတို့ မရှိစေရေးနှင့် ကောင်းမွန်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် သဘာဝဘေးအန္တရာယ်ကို လျော့နည်းစေပြီး ကြံ့ကြံ့ခံနိုင်သည့် ပိုမိုဘေးကင်းလုံခြုံသော ရပ်ရွာဒေသအဖြစ် ဖန်တီးတည်ထောင်ပေးနိုင်ရေးတို့ပင်ဖြစ်ပါကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းရေးတွင် လုပ်ဆောင်ရမည့် အဆင့်(၃)ဆင့်နှင့် လက်တွဲဆောင်ရွက်ရမည့်သူများမှာ အဆင့်(၁)တွင် အိမ်ထောင်စုများ(သို့မဟုတ်) ကျေးရွာအဆင့်ဖြစ်ပြီး အဆင့်(၂)တွင် မြို့အဆင့်နှင့် အဆင့်(၃)တွင် ဗဟိုအဆင့်တို့ဖြစ်ပါကြောင်း။

လိုက်နာရမည့် မူများအနေဖြင့် အကူအညီ လည်ပတ်စီးဆင်းမှုများကို အများပြည်သူသို့ သိရှိစေရေး အစီရင်ခံခြင်းနှင့် လမ်းကြောင်းပေးခြင်းတို့ကို လုပ်ဆောင်နိုင်သော အများပါဝင်သည့် စနစ်တစ်ခုဖြစ်ရေးကို အစပြုတည်ဆောက်ရန်၊ ဒေသခံများအား လုပ်ဆောင်မှုအဆင့်တိုင်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန်၊ ဒေသန္တရအဆင့် ဦးစီးဦးဆောင်ပြုမှုများ၊ အရင်းအမြစ်များနှင့် စွမ်းဆောင်မှုများကို အရင်းခံအခြေပြုရန်တို့ပင် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီများက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။ **(သတင်းစဉ်)**

**Ratio of disaster affected zones**




### အမျိုးသားအဆင့် ပြန်လည်ထူထောင်မှု လုပ်ငန်းညှိနှိုင်းရေး စုဖွဲ့မှုပုံစံ




### ပြန်လည်ထူထောင်မှု လုပ်ငန်း စုဖွဲ့မှုပုံစံ




## ရေဘေးသင့်ပြည်သူများသို့ ပစ္စည်းများ ဒုတိယအကြိမ် သွားရောက်လှူဒါန်း

**ကျောက်တန်း ဩဂုတ် ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ မေတ္တာသင်္ဂဟ လူငယ်ပရဟိတသွေးလှူရှင်များအဖွဲ့က လူငယ်များဦးဆောင်၍ တံတားမြို့ပေါ်လေးရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ လှည့်လည်အလှူခံ၍ ရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၁၁ ရက် နံနက် ၅ နာရီက ကားငါးစီးနှင့် သာယာဝတီ သုံးဆယ်မြို့များမှ ရေဘေးသင့်ပြည်သူများသို့ ဆန်အိတ် ၁၂၀အပါအဝင် အခြားပစ္စည်းမျိုးစုံကို သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ဩဂုတ် ၅ ရက်ကလည်း ရခိုင်ပြည်နယ် မင်းပြားမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၂၇ သိန်း၊ ဆန်အိတ် ၈၃ အိတ်နှင့် အခြားပစ္စည်းများကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**



## အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းတွင် ရောက်ရှိနေသော မြန်မာရေလုပ်သားများ ပြန်လည်ခေါ်ယူနိုင်ရေး မြန်မာသံရုံး ဂျကာတာနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းတွင်ရောက်ရှိနေသော မြန်မာရေလုပ်သား ၃၃၈ ဦးအား မြန်မာနိုင်ငံသို့ ဆောလျင်စွာ ပြန်လည်ခေါ်ယူနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ ဒုတိယဝန်ကြီး ဦးသန့်ကျော် ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန(လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့)၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အရာရှိကြီးများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ မြန်မာသံရုံး ဂျကာတာမြို့နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



## တရုတ်နိုင်ငံတက်ဟုန်းပြည်နယ်ခွဲမှ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်း ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့ညနေပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲမှ ရေဘေးသင့်ပြည်သူများအတွက် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယသမ္မတက မြန်မာနိုင်ငံရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများနှင့် လှူဒါန်းငွေများကို သံအမတ်ကြီးထံမှ လွှဲပြောင်းလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ရေဘေးသင့်ပြည်သူများအတွက် ဝန်ကြီးဌာနမှ ဝန်ထမ်းများ စုပေါင်းလှူဒါန်းသည့် လှူဒါန်းငွေကျပ် ၅၁၁၉၁၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတက တရုတ်နိုင်ငံမှ လှူဒါန်းမှုများအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် လှူဒါန်းပစ္စည်းများနှင့် မော်တော်ယာဉ် ခုနစ်စီးပေါ်ရှိ လှူဒါန်းပစ္စည်းများကို ကြည့်ရှုသည်။

ယနေ့လှူဒါန်းပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေကျပ် သိန်း ၄၀၀ အပါအဝင် ခြင်ထောင်အလုံး ၁၅၀၀၊ မိုးကာခင်းအချပ် ၂၁၀၀၊ ဆီဘူး ၆၅၀၀၊ ဆန် ၁ တင်းခွဲအိတ် ၇၇၀၊ ဆပ်ပြာမှုန့် အိတ် ၁၇၀၀၀၊ ဆပ်ပြာခဲ ၁၂၈၆၄ ခဲ၊ ပဲမျိုးစုံ ပိဿာ ၄၈၃၀၊ ခေါက်ဆွဲ အလက် ၂၁၆၀၊ ဘီစကွတ် မုန့်ထုပ် ၃၅၁၀၀၊ အမျိုးသားဝတ်နှင့် အမျိုးသမီးဝတ် အထည် ၃၀၀၀၊ ငါးသေတ္တာဘူး ၅၂၈၀၊ ဒန်အိုးအလုံး ၁၅၀၀၊ ဒယ်အိုးအလုံး ၁၀၀၀၊ ဒန်ခွက် အလုံး ၂၅၀၀၊ ဆား ပိဿာချိန် ၈၈၈၀၊ စောင်အထည် ၄၂၀၀၊ အိပ်ရာခင်းအထည် ၃၃၀၀၊ အင်္ကျီအထည် ၈၅၀၀၊ မိုးကာတဲအလုံး ၁၂၀၊ အကာခင်းအလိပ် ၄၅ လိပ်နှင့် အိမ်သုံးဆေးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ ကောင်စစ်ဝန်ချုပ်နှင့် တက်ဟုန်းပြည်နယ်ခွဲမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ရေဘေးသင့်ပြည်သူ ၄၃၅၀၀၀ အား ကုလသမဂ္ဂအေဂျင်စီမှ စားနပ်ရိက္ခာများ ထောက်ပံ့မည်

**ကုလသမဂ္ဂ ဩဂုတ် ၁၂**

မြန်မာနိုင်ငံ၏ ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသည့် ပြည်သူ ၄၃၅၀၀၀ အား အရေးပေါ်စားနပ်ရိက္ခာအထောက်အပံ့များ ထောက်ပံ့ပေးသွားရန် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်းနှင့် တစ်လစာ ဆန်၊ ဆီ၊ ဆားနှင့် တစ်ပတ်စာ ရိက္ခာခြောက်ဘီစကွတ်များကို ထောက်ပံ့ပေးလျက်ရှိကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ Stephane Dujarric က ပြောကြားခဲ့သည်ကို ဆင်ဟွာသတင်းတစ်ရပ်က ဩဂုတ် ၁၂ ရက်တွင် ဖော်ပြထားသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် စားနပ်ရိက္ခာထောက်ပံ့ပေးရေးနှင့် စပ်လျဉ်း၍ မြန်မာအစိုးရ၊ ကုလသမဂ္ဂ အေဂျင်စီများ၊ ဒေသတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပြီး လက်ရှိတွင်လည်း ရေဘေးသင့်ပြည်သူ ၂၁၃၀၀၀ ကျော်အား စားနပ်ရိက္ခာအကူအညီများ ထောက်ပံ့ပေးထားပြီးဖြစ်ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဇွန်လမှ စတင်ကာ မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အများအပြားတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး အဆိုပါ ရေကြီးရေလျှံမှုများကြောင့် လူနေအိမ်များ၊ လယ်မြေများ၊ မီးရထားလမ်းများ၊ တံတားများနှင့် ကားလမ်းများ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၏ လူဦးရေတစ်သန်းနီးပါးအထိ ရေဘေးဒုက္ခဒဏ်ခံစားခဲ့ရသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့အား ရေဘေးအန္တရာယ်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအဖြစ် ကြေညာခဲ့ပြီး ယင်းတိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုအနက် ရခိုင်ပြည်နယ်သည် ရေဘေးဒုက္ခဒဏ်ခံရမှု အများဆုံးဖြစ်ကြောင်းလည်း သိရသည်။

**(ငွေကြယ်)**

## မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီ၏ မြန်မာနိုင်ငံခရီးစဉ်အပြီး ပြောကြားချက်များအပေါ် တုံ့ပြန်သည့် သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ လုပ်ငန်းတာဝန်အပါအဝင် နိုင်ငံတစ်နိုင်ငံချင်းစီအပေါ် သီးခြားရွေးချယ်၍ ဆောင်ရွက်သည့်လုပ်ငန်းတာဝန်မျိုးသည် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရာတွင် စစ်မှန်သောဆွေးနွေးမှုနှင့် အပြုသဘောထိတွေ့မှုများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ရပ်ဖန်တီးပေးနိုင်ခြင်းမရှိသဖြင့် ယင်းလုပ်ငန်းတာဝန်များကို မြန်မာနိုင်ငံက မူအားဖြင့် အစဉ်တစိုက်ဆန့်ကျင်ပယ်ချပါသည်။ နိုင်ငံတိုင်း၏ လူ့အခွင့်အရေးအခြေအနေကို စဉ်းစားသုံးသပ်လျက် တိုးတက်အောင်ဆောင်ရွက်ရေး၌ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်သည်သာ ယုံကြည်စိတ်ချထိုက်သလို လက်ခံဆောင်ရွက်ရန်လည်း အငြင်းပွားမှုမရှိကြဘဲ တန်းတူရည်တူဆောင်ရွက်နိုင်သည့်လုပ်ငန်းစဉ်အဖြစ် လေးလေးနက်နက် ယုံကြည်ပါသည်။

၂။ မြန်မာနိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှုကိုအခြေခံသည့် စိတ်ရင်းစေတနာကောင်းဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူအဆက်ဆက်ကို ဖိတ်ကြားလက်ခံလျက်ရှိပါသည်။

၃။ ယင်းစိတ်ဓာတ်အခြေခံဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ယန်ဟီလီအား မြန်မာနိုင်ငံသို့ တတိယအကြိမ်အဖြစ် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှ ၇ ရက်နေ့အထိ ငါးရက်တာလာရောက်ရန် ဖိတ်ကြားလက်ခံခဲ့ပါသည်။ ခရီးစဉ်ကာလနှင့်နေရာများသည် မစ္စ ယန်ဟီလီဘက်မှ လုံခြုံရေးနှင့်စပ်လျဉ်း၍ စိုးရိမ်မှုအပေါ် ချိန်ဆစီစဉ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် လာရောက်ခဲ့သည့် မစ္စ ယန်ဟီလီ၏ ဒုတိယအကြိမ်ခရီးစဉ်အပြီး ၎င်း၏ထင်မြင်ယူဆချက်များအပေါ် ပြည်သူလူထုက သဘောမတူညီမှုများရှိခဲ့သည့်အချက်ကိုလည်း အလေးထားထည့်သွင်းစဉ်းစားခဲ့ပါသည်။

၄။ အထူးအစီရင်ခံစာတင်သွင်းသူသည် သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာခြင်းခံရသည့်ဒေသများတွင် ပါဝင်သည့် ပြည်နယ်တစ်ခုသို့ ရာသီဥတုအခြေအနေဆိုးရွားသဖြင့် သွားရောက်နိုင်ခဲ့ခြင်းမရှိပါ။ အဆင့်မြင့်အရာရှိကြီးများသည် ရေဘေးသင့်ဒေသများတွင် သဘာဝဘေးအန္တရာယ်တုံ့ပြန်စီမံခန့်ခွဲမှုများ ဆောင်ရွက်နေရသဖြင့် နေပြည်တော်တွင် မစ္စ ယန်ဟီလီမေတ္တာရပ်ခံသော တွေ့ဆုံမှုအချို့ကို စီစဉ်ပေးနိုင်ခဲ့ခြင်းမရှိပါ။

၅။ အထူးအစီရင်ခံစာတင်သွင်းသူက အစိုးရ၊ သက်ဆိုင်သူအားလုံးနှင့်ပွင့်လင်းစွာနှင့် အပြုသဘောထိတွေ့ဆောင်ရွက်ရန် ကတိပြုသည်ကို မြန်မာနိုင်ငံကကောင်းမွန်စွာ မှတ်သားခဲ့ပါသည်။ မတူညီသောသဘောထားအမြင်များကိုသိရှိရန် အထူးအစီရင်ခံစာတင်သွင်းသူ၏ ကြိုးပမ်းအားထုတ်မှုများကို တွေ့ရှိရသဖြင့်လည်း အားရကျေနပ်ပါသည်။ သို့ရာတွင် အထူးအစီရင်ခံစာတင်သွင်းသူ၏ ခရီးစဉ်အပြီး ပြောကြားချက်များတွင် အမှန်တရားနှင့် အချက်အလက်များထက် စွပ်စွဲချက်များနှင့် မှန်းဆပြောကြားချက်များ ကျယ်ပြန့်စွာပါဝင်သဖြင့် သတင်းအရင်းအမြစ်များကို မတူညီသောနေရာများမှ တိုးတက်ရယူရေးနှင့် ပိုမိုပြည့်စုံစွာရရှိအောင်ဆောင်ရွက်ရန် အထူးအစီရင်ခံစာတင်သွင်းသူအား မြန်မာနိုင်ငံက တိုက်တွန်းအားပေးပါသည်။

၆။ ရွေးကောက်ပွဲများတွင် မဲပေးရေးကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်မှာ ၎င်းနိုင်ငံသားများ၏ အခွင့်အရေးဖြစ်ပါသည်။ မြန်မာနိုင်ငံသားဖြစ်လိုသူများသည် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားလျှောက်ထားနိုင်ပြီး ၎င်းတို့အတွက် ကန့်သတ်တားမြစ်ထားခြင်း မရှိပါ။

၇။ မြန်မာနိုင်ငံက “ရိုဟင်ဂျာ” ဟူသောအသုံးအနှုန်းကို ဆက်လက်ပယ်ချပါသည်။ ယင်းဖန်တီးတီထွင်ထားသည့်အသုံးအနှုန်းကို မြန်မာပြည်သူများက အသိအမှတ်မပြုပါ။

၈။ ခေတ်သစ်မြန်မာနိုင်ငံ၏ အထင်ရှားဆုံးတိုးတက်မှုများတွင် လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ လွတ်လပ်ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်တို့နှင့် ပတ်သက်သည့် နယ်ပယ်လည်း ပါဝင်ပါသည်။ ယင်းအခွင့်အရေးများကို ငြိမ်းချမ်းစွာကျင့်သုံးရုံမျှဖြင့် မည်သူမျှ ဖမ်းဆီးခံရခြင်း သို့မဟုတ် တရားစွဲဆိုခံရခြင်းမရှိပါ။

၉။ ရေကြည်ရာမြက်နုရာ အလုပ်အကိုင်အခွင့်အလမ်းရှာဖွေရာမှ ဒေသတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာမှုများကို ဖြစ်ပေါ်စေပြီး နစ်နာသူများသည် လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှုကွန်ရက်များ၏ အမြတ်ထုတ်ခြင်းခံကြရသည်။ ဒေသတွင်း မူရင်း၊ ကြားခံနှင့် ဦးတည်ရာနိုင်ငံများသည် ယင်းကိစ္စကို ဖြေရှင်းရန် တိုးတက်ကြိုးပမ်းလျက်ရှိသည်။ လူသားချင်းစာနာထောက်ထားမှုကိုအခြေခံကာ နိုင်ငံတကာအသိုက်အဝန်းအတွင်း တာဝန်သိနိုင်ငံတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် လူကုန်ကူးခံရသူများကို ကယ်ဆယ်ခြင်း၊ ယာယီအမိုးအကာပေးခြင်းနှင့် အကူအညီပေးခြင်းများကို မိမိနိုင်ငံ၏ ကိုယ်ပိုင်အရင်းအမြစ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ရာချီသည့် လှေစီးသွားလာသူများအား ပြန်လည်ပို့ဆောင်ခြင်းကို ပင်ရင်းနိုင်ငံနှင့် နီးကပ်စွာ ပူးပေါင်း၍ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

၁၀။ အထူးအစီရင်ခံစာတင်သွင်းသူသည် အနာဂတ်တွင် ခွဲခြားရွေးချယ်မှုနှင့် ဘက်လိုက်မှုမရှိဘဲ မြန်မာနိုင်ငံသားအားလုံး၏ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးအတွက် မျှတသော အစီရင်ခံစာ တစ်စောင်ရေးသားလိမ့်မည်ဟု မျှော်လင့်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်**



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၅၀ (တန်ဖိုးငွေကျပ် ၃၃၀၀၀၀၀) အား မြို့နယ်ကြက်ခြေနီတပ်ရင်းမှ ဒုတပ်ရင်းမှူး ဦးသိန်းထွန်းထံသို့ ဩဂုတ် ၁၂ ရက်တွင် အလှူရှင် ဦးကျော်ညွန့်+ဒေါ်ဝါဝါကျော်(ကျော်ညွန့်ရည်စာပေ)က ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## ဒုတိယဝန်ကြီးများအား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၇/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ရက်**
**(၂၀၁၅ခုနှစ်၊ ဧပြီလ ၁၂ရက်)**

**စစ်ဘက်မူလတာဝန်များပြန်လည်ထမ်းဆောင်စေခြင်း**

အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်-

(၁) ဗိုလ်ချုပ်ကျော်ညွှန့် ကာကွယ်ရေးဝန်ကြီးဌာန
(၂) ဗိုလ်ချုပ်တင်အောင်ချစ် နယ်စပ်ရေးရာဝန်ကြီးဌာန

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဒုတိယဝန်ကြီးများ ရာထူးမှ နုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၈/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၅ခုနှစ်၊ ဧပြီလ ၁၂ ရက်)

**ဒုတိယဝန်ကြီးများ ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(ခ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား ၎င်းတို့၏သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်-

(၁) ဦးပိုက်ထွေး ပြန်ကြားရေးဝန်ကြီးဌာန
(၂) ဒေါက်တာမောင်မောင်ဌေး သာသနာရေးဝန်ကြီးဌာန
(၃) ဦးသန်းထွန်း သမဝါယမဝန်ကြီးဌာန
(၄) ဒေါ်ဝင်းမော်ထွန်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ရာထူးမှ နုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
(အမိန့်အမှတ်၊ ၉/၂၀၁၅)
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ဌေးအား ၎င်း၏သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
(အမိန့်အမှတ်၊ ၁၀/၂၀၁၅)
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သန်းထွဋ်အား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အာဆီယံအဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးဖွင့်ပွဲအခမ်းအနားများ ကျင်းပ

**နေပြည်တော် ဧပြီ ၁၂**

(၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးနှင့် (၁၄)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံဝန်ကြီးများ အစည်းအဝေးများ၏ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View Resort, Thazin Villa, Grand Ball Room -2 ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် (၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးသဘာပတိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က (၃၇)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးဥက္ကဋ္ဌတာဝန်ယူမည့် ဖိလစ်ပိုင်နိုင်ငံ၏ ခေါင်းဆောင်မှုနှင့် ကောင်းမွန်သည့် စီမံခန့်ခွဲမှုများ၌ ရလဒ်ကောင်းများ ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ယခုကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာအဆင့်မြင့် အရာရှိကြီးများအထူးအစည်းအဝေး၌ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှု အလားအလာများအပေါ် ကြိုတင်ကာကွယ်ရေးစနစ်များ အပြန်အလှန် ကူညီရေးအစီအမံများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး အစီအမံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်ကြရန်နှင့် ဆွေးနွေးချက်ရလဒ်များကို (၃၇) ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးသို့ ဆက်လက်တင်ပြနိုင်ရေး တိုက်တွန်းလိုပါကြောင်း၊ ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရှင်များ၏ ကြွယ်ဝသည့်အသိပညာ၊ အတွေ့အကြုံ ဗဟုသုတများဖြင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးနှင့် အာဆီယံ၏ ဆောင်ပုဒ်ဖြစ်သည့် တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသောသွင်ပြင်လက္ခဏာ၊ တစ်ခုတည်းသော အာဆီယံအသိုက်အဝန်း ဖြစ်ပေါ်လာစေရေးအတွက် အပြုသဘောဆောင်သည့် အမြင်များ၊ အကြံပြုမှုများကို ဆွေးနွေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးကို Tharaphi Villa,Grand Ball Room-1 ၌ ကျင်းပရာ (၂၅)ကြိမ်မြောက်နှင့်(၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများ၏ ဆွေးနွေးဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အာဆီယံစားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ မူဝါဒမူဘောင်အရ အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်း အခြေအနေများ၊ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အသေးစိတ်လုပ်ငန်းများ၊ ၂၀၂၅ ခုနှစ်ကို ရှေးရှုသည့် အာဆီယံစားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာလုပ်ငန်းအစီအစဉ်များ၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများ၏ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများဖြစ်သည့် အာဆီယံအပေါင်းသုံး အရေးပေါ် ဆန်အရန် ရိက္ခာထားရှိရေးအစီအစဉ်၊ အာဆီယံစားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ သတင်းအချက်အလက်စနစ်များနှင့် အာဆီယံအပေါင်းသုံး စားနပ်ရိက္ခာနှင့် ဇီဝစွမ်းအင်ဖူလုံရေးဆိုင်ရာလုပ်ငန်းများ၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ တရုတ်၊ ဂျာမနီ၊ အိန္ဒိယ၊ အမေရိကန်နှင့် ကိုရီးယားသမ္မတနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်ကြသည့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့စီးပွားရေးဖိုရမ်၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

(၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးနှင့် (၁၄)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံဝန်ကြီးများ အစည်းအဝေးများ၏ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးကို ဧပြီ ၁၂ ရက်မှ ၁၅ ရက်ထိ ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

**✱ ရှေ့ဖုံးမှ**

ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုတို့ကြောင့် အစိုးရအပေါ် ပြစ်တင်ဝေဖန်မှုများစွာရှိခဲ့သော်လည်း ယခုအစိုးရသစ်လက်ထက်တွင် ပြည်ပအကူအညီရယူပြီး ရေဘေးသင့်ပြည်သူများအတွက် နေရာထိုင်ခင်းဆောက်လုပ်ပေးခြင်းနှင့် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့် ယခင်အစိုးရနှင့် မတူကွဲပြားသော လုပ်ဆောင်ချက်များကြောင့် ကုလသမဂ္ဂအဖွဲ့ဝင် မြန်မာအစိုးရ၏ ရေဘေးတုံ့ပြန်ကိုင်တွယ်မှုအပေါ် ချီးကျူးခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

နိုင်ငံရေးအကဲခတ်သူ ကျော်လင်းဦးက အစိုးရအနေဖြင့် ရေဘေးတုံ့ပြန်မှုနှေးကွေးသည်ဟု ဝေဖန်ခဲ့သော်လည်း နာဂစ်ဖြစ်စဉ်နှင့် နှိုင်းယှဉ်ပါက တိုးတက်မှုများစွာရှိသည်ဟု ပြောခဲ့ကြောင်း၊ နာဂစ်ဖြစ်စဉ်နှင့် ယခုရေဘေးဖြစ်စဉ်ကို ကွဲပြားခြားနားအောင် လုပ်ဆောင်ကြရာတွင် သမ္မတဦးသိန်းစိန်လည်း ပါဝင်ကြောင်း၊ သမ္မတ ဦးသိန်းစိန်သည် ရေဘေးသင့်ဒေသများသို့ အလောတကြီးသွားရောက်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြောင်း၊ ကယ်ဆယ်ရေးစခန်းတစ်ခုသို့ရောက်ရှိစဉ် ရေသန့်စက်တစ်ခုမှ သောက်ရေများ ယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ကြောင်းကို ပြသသည့်အနေဖြင့် ၎င်းကိုယ်တိုင် သောက်ပြခဲ့ကြောင်း၊ ထို့အတူ ကုလသမဂ္ဂအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ပီရာရီပယ်ရွှန်က မြန်မာအာဏာပိုင်များသည် နိုင်ငံတကာအကူအညီရယူကာ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းကို လျင်မြန်စွာ တုံ့ပြန်ခဲ့ပြီး သွားလာရေးခက်ခဲသော ရေဘေးသင့်ဒေသများသို့ အကူအညီပေးရေးအဖွဲ့နှင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ရန် လေယာဉ်၊ ရဟတ်ယာဉ်နှင့် စစ်သင်္ဘောများ စီစဉ်ပေးခဲ့ကြောင်း ရေးသားဖော်ပြသည်။

ထို့အပြင် လွှတ်တော်နာယက သူရဦးရွှေမန်းအပါအဝင် နိုင်ငံရေးပါတီများက ရေဘေးသင့်ဒေသများသို့ သွားရောက်ကာ ကယ်ဆယ်ရေးပစ္စည်းများရရှိအောင် စွမ်းဆောင်ခဲ့ကြကြောင်း၊ တပ်မတော်အဖွဲ့အစည်းသည် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဆက်သွယ်ရေးပြတ်တောက်နေသော ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ သယ်ဆောင်ရာတွင် မရှိမဖြစ်လိုအပ်နေဆဲပင်ဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ပင်လျှင် ၎င်း၏ဖေ့ဘွတ်စာမျက်နှာ၌ ရိက္ခာအချို့ ရဟတ်ယာဉ်ပေါ်မှချရာတွင် ရွှံ့ညွန်ထဲ ရောက်ရှိသွားမှုနှင့် ကယ်ဆယ်ရေးပစ္စည်းအချို့ ကွဲအက်ပျက်စီးသွားသည့် သတင်းကြားရသည့်အတွက် စိတ်မကောင်းဖြစ်ရကြောင်း၊ အလားတူဖြစ်ရပ်မျိုး ထပ်မံမဖြစ်အောင် မိမိတို့ ကြိုးပမ်းနေသည်ဟု ထူးထူးခြားခြား တောင်းပန်စကားရေးသားဖော်ပြခဲ့သည်ကို တွေ့ရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

**(ကျော်သဲအိမ်)**

# “ရေဘေးလိုကိစ္စမျိုးမှာ ဆေးတွေပို့ဖို့၊ ထောက်ပံ့မှုတွေ ဆောင်ရွက်ဖို့နေရာတွေမှာ ပူးပေါင်းပြီးတော့မှ အကောင်အထည်ဖော်ပေးဖို့လုပ်တဲ့ကိစ္စ ဖြစ်ပါတယ်”
# “ကျန်းမာရေးဌာနဟာ အများပေါင်းလုပ်မှ အောင်မြင်တဲ့ဌာနဖြစ်ပါတယ်”
# “ပွင့်ပွင့်လင်းလင်းပြောရရင် ကွပ်ကဲဖို့တာဝန်ပေးတာ မဟုတ်ပါဘူး”



ဦးစိန်ဝင်း

တပ်မတော်သားအရာရှိ အချို့ကို ဆေးဘက်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာများတွင် တာဝန်ပေးအပ်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့ခြင်းမှာ **“ကျန်းမာရေးကဏ္ဍတွင် အလွှာပေါင်းစုံရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းပြီး တိုးတက်အောင်မြင်စေရန် ရည်ရွယ်ချက်ဖြင့် ပွင့်လင်းမြင်သာစွာ စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း”** ပြောကြားခဲ့သူ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိန်ဝင်းနှင့် သတင်းစဉ်က သွားရောက်တွေ့ဆုံမေးမြန်းချက်များကို ဖော်ပြလိုက်ပါသည်။

**သတင်းစဉ် ။ ။ လတ်တလောကာလမှာ တပ်မတော်မှ အရာရှိအချို့ ကျန်းမာရေးဝန်ကြီးဌာနကို ပြောင်းရွှေ့တာဝန်ပေးအပ်မှုနဲ့ပတ်သက်ပြီး လူမှုကွန်ရက်တွေမှာ ရှုထောင့်ပေါင်းစုံက ရေးသားဝေဖန်ပြောဆိုနေတဲ့အပေါ် ရှင်းရှင်းလင်းလင်း သိပါရစေခင်ဗျာ။**

ဦးစိန်ဝင်း ။ ။ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်တဲ့အခါမှာ အလွှာပေါင်းစုံ၊ ဘက်ပေါင်းစုံက အဆင်ပြေအောင် ရည်ရွယ်ချက်နဲ့ တစ်နည်းအားဖြင့် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးမှာ တာဝန်ပေးဖို့ဆိုပြီး စီစဉ်ဆောင်ရွက်ခဲ့တာပါ။ တစ်နည်းအားဖြင့် ဝိုင်းဝန်းပူးပေါင်းပြီး ကျန်းမာရေးကဏ္ဍကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ လုပ်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းကလုပ်ခဲ့တဲ့ မြန်မာကျန်းမာရေးဖိုရမ် (Myanmar Health Forum) မှာလည်း ပွင့်လင်းမြင်သာစွာနဲ့ အကောင်းဆုံးလုပ်ခဲ့ပါတယ်။ ကျန်းမာရေးကဏ္ဍက အလွှာပေါင်းစုံရှိတယ်ဆိုတာ အမြဲတမ်းပြောတာ ရှိပါတယ်။ ကျွန်တော်တို့ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်တဲ့အခါမှာ အထူးသဖြင့် ပညာရပ်ပိုင်းဆိုင်ရာ ဆရာဝန်ကြီးတွေ၊ ဆရာဝန်တွေ တစ်ခါအဲဒီဆရာဝန်ကြီးတွေကို Supporting လုပ်တဲ့သူနာပြုတွေရှိတယ်။ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းတွေရှိတယ်။ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းဆိုတာ အကြမ်းဖျင်းပြောရရင် ဓာတ်မှန်ကျွမ်းကျင်သူ၊ ဆေးဝါးကျွမ်းကျင်သူ၊ အကြောအဆစ်ကျွမ်းကျင်သူ၊ ဓာတ်ခွဲကျွမ်းကျင်သူ စသဖြင့် အဲဒီလိုရာထူးတွေရှိပါတယ်။ စီမံခန့်ခွဲမှုအပိုင်းမှာတော့ စာရေးစာချီ၊ ယာဉ်မောင်း၊ လုံခြုံရေး၊ သန့်ရှင်းရေး စတဲ့ အဆင့်ဆင့်တွေလည်း ရှိပါတယ်။ ကျွန်တော်တို့ဟာ **လူတွေစုပေါင်းပြီးတော့ ဆောင်ရွက်တဲ့ မိသားစုကိစ္စလိုပဲ ဖြစ်ပါတယ်။ မိသားစုကိစ္စကို ဆောင်ရွက်ကြတဲ့အခါ တချို့သောကိစ္စရပ်တွေမှာ ကျွမ်းကျင်သူတွေရှိတယ်။ သူ့သက်ဆိုင်ရာဘာသာရပ်တွေ တာဝန်ပေးတယ်။ တစ်နည်းအားဖြင့် တပ်မတော်က ခေါ်ယူပြီး တာဝန်ပေးတယ်ဆိုတာကလည်း ကွပ်ကဲဖို့မဟုတ်ပါဘူး။ ဝိုင်းဝန်းတာဝန်ယူနိုင်အောင် စီစဉ်ခြင်းဖြစ်ပါတယ်။**

ကျွန်တော်တို့ ရိုးရိုးသားသားနဲ့ပဲ တာဝန်ပေးခြင်းဖြစ်ပါတယ်။ ဒီထဲမှာ မဟာသိပ္ပံဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့နဲ့ ရရှိထားတဲ့ပုဂ္ဂိုလ်တွေလည်း ပါတဲ့အခါကျတော့ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီမှာ အသေးစိတ်ဆွေးနွေးပြီး တာဝန်ပေးခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့က အာဏာတည်ဆောက်စရာမလိုပါဘူး။ ဒီမိုကရေစီလမ်းကြောင်းသွားတဲ့အခါမှာ အကောင်းဆုံး ရိုးဖြောင့်စွာလုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ကောလာဟလတွေ ပြောဆိုလာကြတဲ့အခါမှာ ဒီနေ့နေ့လယ်ကပဲ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်က တပ်မတော်က ထပ်မံပြောင်းရွှေ့တာဝန်ပေးမယ့် အစီအစဉ်ကို ရပ်ဆိုင်းဖို့ လမ်းညွှန်ခဲ့ပါတယ်။

ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များဆိုတာလည်းရှိပြီးသားပါ။ **ဝန်ကြီးဌာနအနေနဲ့ ဘဏ္ဍာငွေတိုးမြှင့်ရရှိမှုနဲ့ ခွဲဝေသုံးစွဲမှုကို (၁-၅-၂၀၁၅) ရက်နေ့ထုတ် သတင်းစာများမှာလည်းကောင်း၊ ဆောင်ရွက်မယ့် တည်ဆောက်ရေးကိစ္စတွေဆိုရင်လည်း အများပြည်သူ ပွင့်လင်းမြင်သာအောင် (၁၉-၅-၂၀၁၅)ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာတွေမှာ ထည့်သွင်းကြေညာခဲ့ပါတယ်။ ကျွန်တော်တို့ဘက်ကရှိနေတဲ့ သတင်းတွေကို မှန်မှန်ကန်ကန် အမြဲတမ်းပြောပြနေပါတယ်။**

ဒီကိစ္စကတော့ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု၊ ထောက်ပံ့မှုနဲ့ပတ်သက်တယ်။ ရေဘေးလိုကိစ္စမျိုး ဆေးတွေပို့ဖို့၊ ထောက်ပံ့မှုတွေ ဆောင်ရွက်ဖို့နေရာတွေမှာ အင်အားလိုတယ်ဆိုတာ ကျွန်တော်ပြောထားတာရှိပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကွပ်ကဲဖို့မဟုတ်ပါဘူး။ ပူးပေါင်းပြီးတော့မှ အကောင်အထည်ဖော်ပေးဖို့ လုပ်တဲ့ကိစ္စ ဖြစ်ပါတယ်။ ကျွန်တော်တို့လည်း နိုင်ငံ့ဝန်ထမ်းဖြစ်တာကြောင့် **အများပြည်သူအနေနဲ့ ဒါကိုသဘောမကျဘူးဆိုရင် ပြန်လည်ပြင်ဆင်သုံးသပ်ပြီးတော့မှ ဆောင်ရွက်ရမယ်**ဆိုတဲ့ သဘောရှိပြီးဖြစ်တဲ့အတွက် ပြည်ထောင်စုဝန်ကြီးကလည်း သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ အများကလည်း သဘောမကျဘူးဆိုရင် ထပ်မံဆောင်ရွက်မယ့်အစီအစဉ်ကို ရပ်ဆိုင်းမယ်လို့ လမ်းညွှန်ထားပါတယ်။

**သတင်းစဉ် ။ ။ အဲဒီပြောင်းရွှေ့တာဝန်ပေးတဲ့ အစီအစဉ်ကို ရပ်ဆိုင်းလိုက်တယ်ဆိုတာ အပြီးရပ်ဆိုင်းလိုက်တာပါလားခင်ဗျာ။**

ဦးစိန်ဝင်း ။ ။ ဒီကိစ္စအပြီး ရပ်ဆိုင်းလိုက်တာလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး နောက်ထပ် ထပ်ခေါ်စရာမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဌာနရဲ့မူဝါဒ၊ ရည်မှန်းချက်အကောင်အထည်ဖော်တာတွေက အခုချက်ချင်း ထလုပ်လို့ရတဲ့ဟာမျိုး မဟုတ်ပါဘူး။ အခုကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လစ်လပ်နေတဲ့ ဆရာဝန်တွေကို ဖြည့်စွက်ခန့်ထားဖို့ ဗဟို(ပြည်ထောင်စု) ခေါ်တာ နေရာ ၄၉၈ ဦး ခေါ်ထားတာရှိပါတယ်။ သွားဆရာဝန်ရော အပါအဝင်ပါ။ မကြာခင်မှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကလည်း လူတွေ့စစ်ဆေးပြီး ခန့်အပ်ဖို့ လုပ်ပေးပါမယ်။ သားဖွားဆရာမတွေဆိုရင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက် တစ်နိုင်ငံလုံးမှာ ၁၆၈၄ နေရာ လစ်လပ်လို့ ခန့်ထားပါမယ်။ ခန့်တဲ့အခါမှာလည်း **သက်ဆိုင်ရာဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်မယ့် ပုဂ္ဂိုလ်တွေရဲ့ သူတို့နှစ်သက်တဲ့ ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေးနေရာတွေကို ရွေးချယ်ဖို့ အဆိုပြုပေးပါဆိုပြီး ကျွန်တော်တို့ဘက်က ပွင့်လင်းမြင်သာစွာ အဆင်အပြေနိုင်ဆုံး လုပ်ပေးသွားမှာပါ။** နောက်တစ်ခါ ကုသရေးဦးစီးဌာနဆိုလည်း သားဖွားဆရာမပေါင်း ၄၂၅ နေရာ လစ်လပ်နေတဲ့အတွက် ခန့်ထားနိုင်ရေး နေ့စဉ်ထုတ်သတင်းစာများမှာ လျှောက်လွှာများ ခေါ်ယူပြီးဖြစ်ပါတယ်။ ယခင်က ကျန်းမာရေးဦးစီးဌာနကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနအဖြစ် အုပ်ချုပ်မှုအသွင်သဏ္ဌာန် ပြောင်းထားပါတယ်။ အဲဒီလို ပြောင်းလဲထားတဲ့အတွက် နောက်ထပ်လည်း ကျွန်တော်တို့အနေနဲ့ ဆရာဝန်တွေ၊ ဆေးဘက်ဆိုင်ရာပညာရှင်တွေ၊ ဓာတ်မှန်ကျွမ်းကျင်သူ၊ ဆေးဝါးကျွမ်းကျင်သူ၊ အကြောအဆစ်ကျွမ်းကျင်သူ၊ ဓာတ်ခွဲကျွမ်းကျင်သူများ လိုအပ်တဲ့အတွက် ထပ်မံခန့်ဖို့လည်း အစီအစဉ်ရှိပါတယ်။

လူနာကုသရေးမှာ အဘက်ဘက်က ဆရာဝန်တွေ၊ သူနာပြုတွေ၊ ဆေးဘက်ဆိုင်ရာက ဓာတ်မှန်ကျွမ်းကျင်၊ ဓာတ်ခွဲကျွမ်းကျင်၊ ဆေးဝါးကျွမ်းကျင် စတဲ့ကျွမ်းကျင်ပညာရှင်တွေ ပူးပေါင်းဆောင်ရွက်ရတဲ့ ဌာနကြီးဖြစ်နေတဲ့အခါမှာ နောက်ဆုံး၊ လူတစ်ယောက် ကွယ်လွန်သွားပြီဆိုတဲ့အခါ ဒီအလောင်းကို လူနာဆောင်ထဲကနေ ရင်ခွဲရုံသယ်ဖို့ ရင်ခွဲရုံလုပ်သားဆိုတာ ကျွန်တော်တို့မှာ ရှိရပါတယ်။ ပြီးရင် ရင်ခွဲရုံလုပ်သားကမှ တစ်ခါ ဆရာဝန်ကြီးများကို ကူညီပံ့ပိုးပြီးတော့ ရင်ခွဲပေးရတဲ့ ပုဂ္ဂိုလ်များ ရှိပါတယ်။ ကျွန်တော်တို့ **ကျန်းမာရေးဌာနဟာ အများပေါင်းလုပ်မှ အောင်မြင်တဲ့ဌာနလို့** ကျွန်တော်တို့ ပြောလိုပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနက တပ်မတော်ဆရာဝန်များ လူရာနဲ့ချီပြီးခေါ်မယ်ဆိုတာ မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးက လစ်လပ်နေတဲ့ဆရာဝန်များအပေါ် မူတည်ပြီး ခေါ်လိုက်တာဖြစ်ပါတယ်။ ထပ်မံပြီးခန့်ထားဖို့လည်း စီစဉ်နေပါတယ်။ လက်ရှိလစ်လပ် သားဖွားဆရာမ ၂၀၀၀ ကျော်ခန့်ပြီးရင် လောလောဆယ် မလစ်လပ်တော့ဘူး။ ဒါပေမယ့် ကျွန်တော်တို့ ဖွဲ့စည်းပုံတွေတိုးချဲ့တယ်။ ဥပမာအားဖြင့် မုံရွာမြို့ ပြည်သူ့ဆေးရုံဆိုရင် အရင်တုန်းက ခုတင် (၂၀၀)၊ (၂၀၀) ကနေ(၃၀၀)၊ (၃၀၀) ကနေ (၅၀၀) ဖွဲ့စည်းပုံတိုးချဲ့ခဲ့ပါတယ်။ အလားတူ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ဆေးရုံတွေကိုလည်း အဆင့်မြှင့်တင်တယ်။ အရင်တုန်းက ပုသိမ်ဆိုရင် (၂၀၀)၊ အခုကျွန်တော်တို့ (၃၀၀)လုပ်တယ်၊ (၃၀၀) ပြီးတော့ အခု (၅၀၀)လုပ်တယ်။ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ဖွဲ့စည်းပုံတွေများလာတဲ့အတွက် လစ်လပ်ရာထူးနေရာတွေအများကြီးပါ။ ဒါကတော့ မြင်သာအောင် ဥပမာနဲ့ ပြောတာဖြစ်ပါတယ်။ အဲဒီလိုများလာတဲ့အတွက် ချက်ချင်းကြီး ကျွန်တော်တို့ လူအင်အား ဖြည့်လို့ရတဲ့ ဘာသာရပ်ရှိသလို၊ ဖြည့်လို့မရတဲ့ဘာသာရပ်လည်းရှိပါတယ်။ ပျဉ်းမနားမြို့ ခုတင် (၂၀၀) ဆံ့ ဆေးရုံဆိုရင် ဦးနှောက်နဲ့အာရုံကြောဆရာဝန်မရှိဘူး။ တချို့ရာထူး လစ်လပ်တာတွေ စီစဉ်ဆောင်ရွက်တယ်ဆိုတာက လိုအပ်တဲ့ဟာတွေကို ရည်ရွယ်တာပါ။

ဒုတိယအချက်က ရခိုင်ပြည်နယ်မှာ ဆရာဝန်လစ်လပ်ဦးရေ များနေတယ်ဆိုတာ အားလုံးအသိပါ။ တနိုင်းလိုနေရာမျိုးမှာလည်း လစ်လပ်နေပါတယ်။ ကျွန်တော်တို့က ဒီလိုဆရာဝန်ဖြည့်တင်းခန့်ထားတဲ့အခါမှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရရဲ့ အစီအစဉ်နဲ့ သူ့တိုင်းဒေသကြီးထဲမှာ လစ်လပ်နေတဲ့ ဆရာဝန်ဦးရေကို လျှောက်လွှာခေါ်ယူ စိစစ်ရွေးချယ်ပြီးတော့မှ ခန့်လိုက်တယ်ဆိုပေမယ့် ဥပမာအားဖြင့် ရခိုင်ပြည်နယ်လိုဟာမျိုးကို လျှောက်ထားသူ နည်းတာတွေ့ရပါမယ်။ အဲဒီအခါကျတော့ ကျွန်တော်တို့က ဘယ်သူ့လွှတ်မလဲဆိုတဲ့ အပိုင်းတွေ စဉ်းစားစရာဖြစ်လာပါတယ်။ နောက်တစ်ခုက တပ်မတော်က **ကျွန်တော်တို့ ခေါ်ယူလိုက်တာက မိန်းကလေးမပါဘူး။ မိန်းကလေးကို အားမပေးတာ မဟုတ်ဘူး။ အခုရေဘေးဖြစ်တယ်။ မိန်းကလေးတွေ ဒီနွံတောထဲသွားတိုးဖို့ အဆင်မပြေနိုင်ပါဘူး။ မြန်မာ့ဓလေ့စရိုက်အနေနဲ့ကလည်း ရှိသေးတဲ့အခါကျတော့ တာဝန်ချတဲ့အပိုင်းမှာ အမျိုးသားကို ထားရတယ်။** အမျိုးသားတွေ တာဝန်ချပြန်တော့လည်း Training ဆိုတာတွေ လိုအပ်ပါတယ်။ ဒီနေ့ရင်းနှီးမြှုပ်နှံပြီး နက်ဖြန်သန်ဘက် ဆရာဝန်တစ်ယောက်ဖြစ်မယ်။ နက်ဖြန်သန်ဘက် သူနာပြုတစ်ယောက်ဖြစ်မယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ အရင်တုန်းက သားဖွားဆိုရင် (၁၈) လနဲ့ သင်တန်းပေးတယ်။ အခုကျွန်တော်တို့က အရည်အချင်းမြှင့်တင်ချင်လို့ (၂)နှစ်သင်တန်းဆိုပြီး ဖြစ်သွားပြီ။ အလားတူပဲ သူနာပြုကို (၃) နှစ် သင်တန်းပေးတယ်။ ပြီးရင် ဒီပလိုမာသူနာပြုဖြစ်သွားတယ်။ ကာလတစ်ခုကျော်ရင် ဝန်ထမ်းဖြစ်ပါက သူနာပြုသိပ္ပံဘွဲ့ကို ဖြေဆိုခွင့်ပေးတယ်။ ဒါပေမယ့် **တချို့နေရာတွေမှာ ဖွဲ့စည်းပုံချဲ့လိုက်တဲ့အခါမှာ လိုနေတာတွေရှိပါတယ်။ တချို့နေရာတွေမှာ လိုအပ်ချက်တွေ ဖြည့်ရမယ့် သဘောတွေရှိပါတယ်။ ချက်ချင်းလေ့ကျင့်မွေးထုတ်လို့မရပါဘူး။**

ကျွန်တော့်အနေနဲ့ တပ်မတော်ကခေါ်ယူပြီး တာဝန်ပေးတဲ့နေရာမှာ အမျိုးသား ၁၄ ယောက်ဖြစ်ပါတယ်။ ဆရာဝန် ကိုးယောက်၊ စီမံကိစ္စရပ်တွေ ကူညီပံ့ပိုးနိုင်သူ ငါးယောက်ပါဝင်ပြီး ဗိုလ်ကြီး၊ ဗိုလ်မှူး၊ ဒုတိယဗိုလ်မှူးကြီးတွေ ဖြစ်ပါတယ်။ သူတို့က ကွပ်ကဲဖို့မဟုတ်ပါဘူး။ အဲဒါကလည်း လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ခဲ့တာဖြစ်ပြီး ဇူလိုင်လကတည်းက အမိန့်ကြော်ငြာစာများနဲ့ ပြောင်းရွှေ့ခန့်ထားခဲ့တာပါ။

တပ်မတော်က ပြောင်းရွှေ့ခန့်ထားတဲ့ ဆရာဝန်ကိုးဦးမှာ တော်ဝင်ကောလိပ်သမားတော်ဘွဲ့ရ(MBBS, M.Med.Sc, MRCP) ခုနစ်ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ (MBBS, M.Med.Sc) ခုနစ်ဦး၊ ဆေးပညာဘွဲ့ (MBBS) တစ်ဦး၊ သိပ္ပံဘွဲ့ သုံးဦး၊ ဝိဇ္ဇာဘွဲ့ နှစ်ဦးဖြစ်ပြီး သူတို့ရရှိခဲ့တဲ့ဘွဲ့၊ စွမ်းဆောင်ခဲ့မှုအပေါ် မူတည်ပြီး ဒုတိယညွှန်ကြားရေးမှူး၊ အထူးကုဆရာဝန် (ဆေးပညာ)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ လက်ထောက်ကထိက၊ လက်ထောက်ဆရာဝန်၊ ဦးစီးအရာရှိ စတဲ့ ရာထူးနေရာများမှာသာလျှင် ခန့်ထားခဲ့တာဖြစ်ပါတယ်။ တာဝန်ပေးခံရတဲ့သူတွေကလည်း ကျွန်တော်တို့က တာဝန်ပေးချင်လို့ ခေါ်ယူခဲ့ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ဗဟို(ပြည်ထောင်စု)က ဆရာဝန်သစ်လွင် ခန့်ပေးလိုက်တာရှိသလို တိုင်းဒေသကြီး အစီအစဉ်နဲ့ ခန့်သော်လည်းပဲ တာဝန်ချထားရာဒေသမှာ အကြောင်းကြောင်းနဲ့ အလုပ်မဝင်တာတွေလည်းပဲ ရှိပါတယ်။ ဒါကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်အရ လစ်လပ်နေရာမူတည် ခန့်ထားခွင့်ပြုခဲ့ပါတယ်။ **ယခင်က နိုင်ငံ့ဝန်ထမ်းအဖြစ် သုံးနှစ်ပြည့်တာဝန်မထမ်းဆောင်ပါက ဆေးကုသခွင့်လိုင်စင် ဆ/မ သိမ်းတယ်လို့ အများက သိခဲ့တယ်။ အခုအစိုးရလက်ထက်မှာ ဖြေလျှော့ပြီး လုပ်ပေးနေတာတွေရှိပါတယ်။**

နောက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတွေမှာ မူဝါဒရည်မှန်းချက်နဲ့ သွားရတာပါ။ ကျန်းမာရေးဝန်ကြီးဌာနက ခေါ်တယ်ဆိုတဲ့ သစ်လွင်ဆရာဝန် ၄၉၈ ဦးသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့က လျှောက်လွှာခေါ်ပြီးသားပါ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တရားဝင်သတင်းစာထဲမှာ ဇူလိုင် ၃ ရက်က ခေါ်ခဲ့တာပါ။ ဒီလိုခန့်ထားတဲ့အခါမှာလည်း ခွင့်ပြုရန်ပုံငွေမရှိဘဲနဲ့ လုပ်လို့မရဘူး။

အလားတူပဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်များကလည်း ခေါ်ယူလျက်ရှိပါတယ်။ မနေ့ကဆိုရင် စစ်ကိုင်းတိုင်းဒေသကြီးမှာ ညှိနှိုင်းခွင့်ပြုချက်နဲ့ လက်ထောက်ဆရာဝန် ၈၅ နေရာအတွက် လူတွေ့စတင်စစ်ဆေးနေပါတယ်။ ဒီနေ့အထိ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစီအစဉ်နဲ့ ခန့်ထားပြီးတာဆိုရင် လက်ထောက်ဆရာဝန်က ကျား ၂၆၃ ဦး၊ မ ၁၇၅ ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန်ဆိုရင် ကျား ၂၇ ဦး၊ မ ၂၇ ဦး ခန့်ပြီးဖြစ်ပါတယ်။ အခုမကြာခင်ရက်ပိုင်းမှာ နေပြည်တော်ကောင်စီနယ်မြေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ ညှိနှိုင်းစိစစ်ရွေးချယ်ပြီးတော့ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှာ သင်တန်းတက်ရောက်လျက်ရှိသော လက်ထောက်ဆရာဝန် ကျား ၃၉၀၊ မ ၂၆၂ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် ကျား ၆၁ ဦး၊ မ ၂၇ ဦးတို့ဟာ မကြာခင်ရက်ပိုင်းအတွင်း သင်တန်းဆင်းတော့မှာဖြစ်တဲ့အတွက် ဆက်လက်ခန့်ထားပါမယ်။ ဒါပေမယ့် မလောက်သေးဘူး။ နောက်ထပ် ၁၀၀၀ ခန့်ထားဖို့စီစဉ်နေပါတယ်။

ကျွန်တော်တို့အနေနဲ့ ကိုယ်ရောက်တဲ့နေရာ၊ ကိုယ်တာဝန်ထမ်းဆောင်တဲ့နေရာ ဖွံ့ဖြိုးတိုးတက်မှုကိုပဲ သွားချင်တာပါ။ အခြားသူတွေမှာလည်း ဒီစိတ်ရှိတယ်လို့လည်း ယုံကြည်ပါတယ်။ အခုဖြစ်ပေါ်နေတဲ့ ကောလာဟလသတင်းတွေမှာလည်း စိုးရိမ်သောကတွေ ဖြစ်ချင်ဖြစ်မှာပါ။ ပြည်သူ့ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အကြံပြုလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၁၁၁၅၉ နဲ့ ၀၉-၈၆၀၁၁၅၁ကို ဆက်သွယ်ပေးပို့နိုင်ပါတယ်။ ဒါကြောင့် အကြံဉာဏ်ပေးလိုတာပဲဖြစ်ဖြစ် သိရှိလိုတာ၊ မေးမြန်းချင်တာပဲဖြစ်ဖြစ် ဆက်သွယ်နိုင်ပါတယ်။

သတင်းစဉ်သတင်းအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ လမ်း၊ တံတားများ ပျက်စီးမှုအား ပြန်လည်ပြုပြင်

**နေပြည်တော်　ဩဂုတ်　၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးလွင်ပြင်တွင် ရေကြီးနစ်မြုပ်သွားသော လမ်း၊ တံတားများနှင့် ချင်းပြည်နယ်တောင်ပေါ်ဒေသလမ်းများတောင်ပြိုပြီး လမ်း၊ တံတားများ ပိတ်ဆို့ပျက်စီးနေမှုတို့အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် အင်ဂျင်နီယာချုပ်များအား အနီးကပ်ကြီးကြပ်လျက် မြို့နယ်၊ ခရိုင်နှင့် လမ်း၊ တံတားအထူးအဖွဲ့များဖြင့် စက်ယန္တရားများ၊ ကျွမ်းကျင်လုပ်သားများဖြင့် ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုလုပ်ငန်းများကို ဩဂုတ် ၇ ရက်မှ ၁၀ ရက်အထိ ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကလေး-ဂန့်ဂေါ လမ်းပြုပြင်နေမှုများကိုလည်းကောင်း၊ ကလေး-ကျီကုန်း-တမူးလမ်းပေါ်ရှိ နုန်းများ၊ ဒိုက်များ၊ သစ်ပင်ကြီးများအား စက်ယန္တရားများဖြင့် ရှင်းလင်းပြီးဖြစ်၍ မော်တော်ယာဉ်များ သွားလာအသုံးပြုမှု အခြေအနေကိုလည်းကောင်း၊ ကလေး-ကျီကုန်း-တမူးလမ်း အခြေအနေနှင့် တံတားအထူးအဖွဲ့များဖြင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရန် ယာယီလမ်းလွှဲပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တမူးလမ်းပေါ်ရှိ ပျက်စီးသွားသော တံတားများအား အမြန်ဆုံးပြုပြင်နိုင်ရေး လမ်းနှင့်တံတားအထူးအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင်အမှတ် (၃၄/၁ နှင့် ၃၄/၂)ကြားတွင် ဟားခါးမြို့သို့သွားရောက်သည့် ကယ်ဆယ်ရေးကားများ၊ ခရီးသည်ကားငယ်များအား သွားလာမှုအဆင်ပြေစေရန် စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖလမ်း-ဟားခါးလမ်းပိုင်းတွင် တောင်ပြိုကျ၍ လမ်းပိတ်ဆို့မှုတို့အား စက်ယန္တရားများဖြင့် ရှင်းလင်းပြီး လမ်းကြောင်းပွင့်သွားပြီဖြစ်၍ ကယ်ဆယ်ရေးကားများ၊ ခရီးသည်ကားငယ်များ သွားလာနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဟားခါး-ဂန့်ဂေါလမ်း မိုင်တိုင်အမှတ် (၂/၁နှင့်၂/၂)ကြား တောင်ပြိုနေမှုအခြေအနေနှင့် မိုင်တိုင်အမှတ်(၉/ဝနှင့်၉/၁)ကြား တောင်ပြိုနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပထမအဆင့် ကလေး-ဖလမ်း-ဟားခါးလမ်းပွင့်ပြီဖြစ်၍ ဒုတိယအဆင့်အဖြစ် ကလေး-ဂန့်ဂေါ လမ်းအသုံးပြုနိုင်ရေးဆောင်ရွက်ရန်၊ တတိယအဆင့်အနေဖြင့် ဂန့်ဂေါ-ဟားခါးလမ်းအား ယာယီပွင့်နိုင်ရန်တို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့နယ်၊ ခရိုင်၊ လမ်း/တံတား၊ အထူးအဖွဲ့များ၊ ကုမ္ပဏီများ၏ အင်အားဖြင့် ဆက်လက်ဆောင်ရွက်သွားရန်မှာကြားသည်။ **(သတင်းစဉ်)**





# ကလေး-ကလေးဝ ကားလမ်း မော်တော်ယာဉ်ငယ်လိုင်းများစတင်ပြေးဆွဲ

**ကလေး　ဩဂုတ်　၁၂**

ကလေးမြို့နယ်တွင် မြစ်သာမြစ်နှင့် နေရဉ္စရာမြစ်တို့ရေကြီးပြီး ဇူလိုင် ၂၈ နံနက်ပိုင်းမှစ၍ ကလေးဒေသတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ကလေး-ကလေးဝ ကားလမ်းရေကျော်ပြီး မော်တော်ယာဉ်များသွားလာ၍မရဘဲ ယခုအခါ ရေပြန်လည်ကျလာပြီဖြစ်သဖြင့် လမ်း၊ တံတားဦးစီးဌာနကလည်း လမ်းပျက်သည့် နေရာများအား အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ ရက်မှစ၍ ကလေး-ကလေးဝကားလမ်း မော်တော်ယာဉ်ငယ်လိုင်းများ စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

မော်တော်ယာဉ်ငယ်လိုင်းမောင်းနှင်သူတစ်ဦးက "တံတားတွေပျက်တာတော့မဟုတ်ဘူး။ လမ်းသား ပြိုကျပျက်စီးနေတာဖြစ်ပေမယ့် တာဝန်ရှိသူတွေက ယာဉ်ငယ်တွေသွားလို့ရအောင် ပြုပြင်ပေးနေပါတယ်။ ရွှံ့ထူတဲ့နေရာတွေမှာ ကျောက်ခဲတွေ ယာယီခင်းပြီးသွားကြပါတယ်။ ကားကြီးတွေကတော့ သွားလို့မရသေးပေမယ့် ကားလေးတွေကတော့ သွားလို့ရပါပြီ"ဟု ပြောသည်။

ကလေးမြို့ရေကြီးရေလျှံမှုကြောင့် ကလေး-ကလေးဝကားလမ်း တစ်လျှောက် ၁၁ နေရာတွင် လမ်းသားများပဲ့ကျခြင်း၊ တောင်ပြိုခြင်းများအား ယာယီမြေကာနံရံများ တည်ဆောက်လျက်ရှိသဖြင့် ယာဉ်ငယ်များ၊ ဂျစ်ကားများ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဇိုဟေဆာ(ကလေး)**

# ပွင့်ဖြူမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မြို့နယ်အတွင်းရှိနွားများကို ဆေးကုသမှုများဆောင်ရွက်

**ပွင့်ဖြူ　ဩဂုတ်　၁၂**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရေဘေးကျရောက်သည့်တောင်သူများ မွေးမြူထားသောနွားများအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကျေးရွာများသို့ သွားရောက်၍ ဆေးကုသမှုများကို စတင်ဆောင်ရွက်လျက်ရှိသည်။

ကုသမှုများပြုလုပ်ရာတွင် ရေထဲတွင် ငါးရက်ခန့်နေခဲ့ရသည့်အတွက် အအေးပတ်၍ဖျားနာခြင်း၊ အစာမစားရသည့်အတွက် အားအင်ကုန်ခန်းခြင်းများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းကုသ ဆောင်ရွက်လျက်ရှိသည်။ ကျန်ရှိကျေးရွာများကိုလည်း ဆက်လက်ကုသဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒေါက်တာအောင်လွင်ထံမှ သိရသည်။

မင်ရွာကျေးရွာဒေသခံတစ်ဦးက "အခုလို ကျေးရွာတွေကို လာရောက်ကုသပေးလျက်ရှိတဲ့ မွေးမြူရေးနဲ့ ကုသရေးအဖွဲ့တွေကို မင်းရွာကျေးရွာတောင်သူများကိုယ်စား ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **ဇော်ဇော်(မြို့သစ်)**

# ငါးသိုင်းချောင်းမြို့တွင် ရေဘေးကယ်ဆယ်ရေး အလှူခံဌာနဖွင့်လှစ်

**ငါးသိုင်းချောင်း ဩဂုတ် ၁၂**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့တွင် မြစ်ရေမြင့်တက်မှုကြောင့် ပြောင်းရွှေ့နေထိုင်ခဲ့ရသော ငဝန်မြစ်ကမ်းတစ်လျှောက် ရပ်ကွက်/ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများ၏ စားဝတ်နေရေး၊ ကျန်းမာရေးအစရှိသည့် လှူဒါန်းမှုများကို မြန်မာနိုင်ငံ နေရာအနှံ့အပြားမှ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၉ ရက်မှ စတင်၍ အကူအညီ လိုအပ်သောရပ်ကွက်/ကျေးရွာများသို့ အလှူရှင်ကိုယ်တိုင်လှူဒါန်းနိုင်ရန် အလှူခံဌာနဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဌာနတွင် ယနေ့အထိ အလှူရှင်အဖွဲ့ ၅၀ လာရောက်လှူဒါန်းပြီးဖြစ်ကာ အလှူရှင်တို့ ဆန္ဒရှိရာ ရပ်ကွက်/ ကျေးရွာများသို့ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းနိုင်ရန် ဆက်သွယ်သွားလာရေး၊ လုံခြုံရေး၊ စာရင်းဇယားများအား သက်ဆိုင်ရာရပ်/ကျေးရွာအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# ကလေးခရိုင်အတွင်း ရေကြီးနစ်မြုပ်၍ ပိတ်ထားသောကျောင်းများ ပြန်လည်ဖွင့်လှစ်

**ကလေး　ဩဂုတ်　၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း ဇူလိုင် ၂၈ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်၊ မြစ်သာမြစ်နှင့်နေရဉ္စရာမြစ်များ ရေကြီးရေလျှံမှုများဖြစ်ပွားကာ အခြေခံပညာအထက်တန်းကျောင်း ၁၄ ကျောင်းနှင့် အလယ်တန်းကျောင်း ၆၁ ကျောင်း၊ မူလတန်းကျောင်း ၃၆ ကျောင်း စုစုပေါင်း ၁၁၁ ကျောင်း ရေနစ်မြုပ်သဖြင့် စာသင်ကျောင်းများ ပိတ်ထားခဲ့ရသည်။

အဆိုပါ ပိတ်ထားသော ကလေး၊ ကလေးဝ၊ မင်းကင်းနှင့် တမူးမြို့နယ်တို့မှ စာသင်ကျောင်းများအား ပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းသားမိဘများ၊ ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ ပူးပေါင်းကာ တင်ကျန်သည့် နုန်းမြေများနှင့် စာသင်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ဩဂုတ် ၁၁ ရက်အထိ အထက်တန်းကျောင်း ၁၄ ကျောင်း၊ အလယ်တန်းကျောင်း ၅၆ ကျောင်းနှင့် မူလတန်းကျောင်း ၃၃ ကျောင်း စုစုပေါင်း ၁၀၃ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်သည်။

ယင်းကဲ့သို့ ကျောင်းများပြန်လည်ဖွင့်လှစ်ရာ၌ ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သော ကျောင်းသုံးစာရေးကိရိယာများဖြစ်သည့် ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံနှင့် ဘောပင်များကို ပညာရေးဝန်ကြီးဌာနက ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**



# မြန်မာတစ်နိုင်ငံလုံးတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသောဒေသများအား ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံများ

မြန်မာတစ်နိုင်ငံလုံးတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသော ဒေသများအား UN OCHA မှ ၁၀-၈-၂၀၁၅ ရက်နေ့တွင် ဖော်ပြထားမှု




Ref: UN OCHA

- ကြက်သွေးရင့်ရောင်မှာ လူဦးရေ ၂၅၀၀၀ အထက် ရေဘေးဒဏ်ခံနေရသောနေရာ
- ကြက်သွေးရောင်မှာ လူဦးရေ ၅၀၀၀ မှ ၂၅၀၀၀ ကြား ရေဘေးဒဏ် ခံနေရသောနေရာ
- ကြက်သွေးအနုရောင်မှာ လူဦးရေ ၁၀၀၀ မှ ၅၀၀၀ ကြား ရေဘေးဒဏ်ခံနေရသောနေရာ
- ကြက်သွေးအရော့ရောင် ပြထားသောနေရာများမှာ လူဦးရေ ၁၀၀၀ အောက် ရေဘေးဒဏ် ခံနေရသောနေရာ

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ ဟင်္သာတမြို့နယ်နှင့် ကျုံပျော်မြို့နယ်များအတွင်း ၆-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ




Ref: Myanmar Information Management Unit

- အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
- အပြာနုရောင်များသည် သာမန်အချိန်တွင် ရှိ ရေမျက်နှာပြင်ဧရိယာ

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် ဝါးခယ်မမြို့နယ်များအတွင်း ၆-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှု အခြေအနေပြ




Ref: Myanmar Information Management Unit

- အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
- အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိ ရေမျက်နှာပြင်ဧရိယာ

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့နယ်များအတွင်း ၆-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှု အခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ




Ref: Myanmar Information Management Unit

- အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
- အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိ ရေမျက်နှာပြင်ဧရိယာ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်း ၆-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှု အခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ




Ref: Myanmar Information Management Unit

- အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
- အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိ ရေမျက်နှာပြင်ဧရိယာ

မကွေးတိုင်းဒေသကြီး ချောက်၊ စလင်း၊ ပွင့်ဖြူနှင့် မင်းဘူး မြို့နယ်များအတွင်း ၆-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှု အခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ




Ref: Myanmar Information Management Unit

- အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
- အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိ ရေမျက်နှာပြင်ဧရိယာ

စာမျက်နှာ ၉ သို့

## ကူညီထောက်ပံ့မှုများ

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဇေယျာအောင်ထံသို့ ထိုင်းနိုင်ငံအခြေစိုက် PTT Group ကိုယ်စား PTTEPI Ltd. (Yangon Branch)၏ အထွေထွေမန်နေဂျာ Mr. Waranon Laprabang က မြန်မာနိုင်ငံရှိသဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီရန် တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၅ သိန်းနှင့် ညီမျှသော ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းမှုဖြင့် ယနေ့နံနက် ၁၀ နာရီတွင် လာရောက်ပေးအပ်လှူဒါန်းခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယခုလှူဒါန်းခဲ့သော ကယ်ဆယ်ရေးပစ္စည်းများနှင့် လှူဒါန်းငွေများအား ရေဘေးသင့်ပြည်သူများသို့ သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများမှတစ်ဆင့် ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# တိုက်ကြီး၊ မှော်ဘီမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် မိသားစုသုံးပစ္စည်းနှင့် မီးဖိုချောင်သုံးပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့ဝင်းနှင့် ရှစ်မြို့နယ်အဖွဲ့ဝင်တို့သည် ဩဂုတ် ၁၁ ရက်တွင် တိုက်ကြီးမြို့နယ်၊ မှော်ဘီမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများတွင် မိသားစုအသုံးအဆောင်ပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် ရေဒီယိုများ လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် ကယ်ဆယ်ရေးစခန်းများဖြစ်သည့် တိုက်ကြီးမြို့နယ် စိတ္တသုခမြို့ဦးကျောင်း၊ တေဇစက္ကီကျောင်း၊ သာသနာ့ဗိမာန်ကျောင်း၊ ရှမ်းကျောင်း၊ ပြည်ဇေတဝကကျောင်းများတွင် အဖျောက်၊ ကန်စွန်းချောင်း၊ ကြွေပုဂံ၊ အလယ်ရွာ၊ ရေပေါ်သောင်၊ အလည်ကင်ကျေးရွာ ရေဘေးသင့်ပြည်သူများ၊ မှော်ဘီမြို့နယ် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၂၃၇)ကျောင်းတွင် မြစ်ကျိုးအထက်/အောက်၊ အမှောက်ဝဲ၊ ဇီးတော၊ အထူးသောင်၊ ရိုးဝကျေးရွာ ရေဘေးသင့်ပြည်သူ ၈၆၆ ဦး၊ တိုက်ကြီးမြို့နယ်တွင် ဩဂုတ် ၄ ရက်မှ ၁၁ ရက်ထိ လှိုင်မြစ်ရေ ဝင်ရောက်မှုကြောင့် ကျေးရွာအုပ်စု ၂၅ စု၊ ကျေးရွာ ၁၂၃ ရွာ၊ အိမ်ခြေ ၁၂၀၂၂ အိမ်၊ အိမ်ထောင်စု ၁၂၇၃၃ စုတို့ကို လှူဒါန်းကြခြင်းဖြစ်သည်။

အဆိုပါ ရေဘေးသင့်ပြည်သူများကို မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် မိသားစု၊ ရှစ်မြို့နယ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာဥက္ကဋ္ဌများ၊ ခရိုင်ပြန်/ဆက်တို့က မိသားစုသုံးပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ ရေဒီယိုများ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၆၂၀၅၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ဝင်းမင်း)**



# ညောင်ဦးတွင် ရေဘေးသင့်ပြည်သူများကို အလှူရှင်များက နွားစာရိက္ခာများ လာရောက်လှူဒါန်း

**ညောင်ဦး ဩဂုတ် ၁၂**

ညောင်ဦးတွင် ရေဘေးသင့်ကျေးရွာဖြစ်သည့် တောင်ဘီလယ်ယားကျေးရွာအုပ်စု ဆယ်လံကျွန်းကျေးရွာရှိ ဒေသခံပြည်သူများမွေးမြူထားသည့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် လိုအပ်သည့် နွားစာရိက္ခာများ အဆင်ပြေစေရန် ရည်ရွယ်၍ ဩဂုတ် ၁၁ ရက်က တောင်ကြီးမြို့ ရွှေမန်းကား ဂိတ်ယာဉ်အသင်းမှ စုပေါင်း၍ နွားစာများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ တောင်ကြီးမြို့ ရွှေမန်းကား ဂိတ်ယာဉ်အသင်းမှ ဆယ်လံကျွန်းကျေးရွာရေဘေးသင့်ပြည်သူများ၏ ကျွဲ၊ နွားတိရစ္ဆာန်များအတွက် နွားစာများလာရောက်လှူဒါန်းပေးရာတွင် ပြောင်းရိုးအစို အထုံး ၅၈ ထုံးနှင့် ပြောင်းရိုးအခြောက်စဉ်းပြီးအိတ် ၃၉ အိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။ ဆယ်လံကျွန်းကျေးရွာနေ နွားရှိလူဦးရေ ၁၂၇ ဦးတို့အား သုံးဦးလျှင် တိရစ္ဆာန်အစာပြောင်းရိုးအခြောက်အိတ် တစ်အိတ်နှုန်းနှင့် နှစ်ဦးလျှင် ပြောင်းရိုး အစိုထုံး တစ်ထုံးခွဲဝေပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးရွာရေဘေးသင့် ပြည်သူတွေအတွက် ယခုလို အလှူရှင်တွေက စုပေါင်းပြီး တတ်နိုင်သမျှ လာရောက်လှူဒါန်းပေးတာကို ကျေးဇူးတင်လို့ မဆုံးပါဘူးဗျာ။ စားနပ်ရိက္ခာတွေ ဆိုရင်လည်း နယ်တကာက လာရောက်လှူဒါန်းကြတယ်။ ဒုက္ခရောက်နေတဲ့အချိန် လာရောက်လှူဒါန်းလို့စေတနာရှင်တွေကိုလည်း ကျန်းမာ၊ ချမ်းသာပါစေလို့ ဆုတောင်းပေးနေပါတယ်"ဟု ဆယ်လံကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။ **ရဲဝင်းနိုင်(ပြန်/ဆက်)**

●စာမျက်နှာ ၈ မှ

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်၊ ရွှေကျင်၊ ဒိုက်ဦးနှင့် ဝေါ မြို့နယ်များအတွင်း ၆-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှု အခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ




Ref: Myanmar Information Management Unit

- အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
- အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိ ရေမျက်နှာပြင်ဧရိယာ

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်နှင့် ဇလွန်မြို့နယ်များအတွင်း ၆-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ




Ref: Myanmar Information Management Unit

- အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
- အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိ ရေမျက်နှာပြင်ဧရိယာ

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၊ မြန်အောင်မြို့နယ်နှင့် ဟင်္သာတမြို့နယ်အတွင်း ၆-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှု အခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ




Ref: Myanmar Information Management Unit

- အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
- အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိ ရေမျက်နှာပြင်ဧရိယာ

# ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ရေဘေးသင့်ဒေသများသို့ ဆက်လက်ပို့ဆောင်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

ပြည်ထောင်စုအစိုးရအဖွဲ့နှင့် 4TV နွေးထွေးသော ကမ်းလက်များအစီအစဉ်တို့မှ ထောက်ပံ့လှူဒါန်းမည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

အဆိုပါပစ္စည်းများအား ရေဘေးသင့်ဒေသများသို့ စဉ်ဆက်မပြတ် တင်ပို့လျက်ရှိရာ ဩဂုတ် ၁၁ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ လှူဒါန်းသော လူငါးဦးပါ မိသားစုတစ်စုအတွက် ထောက်ပံ့ပစ္စည်း ၃၆ မျိုးပါ ပလတ်စတစ်ပုံးကြီး ၂၀၀၀ ကို နေပြည်တော်မှ ချင်းပြည်နယ် ဟားခါးမြို့သို့ ယာဉ်ကြီးခုနစ်စီးဖြင့် လည်းကောင်း၊ ဩဂုတ် ၁၂ရက်တွင် နေပြည်တော်မှ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့သို့ ပလတ်စတစ်ပုံးကြီး ၁၀၀၀ ကို ၁၂ ဘီးယာဉ်ကြီး နှစ်စီးဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် တမူးမြို့ကြားရှိ ရွာများသို့ ပလတ်စတစ်ပုံးကြီး ၁၀၀၀ ကို ယာဉ်ကြီးငါးစီးဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ် မင်းပြားမြို့နှင့် မြောက်ဦးမြို့များသို့ ပလတ်စတစ်ပုံးကြီး ၁၀၀၀ ကို ၁၂ ဘီးယာဉ်ကြီး နှစ်စီးဖြင့်လည်းကောင်း ထောက်ပံ့ပို့ဆောင်ပေးလျက်ရှိကြောင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ဩဂုတ် ၁၁ ရက် ညနေပိုင်းတွင် မြောက်ဦးမြို့ ရေဘေးကယ်ဆယ်ရေးကြီးကြပ်ရေးရုံးသို့ နေလသစ္စာဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးကျောက်တောင် မိသားစုမှ လှူဒါန်းသော ပစ္စည်းများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လုပ်အားပေးပြည်သူများ ဝိုင်းဝန်းလုပ်အားပေးသယ်ချပေးနေစဉ်။ (ငွေအောင်)



# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၁၂**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများသို့ ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ပေးပို့ထောက်ပံ့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်း၊ကမ္ဘောဇလေကြောင်းတို့မှ ခေါက်ရေသုံးခေါက်ဖြင့် ဆန်အိတ်၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ စားသောက်ကုန်၊ ကယ်ဆယ်ရေးပစ္စည်းနှင့် အသက်ကယ်အင်္ကျီများကို ပေးပို့ခဲ့သည်။

ထို့ပြင် ဩစတြေးလျနိုင်ငံအစိုးရမှ လှူဒါန်းသည့် မိသားစုသုံးပစ္စည်းများနှင့် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးစင်တာမှ လှူဒါန်းသည့် တာပေါ်လင်၊ စက်တပ်အလူမီနီယံစက်လှေ၊ ခြင်ထောင်နှင့် ရေပုံးစသည့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်လာသော ဩစတြေးလျလေတပ်မှ C-17 လေယာဉ်သည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါ ပစ္စည်းများအနက် ဩစတြေးလျနိုင်ငံ အစိုးရမှ လှူဒါန်းသည့် မိသားစုသုံးပစ္စည်းများကို World Vision သို့လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပြီး အာဆီယံပေါင်းစပ်ညှိနှိုင်းရေးစင်တာမှ လှူဒါန်းသည့် ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သာပေါင်းမြို့ ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းများအရောက် သွားရောက်လှူဒါန်း

**သာပေါင်း ဩဂုတ် ၁၂**

သာပေါင်းမြို့ ရေကြီးရေလျှံမှုကြောင့် မြို့ပေါ်ရပ်ကွက် သုံးခုနှင့် ကျေးရွာ ၂၆၄ ရွာကျော် ရေကြီးနစ်မြုပ်မှုခံနေရသော ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်း ၃၇ ခု ဖွင့်လှစ်ထားရာ စခန်းများအရောက် သွားရောက်လှူဒါန်းကြသော သီတဂူဆရာတော် ရေဘေးကယ်ဆယ်ရေးအဖွဲ့၊ လူငယ်လူမှုသဟဇာတဖြစ်ရေး အဖွဲ့၊ ပီတိပုသိမ်အဖွဲ့၊ ကရုဏာလူမှုကူညီရေးအသင်းအဖွဲ့၊ ချောင်းသာဒေါနတောင်ဆရာတော် ရှင်ဝိဝေက၊ စကားဝါတောင်ဆရာတော် ဦးတေဇနိရနှင့် ချောင်းသာရွာသားများ ရေဘေးကူညီထောက်ပံ့ရေးအဖွဲ့၊ ကမ်းလှမ်းမဲ့သူများ ပုသိမ်၊ အာရှအလင်းတန်း၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ပုသိမ်(၁၅) ရပ်ကွက် အောင်ရတနာ၊ မြတ်သဒ္ဓါ သဘာဝဘေးနှင့် အရေးပေါ်လူမှုကူညီရေးအဖွဲ့တို့မှ ဆန်၊ ရေသန့်ဆေး၊ ရေသန့်စင်စက်၊ ခေါက်ဆွဲခြောက်၊ အဝတ်ထုပ်များ၊ ဆပ်ပြာ၊ ဗောကွင်းများ၊ ဘီစကွတ်များ၊ ဆိုလာခဲတ်မီး၊ ဆား၊ ကြက်သွန်၊ အခြားထောက်ပံ့ပစ္စည်းအမျိုးမျိုးတို့အား လှူဒါန်းကြသည်။ ရေဘေးသင့်ပြည်သူများအား အလှူရှင်များက အလှူပစ္စည်းများကို ဆက်လက်ပေးပို့လျက်ရှိကြောင်း သိရသည်။

**မျိုးဇော်ဦး(ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်ပျက်စီးရထားလမ်းပိုင်းများ ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာ့မီးရထား တိုင်းအမှတ် (၁၀)၊ ပခုက္ကူ - ဂန့်ဂေါ - ကလေးလမ်းပိုင်း၊ ဂန့်ဂေါ- မြင်းသာဘူတာကြား၊ မိုင် (၆၃၇/၁၀-၁၁) ကြား တံတားအမှတ် (၂၂)တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကလေးဘက်ခြမ်း စလက်အောက်အုတ်ခုံလဲ၍ စလက်အလျားကိုးပေ၊ အမြင့်လေးပေခန့် နိမ့်ကျွံမှုဖြစ်ပေါ်ခဲ့၍ ဂန့်ဂေါ-မြင်းသာလမ်းပိုင်းအား ဩဂုတ် ၁၁ ရက် ညနေ ၆ နာရီတွင် ပိတ်ထားခဲ့ကြောင်း သိရသည်။

တိုင်းအမှတ် (၉)၊သရက် - ဘုရားပေါ်လမ်းပိုင်း၊ ကံမ-ညောင်ကိုင်းလမ်းပိုင်းအား ဩဂုတ် ၁၁ ရက် ညနေ ၆ နာရီတွင် ပြန်လည်ဖွင့်လှစ်ပြီးဖြစ်သည်။

တိုင်းအမှတ် (၁၀)၊ ပခုက္ကူ-ဆိပ်ဖြူလမ်းပိုင်း၊ ဒေါင်းသာ-တန့်ကြည်တောင် ဘူတာကြားတွင် တာပေါင်ရေတိုက်စားခြင်း၊ ကျောက်တုံးပြိုကျခြင်း၊ သဲဖုံးခြင်း၊ ရေတိုက်စားခြင်းများကြောင့် ရထားဖြတ်သန်းမရသဖြင့် တန့်ကြည်တောင်--ဒေါင်းသာလမ်းပိုင်းကို ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီတွင် လမ်းပိုင်းပိတ်ထားခဲ့ပြီး အင်ဂျင်နီယာ (၂) (လုပ်ငန်း/ဆိပ်ဖြူ) နှင့် လုပ်သား ၂၀ အဖွဲ့မှ 91 RGC ဖြင့် ရှင်းလင်းခဲ့ပြီး အဆိုပါလမ်းပိုင်းအား ယင်းနေ့ ညနေ ၆ နာရီတွင် ပြန်လည်ဖွင့်လှစ်ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဟင်္သာတ၊ ဇလွန်နှင့် ငါးသိုင်းချောင်းမြို့နယ်များတွင် ရေကျသော်လည်း စိုးရိမ်ရေမှတ် ကျော်လွန်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့၏ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်နှင့် ငါးသိုင်းချောင်းမြို့နယ်၏ ငဝန်မြစ်စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ်လျော့နည်းကျဆင်းလျက်ရှိသော်လည်း မြို့အလိုက် သတ်မှတ်စိုးရိမ်ရေအမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်ရှိ ဧရာဝတီမြစ်၏ နေ့အလိုက်ရေမှတ်များ



ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်ရှိ ဧရာဝတီမြစ်၏ နေ့အလိုက်ရေမှတ်များ



ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်ရှိ ငဝန်မြစ်၏ နေ့အလိုက်ရေမှတ်များ



# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၉ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၈၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၉၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၄. ၈၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၁. ၇၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၁. ၇၀' |
| ၆။ | ကိုးပင်ကန် | ၉၇၆၄ | ၂. ၃၀' |
| ၇။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၀၀' |
| ၈။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၁. ၁၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂. ၀၅' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၁. ၁၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၃. ၇၀' |
| ၁၂။ | မြောက်ယမားရေကူရေ ရေလှောင်တမံ | ၁၂၂၉၀၀ | ၃. ၈၀' |
| ၁၃။ | ကန်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၂၀' |
| ၁၄။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၄၀' |
| ၁၅။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၆။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၂၀' |
| ၁၇။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၁၀' |
| ၁၈။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၂၀' |
| ၁၉။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၀. ၈၀' |
| ၂၀။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၂၁။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၇၀' |
| ၂၂။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၃၃' |
| ၂၃။ | စဉ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၁၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၄၀' |
| ၂၅။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၆၅' |
| ၂၆။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၆၀' |
| ၂၇။ | တောင်ယမားရေလှောင်တမံ | ၁၇၀၄၀ | ၀. ၅၀' |
| ၂၈။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၇၀' |
| ၂၉။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၅. ၉၀' |
| ၃၀။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၉၀' |
| ၃၁။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၅. ၉၀' |
| ၃၂။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၄၀' |
| ၃၃။ | လွန်ငင်ရေလှောင်တမံ | ၃၂၅ | ၀. ၁၀' |
| ၃၄။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၂၀' |
| ၃၅။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၄၀' |
| ၃၆။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၅၅' |
| ၃၇။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၄၀' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၄၀' |
| ၃၉။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၁. ၁၀' |

**(သတင်းစဉ်)**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများ ရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း ၂၀၁၅ ခုနှစ် ဩဂုတ် (၁၂)ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၇၅၉၉ | ၁၄၈၅၀ | ၁၀၀၉၅ | ၂၁၀၀ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၁၆ | ၇၄ | ၄၇ |
| ၅။ | ချင်းပြည်နယ် | ၃၉၂၇ | ၃၅၃၃ | ၃၅၉၀ | ၁၉၉၄ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၇၅၄၈ | ၁၈၁၉၄၈ | ၁၄၀၈၇၁ | ၁၀၀၇၁၁ | ၁၂၃၄၁ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၆၇၀ | ၂၇၅၃၃၀ | ၁၂၅၂၁၂ | ၄၅၁၄၄ | ၅၁ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၈၉၀၁၀ | ၉၆၈၄၆ | ၆၅၈၅၈ | ၇၀၈ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၀၃ | ၃၅၀၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၇၆၂၃၆ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၉၅၇၂၀ | ၅၁၁၆၅ | ၂၂၁၂၇ | ၃၇၆၄ | ၃၀ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၂၅၆၁ | ၁၁၉၈၁ | ၂၇၄၄ | ၁၅၉၈ | ၁၈၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၂၆၇၄၂၄ | ၉၁၈၁၂ | ၇၄၃၉၆ | ၅၃၅၈၁ | ၃၁၅ |
| | **စုစုပေါင်း** | **၁၃၈၀၈၈၆** | **၁၀၄၁၄၄၁** | **၇၅၇၀၆၆** | **၅၀၀၁၆၀** | **၉၂၀၁၉** |

## လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက် တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၁၂ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀၆ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၅ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၉၇ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ကိုးဦးတို့ တင်သွင်းခဲ့သည်။ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၂ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄၀၀၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၇၄၀၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၆၄၈ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄၄ ဦး စုစုပေါင်း ၄၉၃၂ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၈၄ ပါတီနှင့် တစ်သီးပုဂ္ဂလ ၁၉၃ ဦးတို့က အမည်စာရင်း တင်သွင်းခဲ့ကြကြောင်း သိရှိရသည်။ အမည်စာရင်းတင်သွင်းမှု အသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www. uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများတွင် ကုန်စျေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် အခြေခံစားသောက်ကုန်ဆိုင်များ ဖွင့်လှစ်သွားမည်

**နေပြည်တော် ဩဂုတ် ၁၂**

ရေဘေးသင့်ဒေသများတွင် ကုန်စျေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် အခြေခံစားသောက်ကုန်ဆိုင်များဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဩဂုတ် ၁၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အောင်ဆန်းခန်းမတွင် ပြုလုပ်သည့် ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်များအသင်းများနှင့် ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းတို့၏ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းပွဲမှသိရသည်။

“ရေဘေးသင့်ဒေသတွေမှာ ကုန်စျေးနှုန်းတွေမြင့်တက်သွားခြင်းမရှိအောင် ဆောင်ရွက်ပြီး ရောင်းချမယ့်အစီအစဉ်အတွက် ကျွန်တော်တို့အသင်းချုပ်အနေနဲ့ လာရောက်ရခြင်းဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးကို လက်ကားစျေးနှုန်းနဲ့၊ မှန်ကန်တဲ့စျေးနှုန်းနဲ့ ရောက်ရှိအောင် ဆောင်ရွက်သွားမယ်။ အောင်အောင်မြင်မြင် လုပ်နိုင်ဖို့ဆိုတာ ဗဟိုအဆင့်က လုပ်သလို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှာရှိတဲ့ ကုန်သည်တွေကလည်း ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ ပြည်သူတွေ ဘေးဒုက္ခရောက်နေတဲ့အချိန်မှာ တာဝန်ယူမှုရှိတဲ့ လုပ်ငန်းရှင်တွေဖြစ်အောင် ပြည်သူလူထုအတွက် မဖြစ်မနေလုပ်ပေးရမှာဖြစ်ပါတယ်”ဟု ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောသည်။

ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများဖြစ်သည့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပဲ၊ နှမ်းကုန်သည်များအသင်း၊ ကြက်သွန်ဖြူ ကြက်သွန်နီနှင့် မီးဖိုချောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့နှင့် ညှိနှိုင်းပြီး နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးရှိ ရေဘေးသင့်ဒေသများတွင် အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ပဲ၊ နှမ်း၊ ငရုတ်၊ ကြက်သွန်များကို သင့်တင့်မျှတသည့် စျေးနှုန်းဖြင့် ပြည်သူများ ဝယ်ယူသုံးစွဲနိုင်ရေး အထူးအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနိုင်ရေးအတွက် ဒေသဆိုင်ရာစီးပွားရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကုန်သည်/စက်မှုအသင်းချုပ်အနေဖြင့် ဩဂုတ် ၁၀ ရက်က ညီနောင်အသင်းများနှင့် ရန်ကုန်မြို့ရှိ ကုန်သည်/စက်မှုအသင်းချုပ်ရုံးတွင် တွေ့ဆုံခဲ့ပြီး အခြေခံကုန်ပစ္စည်းများကို သင့်တင့်သော စျေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ညှိနှိုင်းစည်းဝေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ကုန်သည်/စက်မှုအသင်းချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ညီနောင်အသင်းများက ကလေးမြို့ ရေဘေးသင့်ပြည်သူများအတွက် သိန်း ၇၀၀ ကျော်တန်ဖိုးရှိ ပစ္စည်းများလှူဒါန်းခဲ့ပြီး ဩဂုတ် ၈ ရက်ကလည်း ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင်အတွင်းရှိ ရေဘေးသင့်ဒေသများသို့ သွားရောက်၍ သိန်း ၁၃၀၀ ကျော်တန်ဖိုးရှိ စားသောက်ကုန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သီသီမင်း)**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ရေကြီးနစ်မြုပ်သည့်ကျေးရွာများတွင် ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ ဩဂုတ် ၁၁ ရက်ထိ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ တိုးတက်မှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် ပေါင်း | ကျေးရွာ ပေါင်း | တွင်းတိမ်/တွင်းနက်/ တိုကင်/လက်တူးတွင်း | | မိုးရေကန် | | အခြား | | ပေါင်း | | ခန့်မှန်း ကုန်ကျငွေ (ကျပ်သန်း) | ဆောင်ရွက် ဆဲ လုပ်ငန်း | ဆောင်ရွက် သင့်သည့် အစုအဖွဲ့ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ပြုပြင်ရန် | ပြုပြင်ပြီး | ပြုပြင်ရန် | ပြုပြင်ပြီး | ပြုပြင်ရန် | ပြုပြင်ပြီး | ပြုပြင်ရန် | ပြုပြင်ပြီး | | | | |
| ၁။ | ကချင် | ၁ | ၁ | | | | | ၁ | | ၁ | | ၀. ၅ | | | |
| ၂။ | ချင်း | ၅ | ၁၅ | | | | | ၁၅ | | ၁၅ | | ၂၂. ၅ | | | |
| ၃။ | စစ်ကိုင်း | ၇ | ၂၂၇ | ၁၈၄ | ၂ | ၁၀ | | ၃၉၄၄ | | ၄၁၃၈ | ၂ | ၂၆၈. ၀၁ | ၆ | ၈ ဖွဲ့ | |
| ၄။ | မကွေး | ၄ | ၂၉၀ | ၇၃၅၃ | ၁၈၂ | ၆၀ | | | | ၇၄၁၃ | ၁၈၂ | ၁၉၉. ၈၃ | | ၁၀ ဖွဲ့ | |
| ၅။ | မန္တလေး | ၂ | ၁၄ | ၁ | | | | ၁၃ | | ၁၄ | | ၂၄. ၃၉ | | | |
| ၆။ | ရခိုင် | ၉ | ၅၀၇ | | | ၅၀၇ | ၁၁ | | | ၅၀၇ | ၁၁ | ၃၈၀. ၂၅ | ၄၆ | ၇ ဖွဲ့ | |
| | **စုစုပေါင်း** | **၂၈** | **၁၀၅၄** | **၇၅၃၈** | **၁၈၄** | **၅၇၇** | **၁၁** | **၃၉၇၃** | | **၁၂၀၈၈** | **၁၉၅** | **၈၉၅. ၄၈** | **၅၂** | **၂၅ ဖွဲ့** | |

# လှူဒါန်းပစ္စည်းများအား အရေးတကြီးလိုအပ်သည့်နေရာများသို့ ချက်ချင်းပေးပို့ဖြန့်ဝေပေးသွားမည်

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံဖြစ်ပွားမှုများကြောင့် ရေနစ်မြုပ်ခဲ့သော အခြေခံပညာကျောင်းအချို့ ယာယီပိတ်ထားရပြီး ရေဘေးသင့်ကျောင်းများမှ ကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာနှင့် အလှူငွေများ လှူဒါန်းနိုင်ကြောင်း သတင်းစာများမှ တစ်ဆင့် အလှူရှင်များကို ဖိတ်ခေါ်လျက်ရှိသည်။

လှူဒါန်းလိုသူ မိဘပြည်သူများအနေဖြင့် ရေဘေးသင့်ကျောင်းသားကျောင်းသူများအတွက် စာအုပ်၊ ဘောလ်ပင်၊ ခဲတံ စသည့်စာရေးကိရိယာများနှင့် အလှူငွေများ လွယ်ကူစွာ လှူဒါန်းနိုင်ရန် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပူးပေါင်းလက်ခံသွားမည်ဖြစ်သည်။

အဆိုပါ အလှူငွေများကို မြန်မာ့စီးပွားရေးဘဏ်ရှိ သတ်မှတ်ငွေစာရင်းတွင်ပေးသွင်းပြီး ပစ္စည်းများကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် စာရင်းဇယားဖြင့် စနစ်တကျထိန်းသိမ်းထားရှိပြီး အရေးတကြီးလိုအပ်သည့် နေရာများသို့ ချက်ချင်းပေးပို့ဖြန့်ဝေပေးသွားမည် ဖြစ်သည်။

**(ပညာရေး)**



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ရေဘေးသင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များကို တာဝန်ရှိသူတစ်ဦးထံ ပေးအပ်နေစဉ်။

**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**သဘာဝဘေးဒဏ်ကြောင့် ပိတ်ထားရသည့် ကျောင်းများစာရင်းနှင့် ပြန်လည်ဖွင့်လှစ်သည့် ကျောင်းများစာရင်း**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၁၁-၈-၂၀၁၅ အထိ ပိတ်ထားရသည့်ကျောင်း | | | | ၁၂-၈-၂၀၁၅ ပိတ်ရသည့် ကျောင်း | | | | စုစုပေါင်းပိတ်ထားသည့်ကျောင်း | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထက်ဆင့် | လယ်ဆင့် | မူဆင့် | ပေါင်း | ထက်ဆင့် | လယ်ဆင့် | မူဆင့် | ပေါင်း | ထက်ဆင့် | လယ်ဆင့် | မူဆင့် | ပေါင်း |
| ၁ | ကချင်ပြည်နယ် | ၉ | ၉ | ၄၄ | ၆၂ | ၀ | ၀ | ၀ | ၀ | ၉ | ၉ | ၄၄ | ၆၂ |
| ၂ | ကရင်ပြည်နယ် | ၂ | ၇ | ၉၁ | ၁၀၀ | ၀ | ၀ | ၀ | ၀ | ၂ | ၇ | ၉၁ | ၁၀၀ |
| ၃ | ချင်းပြည်နယ် | ၇ | ၈ | ၃၆ | ၅၁ | ၀ | ၀ | ၀ | ၀ | ၇ | ၈ | ၃၆ | ၅၁ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၃ | ၂၃ | ၃၅၁ | ၃၈၇ | ၀ | ၀ | ၀ | ၀ | ၁၃ | ၂၃ | ၃၅၁ | ၃၈၇ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | ၁ | ၂ | ၃ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၆ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | ၁၄ | ၂၃ | ၁၈၂ | ၂၁၉ | ၀ | ၀ | ၀ | ၀ | ၁၄ | ၂၃ | ၁၈၂ | ၂၁၉ |
| ၇ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ၃၉ | ၁၁၄ | ၃၂၀ | ၄၇၃ | ၀ | ၀ | ၀ | ၀ | ၃၉ | ၁၁၄ | ၃၂၀ | ၄၇၃ |
| ၈ | မကွေးတိုင်းဒေသကြီး | ၃၈ | ၁၂၀ | ၃၂၅ | ၄၈၃ | ၀ | ၀ | ၀ | ၀ | ၃၈ | ၁၂၀ | ၃၂၅ | ၄၈၃ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆ | ၁၀ | ၆၇ | ၈၃ | ၀ | ၀ | ၀ | ၀ | ၆ | ၁၀ | ၆၇ | ၈၃ |
| ၁၀ | ရခိုင်ပြည်နယ် | ၁၃ | ၃၂ | ၆၈၃ | ၇၂၈ | ၀ | ၀ | ၀ | ၀ | ၁၃ | ၃၂ | ၆၈၃ | ၇၂၈ |
| ၁၁ | ရှမ်းပြည်နယ် (အရှေ့) | ၀ | ၁ | ၄ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၄ | ၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၂ | ၅၅ | ၁၅၂ | ၂၁၉ | ၀ | ၁ | ၃ | ၄ | ၁၂ | ၅၆ | ၁၅၅ | ၂၂၃ |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | ၆၈ | ၁၂၃ | ၈၈၃ | ၁၀၇၄ | ၁၈ | ၁၇ | ၁၅၅ | ၁၉၀ | ၈၆ | ၁၄၀ | ၁၀၃၈ | ၁၂၆၄ |
| ၁၄ | မွန်ပြည်နယ် | ၃ | ၄ | ၁၈ | ၂၅ | ၀ | ၀ | ၀ | ၀ | ၃ | ၄ | ၁၈ | ၂၅ |
| | စုစုပေါင်း | ၂၂၅ | ၅၃၁ | ၃၁၅၉ | ၃၉၁၅ | ၁၈ | ၁၈ | ၁၅၈ | ၁၉၄ | ၂၄၂ | ၅၄၇ | ၃၃၁၄ | ၄၁၀၃ |

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၁၁-၈-၂၀၁၅ အထိ ပြန်ဖွင့်သည့်ကျောင်း | | | | ၁၂-၈-၂၀၁၅ ပြန်ဖွင့်သည့်ကျောင်း | | | | စုစုပေါင်းပြန်ဖွင့်ပြီးကျောင်း | | | | ဖွင့်ရန်ကျန်သည့်ကျောင်း | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထက်ဆင့် | လယ်ဆင့် | မူဆင့် | ပေါင်း | ထက်ဆင့် | လယ်ဆင့် | မူဆင့် | ပေါင်း | ထက်ဆင့် | လယ်ဆင့် | မူဆင့် | ပေါင်း | ထက်ဆင့် | လယ်ဆင့် | မူဆင့် | ပေါင်း |
| ၁ | ကချင်ပြည်နယ် | ၉ | ၉ | ၄၄ | ၆၂ | ၀ | ၀ | ၀ | ၀ | ၉ | ၉ | ၄၄ | ၆၂ | ၀ | ၀ | ၀ | ၀ |
| ၂ | ကရင်ပြည်နယ် | ၂ | ၇ | ၉၁ | ၁၀၀ | ၀ | ၀ | ၀ | ၀ | ၂ | ၇ | ၉၁ | ၁၀၀ | ၀ | ၀ | ၀ | ၀ |
| ၃ | ချင်းပြည်နယ် | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၇ | ၈ | ၃၆ | ၅၁ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀ | ၂၀ | ၂၂၃ | ၂၅၃ | ၀ | ၁ | ၂၄ | ၂၅ | ၁၀ | ၂၁ | ၂၄၇ | ၂၇၈ | ၃ | ၂ | ၁၀၄ | ၁၀၉ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | ၁ | ၂ | ၃ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၆ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | ၄ | ၁၀ | ၄၉ | ၆၃ | ၁၀ | ၁၃ | ၁၁၇ | ၁၄၀ | ၁၄ | ၂၃ | ၁၆၆ | ၂၀၃ | ၀ | ၀ | ၁၆ | ၁၆ |
| ၇ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ၁၀ | ၁၄ | ၄၈ | ၇၂ | ၂ | ၅ | ၉ | ၁၆ | ၁၂ | ၁၉ | ၅၇ | ၈၈ | ၂၇ | ၉၅ | ၂၆၃ | ၃၈၅ |
| ၈ | မကွေးတိုင်းဒေသကြီး | ၆ | ၉ | ၄၈ | ၆၃ | ၈ | ၂၀ | ၂၅ | ၅၃ | ၁၄ | ၂၉ | ၇၃ | ၁၁၆ | ၂၄ | ၉၀ | ၂၅၂ | ၃၆၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၂ | ၂ | ၂ | ၆ | ၁ | ၀ | ၁၆ | ၁၇ | ၃ | ၂ | ၁၈ | ၂၃ | ၃ | ၈ | ၄၉ | ၆၀ |
| ၁၀ | ရခိုင်ပြည်နယ် | ၉ | ၃၀ | ၅၂၂ | ၅၆၁ | ၀ | ၁ | ၈၄ | ၈၅ | ၉ | ၃၁ | ၆၀၆ | ၆၄၆ | ၄ | ၁ | ၇၇ | ၈၂ |
| ၁၁ | ရှမ်းပြည်နယ် (အရှေ့) | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၂ | ၀ | ၁ | ၂ | ၃ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁၂ | ၅၆ | ၁၅၅ | ၂၂၃ |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၂ | ၄၈ | ၅၄ | ၀ | ၀ | ၀ | ၀ | ၄ | ၂ | ၄၈ | ၅၄ | ၈၂ | ၁၃၈ | ၉၉၀ | ၁၂၁၀ |
| ၁၄ | မွန်ပြည်နယ် | ၃ | ၄ | ၁၈ | ၂၅ | ၀ | ၀ | ၀ | ၀ | ၃ | ၄ | ၁၈ | ၂၅ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၆၀ | ၁၀၉ | ၁၀၉၈ | ၁၂၆၇ | ၂၁ | ၄၀ | ၂၇၅ | ၃၃၆ | ၈၀ | ၁၄၇ | ၁၃၇၀ | ၁၅၉၇ | ၁၆၂ | ၄၀၀ | ၁၉၄၄ | ၂၅၀၆ |

# မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များထံမှ အလှူပစ္စည်းများ လက်ခံရရှိ

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်တို့သို့ အလှူပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၂ရက်တွင် အဝတ်အထည်အိတ် ၂၀ အထည် ၃၀၀၀၊ ခေါက်ဆွဲခြောက် ၃၁ဖာ၊ ရေသန့် ၇၀၀၊ လူသုံးကုန် ၁၂ဖာ၊ စောင် ၁၁ထုပ်၊ စောင် အထည် ၃၆၀၊ မုန့်ခြောက် ခုနစ်ဖာ၊ ဆန် ၃၀၆အိတ်နှင့် ပဲအိတ် ၂၀တို့ကို လက်ခံရရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

**○ယူအီးအက်ဖ်အေမှ**

ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် မက်ဆီ၊ ဆွာရတ်ဇ်၊ အင်နီယေစတာ၊ ပီကေး၊ ပက်ဒရို စသည့် ကစားသမားကို ပါဝင်ပွဲထွက်ကစားစေခဲ့ပြီး သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် တစ်ဖက်လေးဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့ခြင်းကြောင့် အချိန်ပိုကစားခဲ့ရာ လူစားဝင်လာသည့် ပက်ဒရိုက ဘာစီလိုနာအသင်းအတွက် ပွဲကစားချိန် ၁၁၅ မိနစ်တွင် ဖလားရရှိရန်သေချာစေမည့် သွင်းဂိုးတစ်ဂိုးကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ခုနစ်မိနစ်နှင့် ၁၅ မိနစ်တို့တွင် မက်ဆီက နှစ်ဂိုး၊ ပွဲကစားချိန် ၄၄ မိနစ်တွင် ရာဖင်ဟာက တစ်ဂိုး၊ ပွဲကစားချိန် ၅၂ မိနစ်တွင် ဆွာရတ်ဇ်ကတစ်ဂိုး၊ ပွဲကစားချိန် ၁၁၅ မိနစ်တွင် ပက်ဒရိုကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့ကြပြီး ဆီဗီလာအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် သုံးမိနစ်တွင် ဘာနီဂါကတစ်ဂိုး၊ ပွဲကစားချိန် ၅၇ မိနစ်တွင် ရေးယက်စ်ကတစ်ဂိုး၊ ပွဲကစားချိန် ၇၂ မိနစ်တွင် ဂါမီရိုက ပင်နယ်တီသွင်းဂိုးတစ်ဂိုး၊ ပွဲကစားချိန် ၈၁ မိနစ်တွင် ကိုနိုပလန်ကာကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ဆီဗီလာအသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယူအီးအက်ဖ်အေ စူပါဖလားကို (၅)ကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့ရာ ယူအီးအက်ဖ်အေ စူပါဖလားကို (၅)ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့သည့် အေစီမီလန်အသင်းနှင့် ဆုဖလားရရှိမှုအကြိမ်ရေ တူသွားခဲ့ပြီဖြစ်သည်။

အသင်းလိုက် ယူအီးအက်ဖ်အေစူပါဖလားရရှိမှုသမိုင်းကို ပြန်ကြည့်မည်ဆိုပါက ဘာစီလိုနာအသင်းက (၅)ကြိမ်၊ အေစီမီလန်အသင်းက (၅)ကြိမ်၊ လီဗာပူးအသင်းက (၃)ကြိမ်၊ ရီးယဲလ်မက်ဒရစ်အသင်းက(၂)ကြိမ်၊ အေဂျက် အသင်းက(၂)ကြိမ်၊ အန်ဒါလက်ချ်အသင်းက (၂)ကြိမ်၊ ဂျူဗင်တပ်အသင်းက(၂)ကြိမ်၊ ဗလင်စီယာအသင်းက (၂)ကြိမ်၊ အက်သလက်တီကိုမက်ဒရစ်အသင်းက(၂)ကြိမ် စသည်ဖြင့် အသီးသီးရရှိထားကြသည်။

ဘာစီလိုနာအသင်းမှာမူ ၂၀၁၅ ခုနှစ်အတွင်း ချန်ပီယံလိဂ်ဖလား၊ လာလီဂါဖလားနှင့် စပိန်ကိုပါဒယ်ရေးဖလားတို့ကို ရယူဆွတ်ခူးထားနိုင်ခဲ့ပြီးလက်ရှိတွင်လည်း ယူအီးအက်ဖ်အေစူပါဖလားကို ရယူဆွတ်ခူးထားနိုင်ခဲ့ခြင်းကြောင့် တစ်နှစ်တာကာလအတွင်း ဆုဖလားလေးလုံးရယူဆွတ်ခူးနိုင်ခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ကိုလည်း စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။

**(နိုင်လင်းကြည်)**

**❒ကန်ဒေါ်လာမှ**

ယခုအခါ လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း အဆိုပါကုမ္ပဏီက ပြောကြားသည်။ ထားဝယ်အထူးစီးပွားရေးဇုန် ပထမအဆင့်တွင် ၂၇ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည့် စက်မှုဇုန်တစ်ခု ပါဝင်မည်ဖြစ်ပြီး ထားဝယ်မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့အနောက်မြောက်ဘက် ၁၁၉ ကီလိုမီတာအကွာရှိ ကန်ချနဘူရီပြည်နယ်ထိ ဆက်သွယ်မည့် ၁၃၈ ကီလိုမီတာရှိသော လမ်းမကြီးတစ်ခုဖောက်လုပ်မှုကို စတင်မည်ဖြစ်သည်။

**(သုတ)**

**✻ကျောဖုံးမှ**

မကွေးအသင်းတွင် အသင်းခေါင်းဆောင် စိုးမင်းနိုင် မှလွဲ၍ လူစုံပါဝင်ခဲ့သည်။ ရတနာပုံအသင်းမှာ အိမ်ကွင်း၌ ကစားရသော်လည်း ပွဲအစ၌ ကစားကွက်တည်မရဖြစ်နေ၍ ထိထိရောက်ရောက်တိုက်စစ်ဆင်နိုင်ခြင်းမရှိခဲ့ပေ။ ၃၅ မိနစ်တွင် မကွေးနောက်တန်းအမှားမှတစ်ဆင့် အောင်သူက အပိုင်ကန်သွင်းခဲ့သောကြောင့် ရတနာပုံအဖွင့်ဂိုး စရခဲ့သည်။ ဂိုးပေးရပြီး နှစ်မိနစ်အကြာမှာပင် မကွေးတိုက်စစ်မှူးဆယ်လာ ကြမ်းတမ်းစွာကစားခဲ့၍ တိုက်ရိုက်အနီကတ်ဖြင့်ထုတ်ပယ်ခံခဲ့ရပြီး ဂိုးထပ်ပေးခဲ့ရသည်။ မိနစ် ၄၀ တွင် မကွေးနောက်ခံလူ ဒီဂျမ်နှင့် ဂိုးသမားကျော်ဇင်ဖြိုးတို့ နားလည်မှုလွဲမှားရာမှ မာတူနာက ရတနာပုံအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ရတနာပုံအသင်းကသာ ပွဲကို စိုးမိုးထားခဲ့ပြီး တစ်ယောက်လျော့သွားသည့် မကွေးအသင်းမှာ ထင်သလောက်ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခြင်းမရှိတော့ပေ။ တိုက်စစ်မှူး မာတူနာက ၄၉၊ ၆၄ မိနစ်တွင် နှစ်ဂိုးထပ်မံသွင်းယူကာ ဟက်ထရစ်ရရှိခဲ့ပြီး ကျန်အနိုင်ဂိုးများကို ၅၉ မိနစ်တွင် ယွန်ဂျီဆောင်၊ ၆၆ မိနစ်တွင် အောင်သူတို့က သွင်းယူပေးခဲ့သည်။ ပွဲပြီးခါနီးတွင် မကွေး ပင်နယ်တီကန်ခွင့်ရသော်လည်း ဒီဂျမ် ဝင်အောင်မသွင်းနိုင်ခဲ့ပေ။

**(ယနေ့ပွဲ) ဆီမီးဖိုင်နယ်(၂) ပထမအကျော့**
**(သုဝဏ္ဏကွင်း)**
**ဧရာဝတီ - ရခိုင်**

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၁၂ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၂

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ရက်အထိ တိုင်းဒေသကြီး သုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၁၂ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့ရာ ရေဘေးသင့်အိမ်ထောင်စု ၂၉၀၄၃၃ စုမှ လူဦးရေ ၁၂၈၁၉၃၇ ဦး ရေဘေးသင့်ခဲ့ပြီး ၁၀၃ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၈၄၀၄၆၇၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၂၁၆၄၉၈၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၄၉၈၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၂၉၆၀၁၈၅၃၈ နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၈၈၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၆၀၃၆၅၁၁၈ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ

## ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၂-၈-၂၀၁၅)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| | ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့ထိ | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | ပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ | |
| | ဇူလိုင်လ(၁၆)ရက်နေ့မှ ဩဂုတ်လ (၁၂) ရက်နေ့ထိ | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၅ | ၃၉၆၁၉ | ၂၅၀၂၅၈ | ၁၁ | ၃၂၅၃၂၇၅၀ | - | ၁၇၅၀၀၀၀ | ၃၄၂၀၅၀၀ | ၈၀၀၀၀၀ | ၆၉၂၉၃၂၅၀ | |
| ၂ | ကချင်ပြည်နယ် | ၅၀ | ၁၁၄၅ | ၆၂၁၉ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃ | ရှမ်းပြည်နယ် | ၁၀၇ | ၁၄၆၂ | ၇၅၁၆ | ၉ | - | - | - | ၅၁၀၀၅၅၂ | ၅၀၀၀၀၀ | ၅၆၀၀၅၅၂ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၉၉ | ၃၄၈၅ | ၁၅၂၄၈ | ၁၁ | ၈၃၄၉၃၀၀ | ၁၆၂၀၀ | ၄၉၀၀၀၀၀ | ၂၆၁၁၁၂၄ | ၁၁၀၀၀၀၀ | ၄၀၄၇၆၆၂၄ | |
| ၅ | ချင်းပြည်နယ် | ၂၂၉၆ | ၂၈၆၁ | ၁၄၄၂၀ | ၄ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ | |
| ၆ | ရခိုင်ပြည်နယ် | ၁၀၄၈၃ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၀၄၀၃၆၉၄ | ၅၅၀၀၀၀၀ | ၇၅၉၀၃၆၉၄ | |
| ၇ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၅၂၃၀၂၀၀ | ၁၃၆၈၂၈၅၀ | - | - | - | ၁၈၉၁၃၀၅၀ | |
| ၈ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၇၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၁၂၅ | ၄၁၂၂၃ | ၁၆၁၅၈၄ | ၂ | - | - | - | ၂၈၈၂၉၈၂၀ | - | ၂၈၈၂၉၈၂၀ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၂၇၁၀ | ၆၃၇၄၄ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၂၄၀ | ၉၅၂၁၁ | ၃၇၉၄၈၅ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၃၇၀၉၅၇၈၀ | - | ၅၃၁၅၅၉၈၀ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၃၃၁၇ | ၁၂၂၇၇ | - | ၁၆၆၅၀ | - | - | ၁၅၄၆၃၂၆၀ | - | ၁၅၄၇၉၉၁၀ | |
| | ပေါင်း | ၁၆၁၇၃ | ၂၇၁၇၀၉ | ၁၂၆၇၀၂၆ | ၉၆ | ၈၀၄၉၉၄၀၀ | ၁၇၈၅၇၀၅၀ | ၁၀၉၅၅၀၀၀၀ | ၂၈၀၃၁၂၉၅၈ | ၈၁၀၀၀၀၀ | ၄၉၆၃၁၉၄၀၈ | |
| | ဇွန်၊ဇူလိုင်၊ဩဂုတ်လစုစုပေါင်း | ၁၆၅၇၈ | ၂၇၃၈၅၅ | ၁၂၈၁၉၃၇ | ၁၀၃ | ၈၄၀၄၆၇၅၀ | ၂၁၆၄၉၈၃၀ | ၁၄၉၈၅၀၀၀၀ | ၂၉၆၀၁၈၅၃၈ | ၈၈၀၀၀၀၀ | ၅၆၀၃၆၅၁၁၈ | |

## မြောက်ပိုင်းဒေသများတွင် မိုးပိုနေမည်

နေပြည်တော် ဩဂုတ် ၁၂

**ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်။** လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မချမ်းဘောမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ညောင်လေးပင်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ မိုင်းဆတ်မြို့တွင် ၁ ဒသမ ၅၄ လက်မနှင့် စဥ့်ကိုင်မြို့တွင် ၁ ဒသမ ၄၀ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မနက်ဖြန်ညနေထိခန့်မှန်းချက်။** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်။** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေထိခန့်မှန်းချက်။** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေထိခန့်မှန်းချက်။** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေထိ ခန့်မှန်းချက်။** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## ရေဘေးသင့်ပြည်သူများအား စိတ်-လူမှုဆက်ဆံရေးဆိုင်ရာ ထောက်ပံ့ကူညီမည်

ရန်ကုန် ဩဂုတ် ၁၂

မြန်မာနိုင်ငံအနှံ့ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးတွင် စိတ်-လူမှုဆက်ဆံရေးဆိုင်ရာ ထောက်ပံ့ကူညီမှု (Psycho Social Support) ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ယနေ့မွန်းလွဲ ၁ နာရီတွင် လမ်းမတော်မြို့နယ် (၉)လမ်း အမှတ်(၂၁)ရှိ မြန်မာနိုင်ငံစိတ်ပညာအသင်းရုံး၌ ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ စိတ်ပညာအသင်းနာယက ဦးတင်လှိုင်နှင့် နာယကများ၊ အသင်းဥက္ကဋ္ဌ ဦးစောဝေနှင့် အမှုဆောင်များ၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် စိတ်ပညာဌာနတို့မှ ပါမောက္ခ၊ ဌာနမှူးများနှင့် စိတ်ပညာဆရာ ဆရာမများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေးတွင် သွားရောက်ကြမည့် NGO အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များမှ စေတနာလုပ်အားရှင်များအား Psycho Social Support Training/workshop ကို တစ်ကြိမ်လျှင် သင်တန်းသား ၄၀ ဖြင့် အပတ်စဉ်(၁)ကို ဩဂုတ် ၁၇-၁၈၊ အပတ်စဉ်(၂)ကို ဩဂုတ် ၂၀-၂၁၊ အပတ်စဉ်(၃)ကို ဩဂုတ် ၂၄-၂၅၊ အပတ်စဉ်(၄)ကို ဩဂုတ် ၂၇-၂၈၊ အပတ်စဉ်(၅)ကို ဩဂုတ် ၃၁ ရက်-စက်တင်ဘာ ၁ ရက်၊ အပတ်စဉ်(၆)ကို စက်တင်ဘာ ၃-၄ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အသင်းရုံးတည်ရှိရာ လမ်းမတော်မြို့နယ် (၉)လမ်း၌ ပို့ချပေးမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာနီလာကြူ ဦးစီးပြီး ဆရာ ဆရာမများနှင့် စိတ်ပညာကျောင်းသားကျောင်းသူများသည် မြန်မာနိုင်ငံ စိတ်ပညာအသင်း၏ကြီးကြပ်မှုဖြင့် ရေဘေးသင့်ဒေသများသို့ ကွင်းဆင်း၍ Psycho Social Support ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အသေးစိတ်ကို အသင်းရုံး ဖုန်း ၀၁-၂၁၂၂၄၁၊ ၀၁-၂၁၂၂၄၃၊ ၀၁-၂၁၆၈၆၄၊ ၀၁-၂၁၆၂၆၁၊ ၀၉-၅၀၀၁၂၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၁၂

ကြည့်မြင်တိုင် ကန်သာယာကျောင်းတိုက် ချင်းဗုဒ္ဓသာသနာ့ ပါလကဩဝါဒါစရိယဆရာတော် ဦးကဝိန္ဒ ဦးဆောင်မှုဖြင့် ချင်းဗုဒ္ဓသာသနာ့ ပါလကလူငယ်အဖွဲ့ခွဲတို့က တတိယအကြိမ်ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ချင်းသမိုင်းနှင့်ယဉ်ကျေးမှုဆိုင်ရာ ပန်းချီပြပွဲပြုလုပ်ခြင်း၊ ချင်းရိုးရာပစ္စည်းရောင်းချခြင်းနှင့် မကွေးတိုင်းဒေသကြီး စေတုတ္တရာ ရေဘေးသင့်ပြည်သူများအား အလှူငွေကျပ် ၅၀၀၀၀၀ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်(၁)လမ်းထိပ်ရှိ မြန်မာ+သီရိလင်္ကာဓမ္မဗိမာန်၌ ကျင်းပခဲ့သည်။

**အေးသန်း(စိန်တုံးကြီး)**

# ယာဉ်စစ်ပိတ်ဆို့စစ်ဆေးမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်မှုကြောင့် သာကေတမြို့နယ်တွင် ရေမြောင်းအတွင်းမှ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် မှုခင်းကြိုတင်ကာကွယ်ရေးနှင့် ဒုစရိုက်များမဖြစ်ပွားစေရေးအတွက် စီမံချက်များချမှတ်ပြီး ခရိုင်အသီးသီး၌ နေ့ညလှည့်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်ခြင်း၊ ယာဉ်စစ်ပိတ်ဆို့ဆောင်ရွက်ခြင်း၊ မသင်္ကာဖွယ်စိမ်း စစ်ဆေးခြင်းများကို သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်များအတွင်းမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခြင်း၊ ဘေးအန္တရာယ်ဖြစ်စေသောတုတ်၊ ဓားလက်နက်များ သယ်ဆောင်လာကြောင်းတွေ့ရှိရသဖြင့် အရေးယူမှုများ ဆောင်ရွက်လျက်ရှိသည်။



ယင်းသို့ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၀ ရက် နံနက် ၂ နာရီခန့်က မရမ်းကုန်းမြို့မရဲစခန်းမှ ယာဉ်ပိတ်ဆို့ရှာဖွေစဉ် ယာဉ်အမှတ် 8B---လိုက်ထရပ်အဖြူရောင်ယာဉ်ပေါ်မှ ဘေးအန္တရာယ်ဖြစ်စေသော သစ်သားတုတ် သုံးချောင်းကိုလည်းကောင်း၊ လမ်းမတော်မြို့မရဲစခန်းမှ ယာဉ်ပိတ်ဆို့ရှာဖွေစဉ် BB----ပရိဘောက်ယာဉ်ပေါ် မှ သံတုတ်တစ်ချောင်း၊ 4E---ပရိဘောက်ယာဉ်ပေါ်မှ သံတုတ်တစ်ချောင်း၊ 9E--- ကိုရိုလာယာဉ်ပေါ်မှ သံတုတ်တစ်ချောင်း၊ 3C---ကိုရိုလာယာဉ်ပေါ်မှ သံတုတ်တစ်ချောင်းတို့ကို တွေ့ရှိရသဖြင့် တုတ်၊ ဓားသယ်ဆောင်လာသူများအား အသိပညာပေးဆွေးနွေးကာ ဝန်ခံလက်မှတ်ရေးထိုးဆောင်ရွက်ခဲ့သည်။

ယင်းအပြင် ဩဂုတ် ၁၁ရက် နံနက် ၁ နာရီခွဲခန့်တွင် တာမွေမြို့မရဲစခန်းမှ ယာဉ်ပိတ်ဆို့ရှာဖွေစဉ် 9E--Suzuki Swift ယာဉ်ပေါ်မှ WY စာတန်းပါ စိတ်ကြွဆေးပြား ၆၄ ပြားနှင့်မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် ယင်းနေ့ ည ၁၁ နာရီခန့်တွင် ဗိုလ်တထောင်မြို့မရဲစခန်းမှ ယာဉ်ပိတ်ဆို့ရှာဖွေရာ EE---PASSO ယာဉ်ပေါ်မှ ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့် ၁၃ ဂရမ်နှင့် WYစာတန်းပါ စိတ်ကြွဆေးပြား ၂၄ ပြားအားလည်းကောင်း၊ ဩဂုတ် ၁၂ ရက် နံနက် ၁ နာရီခွဲခန့်တွင် ဗဟန်းမြို့မရဲစခန်းမှ ယာဉ်စစ်ပိတ်ဆို့ရှာဖွေရာ 1H----TOYOTA WISH ယာဉ်ပေါ်မှ ဆေးခြောက်ရှစ်ဂရမ်ခန့်အားလည်းကောင်း၊ နံနက် ၂ နာရီခန့်တွင် တာမွေမြို့မရဲစခန်းမှ ယာဉ်ပိတ်ဆို့ ရှာဖွေစဉ် 6C----Royal Saloon ယာဉ်ပေါ်မှ WY စာတန်းပါစိတ်ကြွဆေးပြား ၁၂၀ နှင့် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်တွင် DD---- ပရိဘောက် ယာဉ်ပေါ်မှ WY စာတန်းပါ စိတ်ကြွဆေးပြား ၆၁ ပြားနှင့် မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများကိုလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သက်ဆိုင်ရာရဲစခန်းများတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့သည်။ ရဲတပ်ဖွဲ့မှ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဩဂုတ် ၁၂ ရက် နံနက် ၇ နာရီခန့်တွင် သာကေတမြို့နယ် ၇/ အနောက်ရပ်ကွက် ကျောက်စိမ်းလမ်းသွယ်အတွင်းရှိ ရေမြောင်းအတွင်း၌ စက္ကူကတ်ထူပုံးနှစ်ပုံးဖြင့် မသင်္ကာဖွယ်ပစ္စည်းများ စွန့်ပစ်ထားကြောင်း သတင်းရရှိခဲ့သဖြင့် သာကေတမြို့နယ် ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၎င်းစက္ကူပုံးနှစ်ပုံးအတွင်း၌ ပလတ်စတစ်ဖြင့် ထုပ်ပိုးထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၅၉၉၀၀၀၊ ဘိန်းဖြူအလေးချိန် ၃၅၀ ဂရမ်ရှိ ဘလောက်တုံး တစ်တုံးတို့ကို တွေ့ရှိခဲ့သည်။

ယင်းသို့ မူးယစ်ဆေးဝါးများတွေ့ရှိသိမ်းဆည်းရမိသဖြင့် သာကေတနယ်မြေရဲစခန်းက မယ(ပ)၆/၂၀၁၅၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ-၁၉(က)ဖြင့် အမှုဖွင့်လှစ်ကာ စုံစမ်း ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တောင်ငူမြို့ မိုင်တိုင်(၁၆၅/၇)(၈)ကြားတွင် မီးရထားနှစ်စင်း မျက်နှာချင်းဆိုင်တိုက်မိ

**တောင်ငူ ဩဂုတ် ၁၂**

တောင်ငူမြို့တွင် ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီ ၁၃ မိနစ်က မီးရထားကြေးနန်း မိုင်တိုင်အမှတ် (၁၆၅/၇) နှင့် (၈)အကြားတွင် မီးရထားစက်ခေါင်းအမှတ် ၁၀၄ RGC မီးရထားနှင့် ကြည့်မြင်တိုင်ဘူတာမှ သာစည်ဘူတာသို့သွားသော ရထားအမှတ် ၉၉၃ စက်ခေါင်းအမှတ် DF 1232 ကုန်တင်ရထားတို့ မျက်နှာချင်းဆိုင်တိုက်မိမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မီးရထားစက်ခေါင်းအမှတ် ၁၀၄ RGC မောင်း ဦးဝင်းနိုင်သည် မီးရထားစကြံ နံပါတ်(၁)ပလက်ဖောင်း(၁)လမ်းသို့ မကြာမီရောက်ရှိမည့် နေပြည်တော်-ရန်ကုန် (၃၂)အဆန် မီးရထားအားရှောင်ရန် နံပါတ်(၁) လမ်းမှ နံပါတ်(၃)လမ်းသို့ ကူးပြောင်းနေစဉ် ကြည့်မြင်တိုင်ဘူတာမှ သာစည်ဘူတာသို့သွားရန် ဦးထွန်းဝင်းနိုင်မောင်းသော မီးရထားအမှတ် ၉၉၃ စက်ခေါင်းအမှတ် DF 1232 ကုန်တင်မီးရထားနှင့် မျက်နှာချင်းဆိုင်ထိပ်တိုက်တိုက်မိမှုဖြစ်ပွားခဲ့သည်။

အဆိုပါတိုက်မိမှုကြောင့် ရန်ကုန်-မန္တလေးအဆန်လမ်းကို ၁၀ နာရီ ၁၅ မိနစ်တွင်ပိတ်ခဲ့ပြီး အစုန်လမ်းကို ၁၀ နာရီ ၁၆ မိနစ်တွင် ပိတ်ခဲ့သည်။ ထို့နောက် စက်ခေါင်းအမှတ် ၁၀၄ RGC ကို ကရိန်းဖြင့်မရွှေ့ခဲ့ကာ အစုန်လမ်းကို ၁၂ နာရီ ၁၁ မိနစ်တွင် ပြန်လည်ဖွင့်ပေးခဲ့ပြီး အဆန်လမ်းကို ၁၂ နာရီ ၄၆ မိနစ်တွင် ပြန်လည်ဖွင့်ပေးခဲ့သည်။ တိုက်မိမှုကြောင့် စက်ခေါင်းအမှတ် ၁၀၄ RGC ၏ ယာဘက်တံခါးဘေးတွင် အနည်းငယ်ချိုင့်ဝင်သွားခဲ့ခြင်းမှလွဲ၍ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## လားရှိုးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရွှေလီစစ်ဆင်ရေး (၂)စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၆ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုး-မိုင်းယော်သွားကားလမ်း နားဖကျေးရွာအဝင်ဆိုင်းဘုတ်အနီးတွင် မိုင်းယော်မှ လားရှိုးမြို့သို့ လှရွှေ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိသဖြင့် လှရွှေ (၃၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

## ခိုးယူလာသည့် ဆိုင်ကယ် လိုက်လံရောင်းချစဉ် ဖမ်းမိ

**မန္တလေး ဩဂုတ် ၁၂**

အမှတ်(၁၁)နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်မင်းထိုက်နှင့်အဖွဲ့သည် ဩဂုတ် ၈ ရက် ညနေ၃နာရီက နယ်မြေ သတင်းစုံစမ်းနေစဉ်ချမ်းမြသာစည်မြို့နယ်မြို့သစ်(၄)ရပ်ကွက် (၅၉)လမ်းနှင့်(၆၀)လမ်းကြား မနော်ဟရီလမ်းပေါ်တွင်ရဲမင်းနိုင်(ခ)ကိုရဲ (၂၀)နှစ် (ဆ)ရပ်ကွက်ချမ်းမြသာစည်မြို့နယ်နှင့် တစ်ရပ်ကွက်တည်းနေ ဇော်မင်းနိုင်(ခ)နှာကျိုး (၃၂)နှစ်ကုန်ထမ်းတို့နှစ်ဦးအား ရင်ဇင်း125 ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်မေးရာ ဩဂုတ်၇ရက် နံနက်၂နာရီက မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် ဂေါ်ဝန်ဆိပ်ကမ်းအနီးမှ ခိုးယူလာခြင်းဖြစ်ပြီး ဆိုင်ကယ်အား လိုက်လံ ရောင်းချစဉ် ဖမ်းဆီးခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သက်သေခံ ဆိုင်ကယ်အား သိမ်းဆည်းပြီး ရဲမင်းနိုင်(ခ)ကိုရဲနှင့် ဇော်မင်းနိုင်(ခ)နှာကျိုးတို့နှစ်ဦးအား အမှတ်(၇)နယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**



## လင်ခရူဇာယာဉ်ဘီးပေါက်ပြီးတိမ်းမှောက်၊ နှစ်ဦးသေဆုံး

**ရေတာရှည် ဩဂုတ် ၁၂**

ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်းတွင် လင်ခရူဇာယာဉ်တစ်စီး ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီ ၅၀ မိနစ်အချိန်ခန့်က ဘီးပေါက်ပြီးအရှိန်လွန်တိမ်းမှောက်သွားခဲ့ရာယာဉ်ပေါ်၌ စီးနင်းလိုက်ပါလာသော အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦးတို့ နေရာတွင်သေဆုံးကာ ယာဉ်မောင်းမှာ (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှနေပြည်တော်ဘက်သို့ သန်းဇော်ထွန်း (၃၇)နှစ် အမှတ်(၃၀) သစ်ခွလမ်း ရန်ကုန်မြို့နေသူမောင်းနှင်ပြီး အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး (စိစစ်ဆဲ)တို့လိုက်ပါလာသော 6E/----လင်ခရူဇာယာဉ်သည် ကားလမ်းမိုင်တိုင်အမှတ် ၁၄၉/၅နှင့် (၆)ကြားအရောက် ဘီးပေါက်သွားခဲ့ပြီးနောက် လမ်းလယ်ကျွန်းကိုဖြတ်ကာ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိတိမ်းမှောက်သွားခဲ့ပြီး အမျိုးသမီးဖြစ်သူမှာ ယာဉ်ပေါ်ကနေလွင့်စဉ်ကျခဲ့သည်။ ယာဉ်ပေါ်တွင်လိုက်ပါလာသော အမျိုးသားနှင့်အမျိုးသမီးတို့နှစ်ဦးစလုံးရရှိသည့် ဒဏ်ရာများဖြင့်ပွဲချင်းပြီးသေဆုံးကာ ယာဉ်မောင်း သန်းဇော်ထွန်းမှာလည်း(စိုးရိမ်ရ)ဒဏ်ရာများရရှိသွားခဲ့၍ တောင်ငူဆေးရုံကြီးသို့ အရေးပေါ်တင်ပို့ပေးခဲ့ပြီးဖြစ်စဉ်အား ဇီးပင်သာ အမြန်လမ်းရဲစခန်းမှ သိရသည်။

**ကိုလွင်(ဆွာ)**

## အငှားယာဉ်မောင်းကို ပုလင်းကွဲနှင့်ထောက်၍ ငွေနှင့်ပစ္စည်းလုယူသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၀ ရက်က စက်မှုဇုန်(၁) ယောက်ကော်ဘုရားလမ်းတွင် ကင်းပုန်းဝပ်စောင့်ဆိုင်းနေစဉ် နံနက် ၃ နာရီခွဲခန့်က အဆိုပါလမ်းအတွင်း CALDINA အငှားယာဉ်တစ်စီးမှာ ရပ်တန့်နေသဖြင့် စောင့်ကြည့်ခဲ့ရာ ယာဉ်နောက်ခန်းတွင်ထိုင်နေသူ နှစ်ဦးအနက် တစ်ဦးက ယာဉ်မောင်း၏လည်ပင်းအား ပုလင်းကွဲနှင့် ထောက်၍ ဆံပင်အားဆွဲပြီး ဖုန်းနှင့်ငွေများတောင်းကာ ယာဉ်ပေါ်မှ ဆင်းလာသည်ကို တွေ့ရှိရ၍ ဝိုင်းဝန်းဖမ်းဆီးစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ယာဉ်မောင်းမှာ သဃ်န်းကျွန်းမြို့နယ် စီမံကိန်း(၂) ရပ်ကွက်နေ အောင်ကိုကို(၂၆)နှစ်ဖြစ်ပြီး ဖုန်းနှင့်ငွေများကို လုယူသူများမှာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ အေးကို(၂၃)နှစ်နှင့် ကွမ်းခြံကုန်းမြို့နယ် ကျုံခတ်ကုန်းသီးရွာနေ ရဲမင်းထွန်း(၃၂)နှစ်တို့ဖြစ်ကြောင်း၊ အောင်ကိုကို မောင်းနှင်သည့်ယာဉ်အား မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမီးပွိုင့်အနီးမှ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံတံတားသို့ ငှားရမ်းခဲ့ကြောင်း၊ လမ်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သို့ ယာဉ်အား မောင်းနှင်ခိုင်းပြီး အခင်းဖြစ်နေရာ အရောက် ယာဉ်ကိုရပ်ခိုင်းကာ အောင်ကိုကိုထံမှ ငွေကျပ် ၈၃၀၀၀နှင့်နံပါတ်ပါ လက်ကိုင်ဖုန်းတစ်လုံးတို့အား လုယူခဲ့ကြောင်း သိရှိရသဖြင့် အေးကိုနှင့် ရဲမင်းထွန်းတို့အား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

## မီးကြိုးများလဲစဉ် မီးတိုင်လဲကျကာပိမိ၍ သေဆုံး

**ထီးလင်း ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်၌ ဩဂုတ်၁၀ ရက်က လူတစ်ဦး ဓာတ်တိုင်ပိ၍သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထီးလင်းမြို့နယ် လောင်ဘိုကြီးရွာနေ ဦးသန်းမောင် (၅၉) နှစ်သည် ဩဂုတ် ၉ရက် ညနေ ၄ နာရီခွဲခန့်တွင် ရွာသားများနှင့်အတူ ကျေးရွာပိုင်မီးစက်ဖြင့် ဓာတ်အားလိုင်းများမှ မီးကြိုးအဟောင်းများ လဲလှယ်ရန် အရှည် ၁၅ပေ၊ လုံးပတ်နှစ်ပေခန့်ရှိ ရှားသားမီးတိုင်အားတက်၍ မီးကြိုးများလဲစဉ် မိုးရွာသွန်းမှုကြောင့် မီးတိုင်လဲကျကာ ဦးသန်းမောင်မှာ ဓာတ်တိုင်ပိမိပြီး ဒဏ်ရာရရှိ၍ ဆေးရုံသို့ပို့စဉ် လမ်းတွင် သေဆုံးကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

### အမည်မှန်

ရွှေကျင်မြို့၊ ရှမ်းကုန်းကြေးနန်းတန်းရပ်ကွက်နေ ဦးထွန်းတင်၏ သမီး မသန္တာထွန်း၏ အမည်မှန်မှာ မသန္တာဝင်း၊၇/ရကန(နိုင်)၀၃၈၄၆၂ဖြစ်ပါသည်။

HTOO Car Rental
ခရီး အနီး၊အဝေး အငှားလိုက်သည်။
အချိန်ပိုင်း၊ လချုပ်ငှားသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
PH: 0973053123, 09799990823

## ကျောင်းကုန်းမြို့တွင် နေ့စဉ်နှင့်အမျှ ရေမြင့်တက်လျက်ရှိ

**ကျောက်ကုန်း ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် နေ့စဉ်နှင့်အမျှ ရေမြင့်တက်လျက်ရှိရာ ဩဂုတ် ၁၀ ရက်တွင် ရပ်ကွက်နှင့်ကျေးရွာ ၃၄ အုပ်စု ကျေးရွာခွဲ ၈၃ ရွာ အိမ်ထောင်စု ၄၆၈၈ စု လူဦးရေ ၁၈၄၅၁ ဦး ရေဘေးဒဏ်ခံစားနေကြရပြီ ဖြစ်သည်။

ရေဘေးသင့်ပြည်သူများသည် မိုးလေဝသဗဟုသုတ ရရှိစေရန်ရည်ရွယ်၍ ရေဒီယိုများ၊ တီဗွီများ ကယ်ဆယ်ရေးစခန်းတိုင်းတွင် ပြသနိုင်ရန် ကျောင်းကုန်းမြို့ စက်ရုံမှူး ဦးမောင်နီနှင့်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွှေ့လျား စာကြည့်တိုက်အဖြစ် အမှတ်(၁)ရပ်ကွက်ရှိ ကယ်ဆယ်ရေးစခန်းများနှင့် သစ်ဆိမ့်ကုန်းကျေးရွာရှိ ကယ်ဆယ်ရေးစခန်းများတွင် မဂ္ဂဇင်း၊ စာပေရေချမ်းစဉ် စာပေများ ဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## ကေအင်န်ယူ ဥက္ကဋ္ဌက ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**ဘားအံ ဩဂုတ် ၁၂**

ကရင်ပြည်နယ် ဘားအံမြို့ ရေဘေးသင့်ပြည်သူများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးတို့က အားပေးစကားပြောကြားခြင်းနှင့် အလှူရှင်များမှ လှူဒါန်းသော အလှူငွေများ၊ စားရိက္ခာများ ထောက်ပံ့လှူဒါန်းပွဲကို ဩဂုတ် ၇ ရက်တွင် ရွှေယဉ်မျှော်ဘုရားရေဘေး စခန်းနှင့်ဇွဲကပင်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရွှေဦးစွာ ရွှေယဉ်မျှော်ဘုရားရေဘေးစခန်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်း၊ ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးတို့က ရေဘေးသင့်ပြည်သူများကို အားပေး စကားပြောကြားသည်။

ထို့နောက် (KNU)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးမိသားစု၊ ကရင်ပြည်နယ်နယ်ခြားစောင့်တပ်ဖွဲ့၊ အမှတ်(၄)တပ်နယ်ကွပ်ကဲရေးအဖွဲ့ဝင် မိသားစုဝင်များမှ ထောက်ပံ့သော ဆန်အိတ်များ၊ စားသောက်ကုန်များကို ပြည်နယ်ဝန်ကြီးချုပ်၊ (KNU)ဥက္ကဋ္ဌနှင့် ကရင်ပြည်နယ်၊ နယ်ခြားစောင့်တပ်၊ အမှတ်(၄) တပ်နယ်ကွပ်ကဲရေးနှင့်အကြံပေးအဖွဲ့ တပ်မှူးစောမုတ်သုန်နှင့်တာဝန်ရှိသူများက ပေးအပ်ရာရေဘေးသင့်ပြည်သူများက လက်ခံရယူကြသည်။

ဆက်လက်၍ ဘားအံမြို့ဇွဲကပင်ခန်းမတွင် ထောက်ပံ့လှူဒါန်းပွဲကို ကျင်းပရာမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ရေလုပ်ငန်းရှင်များစုပေါင်း၍ ကျပ်သိန်း ၄၀ ကျော် တန်ဖိုးရှိ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ငါးပိထောင်း၊ စားသုံးဆီနှင့် အဝတ်အထည်များ၊ WFP စွမ်းအားမြှင့် ဘီစကစ် ၇၇၅ ဖာ၊ ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် IMO၊ IRC၊ Save The Children၊ Malteser၊Wold Vision တို့မှ ဆေးစိမ်ခြင်ထောင်၊ World Vision မှ ပဲပိသာ ၆၀၀၊ ဘားအံမြို့နယ်ပညာရေးကောလိပ်မှ လှူဒါန်းငွေ ကျပ် ၅၂၇၁၀၀၊ မဲဆောက်မြို့ကုန်သည်ကြီးများအသင်းမှ အစားအသောက်နှင့် အဝတ်အထည်များ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ လှူဒါန်းငွေကျပ်သုံးသိန်း၊ ကရင်ပြည်နယ်၊ နယ်ခြားစောင့်တပ် အမှတ်(၄) တပ်နယ်ကွပ်ကဲရေးအဖွဲ့အရာရှိ စစ်သည်မိသားစုဝင်များ၊ ထိုင်းနိုင်ငံပိန်စွန်ကုမ္ပဏီနှင့်ဦးရီမိသားစုတို့မှ ငွေကျပ် သိန်း ၄၅၀ တန်ဖိုးရှိဆန်၊ မာမားခေါက်ဆွဲ၊ အချိုရည်၊ ငါးသေတ္တာ၊ ဆေးမျိုးစုံ၊ အဝတ်အထည်နှင့် ရေသန့်များကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အပြင် ရေပြန်လည်ကျသွားပြီးရေဘေးသင့်ပြည်သူများ မိမိအိမ်သို့ ပြန်ပါက နှစ်ပတ်စာ စားသောက်ရေးအဆင်ပြေစေရန် တစ်ဦးလျှင် ဆန်လေးပြည်၊ ဆီတစ်ဗူးနှင့် အခြား စားသောက်ကုန်များ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



## ခင်ဦးမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း ကျေးရွာကိုးရွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေ

**ခင်ဦး ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ပံ့ပိုးငွေဖြင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၂၇၀၀ ကို မြစိမ်းရောင်စီမံကိန်းကျေးရွာကိုးရွာကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ ရွေးချယ်ခြင်းကို ဩဂုတ်လပထမပတ်မှစ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုနွယ်နှင့်ဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များက ကော်မတီဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြပြီး ကျေးရွာပြည်သူများကို စနစ်တကျ ရွေးချယ်ပေးခဲ့သည်။

ခင်ဦးမြို့နယ်တွင် ဩဂုတ် ၁၀ ရက်ထိ လက်ပံကုန်းကျေးရွာ၊ ခြေမြစ်ကျဉ်းမြောက်ရွာ၊ သက်သာပန်းတောင်းကျေးရွာတို့ကို ကျေးရွာနေပြည်သူများ၏ သဘောတူညီမှုဖြင့် မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီများကို ဖွဲ့စည်းပေးခဲ့ပြီး ကျန်ရှိနေသော အောင်သာကျေးရွာ၊ မင်းဝံကျေးရွာ၊ ဝန်းကြီးကျေးရွာ၊ ဆီဆုံလေးကျေးရွာ၊ မြစ်တော်ကျေးရွာ၊ ချောင်းဆုံကျေးရွာတို့ကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ချိုချိုနွယ်ကပြောသည်။ **ခင်ဦးစိုးဝေ**

## ပွင့်ဖြူမြို့နယ်၌ မိုးစပါးစိုက်ပျိုးရန် ရေဘေးသင့် လယ်ယာမြေများ ထွန်ယက်

**ပွင့်ဖြူ ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးရွာများရှိ ရေဘေးသင့် လယ်ယာမြေများတွင် မိုးစပါးများအချိန်မီ စိုက်ပျိုးနိုင်ရန် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ကူညီထွန်ယက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ရေနစ်မြုပ် လျက်ရှိသည့် လယ်ထွန်စက်၊ ရေစုပ်စက်များ ပြန်လည်ပြုပြင်နိုင်ရန်ကူညီပေးလျက်ရှိကြောင်း သိရသည်။

ထို့သို့ ရေဘေးသင့်လယ်မြေများတွင်မျိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန် ဩဂုတ် ၁၀ ရက်က ကျေးရွာအုပ်စု ၁၅ အုပ်စု၊ လယ်ဧက ၄၀၂ ထွန်ယက် ပြီးစီးခဲ့သည်။

ယင်းနောက် ရေနစ်မြုပ်လယ်ထွန်စက်နှင့် ရေစုပ်စက်များအား ကျေးရွာအုပ်စု ၁၈ အုပ်စု၊ စက်စီးရေ ၆၅ စီးအား အဖွဲ့ဖြင့် ကျေးရွာများအရောက် ပြင်ဆင်ပေးနိုင်ခဲ့သည်။

အဆိုပါ ထွန်ယက်မှုအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးပုလဲမောင်၊ ညွှန်ကြားရေးမှူး ဦးထူးကြည်နှင့် တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးခင်မောင်ဇင်တို့က အိမ်တိုင်ရာရောက် ကြည့်ရှုအားပေးခြင်းနှင့် လုပ်ငန်းများစနစ်တကျရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **လှဝင်း(Iprd)**

## ကလေးမြို့တွင် ရေဘေးသင့်ပြည်သူ ဦးရေ ၇၀၀၀ ကျော် မိမိနေအိမ်များသို့ ပြန်လည်နေထိုင်ကြ

**ကလေး ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ရေကျလာပြီး ဩဂုတ် ၁၀ ရက်အထိ စာရင်းအရ ကယ်ဆယ်ရေးစခန်းများမှ အိမ်ထောင်စု ၁၆၄၉ စုနှင့် လူဦးရေ ၇၁၇၂ ဦးတို့အား နိုင်ငံတော်အစိုးရက အချိန်မီ စိုက်ပျိုးရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်၍ မိမိနေအိမ်များသို့ ပြန်လည်နေထိုင်ကြပြီဖြစ်ကြောင်း သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် မြစ်သာမြစ်နှင့် နေရဥ္စရာမြစ်တို့ ရေကြီးပြီး ဇူလိုင် ၂၈ နံနက်ပိုင်းမှစ၍ ကလေးဒေသတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ အိမ်ထောင်စုပေါင်း ၅၅၄၅ စု၊ လူဦးရေ ၁၇၃၄၅ ဦးအား မြို့ပေါ်နှင့် ကျေးရွာရေဘေးကယ်ဆယ်ရေးစခန်းပေါင်း ၂၈ သို့ နေရာချပေးခဲ့သည်။

ယခုအခါ ရေဘေးပြန်လည်ထူထောင်ရေးရှေ့တန်းစခန်းအဖြစ် ကလေးမြို့နယ်အတွင်း ထိုမာ၊ ကံသာယာ၊ လက်ပံချောင်း၊ နတ်ချောင်းကျေးရွာများ၌ ဖွင့်လှစ်လျက်ရှိပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများဖြစ်သောစိုက်ပျိုးရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကြီးကြပ်နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှဦးစီး၍ ရှေ့တန်းစခန်းတစ်ခုလျှင် အဖွဲ့ဝင် ၁၀ ဦးစီဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ရွာတွေ ရေပြန်ကျပြီဆိုတော့ အိမ်တွေသန့်ရှင်းရေးပြန်လုပ်ရမယ်။ ပြီးရင် စိုက်ပျိုးရေးအတွက် ရွာမှာတာဝန်ကျတဲ့ ပြန်လည်ထူထောင်ရေးအဖွဲ့တွေနဲ့ပေါင်းပြီး လုပ်ငန်းတွေပြန်လုပ်ရမယ်။ နိုင်ငံတော်အစိုးရက ကျွန်တော်တို့ စိုက်ပျိုးမယ့်သီးနှံတွေ မထွက်ခင်အထိ ပံ့ပိုးပေးမယ်ဆိုတာရယ်။ ထွန်ယက်စိုက်ပျိုးရေးအတွက် အားလုံးပံ့ပိုးပေးမယ်ဆိုတော့ လုပ်ရကိုင်ရတာ အားရှိပါတယ်။

"ကျွန်တော်တို့လိုပဲ အခြားရွာတွေလည်း လုပ်ငန်းတွေ ပြန်လုပ်ကြတော့မှာပါ။ ရွာမှာသဲမြေ၊ နုန်းမြေတွေ ဖုံးတယ်ဆိုတော့ အချိန်ယူပြီးတော့ လုပ်ရမယ်လို့တော့ ထင်ပါတယ်" ဟု လက်ပံချောင်းကျေးရွာသို့ ပြန်မည့် ရေဘေးသင့်ပြည်သူတစ်ဦးက ပြောသည်။

ကလေးဒေသ၏ ယခုနှစ် ရေကြီးမှုသည် အဆိုးရွားဆုံး၊ပျက်စီးမှုအများဆုံးဖြစ်ပြီး မြစ်သာမြစ်ရေ၏ စိုးရိမ်ရေအမှတ်မှာ ၁၀၀၀ စင်တီမီတာဖြစ်၍ ယခုရေကြီးမှုတွင် စိုးရိမ်ရေအမှတ် ၂၀၆၁ စင်တီမီတာသို့ ရောက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။ **ဇိုဟေဆာ(ပြန်/ဆက်)**

## မဲဆန္ဒရှင်များ ကွန်ပျူတာရေးသွင်း ပြုပြင်ဆောင်ရွက်

**သံတောင်ကြီး ဩဂုတ်လ ၁၂**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်း အခြေခံမဲဆန္ဒရှင်စာရင်းကို ဇွန် ၈ ရက်မှ ၂၁ ရက်အထိ ကြော်ငြာခဲ့ပြီးနောက် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဇူလိုင် ၃၀ ရက်အထိ ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုလွှာဖြင့်လည်းကောင်း၊ ပုံစံ(၄-က)ဖြင့် မဲစာရင်းနှင့် စပ်လျဉ်းသော ပြင်ဆင်လွှာဖြင့်လည်းကောင်း၊ ပုံစံ(၄)ဖြင့် မဲစာရင်းနှင့် စပ်လျဉ်းသော ကန့်ကွက်လွှာဖြင့်လည်းကောင်း မဲဆန္ဒရှင်စာရင်းများ ကွန်ပျူတာရေးသွင်းပြုပြင်ဆောင်ရွက်မှုကို ဩဂုတ် ၃ ရက်မှစ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မဲစာရင်းများ ကွန်ပျူတာရေးသွင်းပြုပြင်ဆောင်ရွက်မှုကို မြို့နယ်အတွင်း ဌာနဆိုင်ရာ ကွန်ပျူတာကျွမ်းကျင်သူငါးဦးနှင့် ကွန်ပျူတာငါးလုံးဖြင့် တာဝန်ရှိသူများကြီးကြပ်လျက် အချိန်မီပြီးစီးနိုင်ရေးအတွက် နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ဩဂုတ်၁၀ ရက်အထိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၉ စုအတွက် ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးခဲ့ ကြောင်း သိရသည်။ **စောမင်းသား(ပြန်/ဆက်)**

# ကောလင်းမြို့နယ် ရေကြီးနစ်မြုပ်ဒေသများရှိ ကျေးရွာများ ပြန်လည်ထူထောင်ရေးစတင်

**ကောလင်း ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ရေကြီးနစ်မြုပ်ဒေသများရှိ ကျေးရွာ ခုနစ်ရွာ၊ လယ်ယာမြေ ဧက ၃၀၀၀ ကျော်တွင် ရေကျသွားပြီဖြစ်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဇောင်းပေးဆောင်ရွက်နေပြီဖြစ်သည်။

ကသာခရိုင် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် ခရိုင်အဆင့်တာဝန်ရှိသူများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင့်ဝေ (ဒုတိယညွှန်ကြားရေးမှူး)နှင့်အဖွဲ့က ဩဂုတ်လ ပထမပတ်အတွင်း ရေနစ်မြုပ်၊ ရေဝင်ဒေသများ၏ ရေတွင်းရေကန် သန့်ရှင်းရေး၊ လမ်းတံတားများ ကျိုးကျပျက်စီးနေမှု ပြန်လည်ပြုပြင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားရေး၊ လယ်ယာမြေများတွင် မျိုးစပါး တစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် မျိုးစပါး ၁၁၈၂၂ တင်း ထောက်ပံ့ရေး၊ ပျက်စီးလယ်ယာ ၁၁၃၆ ဧက ပြန်လည်၍ တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် ပြန်လည်စိုက်ပျိုးရေးတို့ကို ကွင်းဆင်းဆောင်ရွက်ကြပြီး စက်မှုလယ်ယာဦးစီးဌာနမှ လယ်ဧက ၁၀၆ ဧကကို အခမဲ့ ထွန်ယက်ပေးခဲ့ကြသည်။

လျှပ်စစ်ဓာတ်အားပေး လုပ်ငန်းအနေဖြင့် ရေမြုပ်ထရန်စဖော်မာများကို ပြန်လည်ပြုပြင်ပေးပြီး လျှပ်စစ်မီး ပြတ်တောက်သောကျေးရွာ ၂၄ ရွာအနက် ငါးရွာကို မီးပြန်လည်ပေးခြင်း၊ အိမ်သုံးမီတာ အလုံး ၅၀၀ ကို ပြန်လည် လဲလှယ်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင်ရေကြီးနစ်မြုပ်သောကျောက်ပြင်သာ၊ ဆင်ကုန်း၊ ဥမင်ကုန်း၊ အိမ်တိုင်ပုံ၊ တောင်ကြီးကျေးရွာရှိ လမ်းတံတားများအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကူညီမှုဖြင့် ပြုပြင်ပေးနိုင်ခဲ့သည်။ **ကိုကိုညီမိး (ကောလင်း)**

## တိုးချဲ့မြစိမ်းရောင်ကျေးရွာစီမံကိန်း အောင်မြင်ရေးအတွက် သင်တန်းပေး

**ကျောက်ဆည် ဩဂုတ် ၁၂**

ကျောက်ဆည်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ၁၃ ရွာမှ ကော်မတီဝင်များအား ရန်ပုံငွေထိန်းခြင်းနှင့် စီမံကိန်းဆိုင်ရာ လုပ်ငန်းတာဝန်များ သင်တန်းကို ဩဂုတ် ၉ ရက် နံနက် ၉နာရီမှ စတင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများအနက်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ချောင်းဆုံကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ရေသရောက်ကျေးရွာ၊ ရွှေဒါးကျေးရွာ၊ တောင်ဘီလူးကျေးရွာ၊ ပြည်တော်သာကျေးရွာ၊ ရေပြစ်ကျေးရွာ၊ မြင်းချိုနိုင်ကျေးရွာ၊ အုန်းခရိုင်ကျေးရွာ၊ ငါးအိုးကျေးရွာ၊ ရန်ပုံနှစ်ကျေးရွာ၊ မယ်ဇယ်ပင်ကျေးရွာနှင့် ကျောက်ဆောက်ကုန်းစသည့် ကျေးရွာ ၁၃ရွာကို မြစိမ်းရောင်ကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာတိုင်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဩဂုတ် ၁ ရက်မှ စတင်ကွင်းဆင်းကာ ကျေးရွာပြည်သူများ ရွေးချယ်ပေးသော သူများထဲမှ ခုနစ်ဦးနှုန်းဖြင့် ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ ရွေးချယ်ကာ သင်တန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရွှေလေးကျေးရွာအား စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ယခင်ကထက် ဖွံ့ဖြိုးတိုးတက်ကာ အောင်မြင်မှုများ ရရှိခဲ့သောကြောင့် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၃ ရွာအထိ တိုးမြှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့ရန် မူဆယ်မြို့နယ် ကုန်တင်/ချကော်မတီရုံးမှပစ္စည်းများ လွှဲပြောင်းပေးအပ်

**မူဆယ် ဩဂုတ် ၁၂**

သဘာဝဘေး အန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကူညီထောက်ပံ့ ပစ္စည်းများလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၇ နာရီခွဲခန့်က မိုင်းယု ၁၀၅ မိုင် ကုန်တင်/ကုန်ချကော်မတီရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားကို မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အလုပ်သမားများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မူဆယ်ခရိုင်ကိုယ်စား ကျေးဇူးတင်ရှိကြောင်း၊ ရေဘေးသင့်ပြည်သူများကိုယ်စားကျေးဇူးတင်ရှိပါကြောင်းနှင့် အလုပ်သမားများကို တစ်ဦးချင်းလက်ဆွဲနှုတ်ဆက်ပြီး ကျေးဇူးတင်ပါကြောင်းပြောသည်။

ဆက်လက်၍ အလှူခံရရှိထားသော ဆန် ၂၆အိတ်၊ ရေသန့်ဘူး ရှစ်ကတ်၊ အဝတ်စား ၃၄ ထုပ်၊ အိုးခွက် ပန်းကန် သုံးထုပ်၊ ဖိနပ်ကျား/မစီးသုံးအိတ်၊ ဆေးနှင့်ဆေးပစ္စည်း နှစ်အိတ်၊ ကော်ဖီထုပ် တစ်ထုပ်၊ ပဲဘုတ်ကြီး သုံးပုလင်း စုစုပေါင်း ခြောက်ဆယ့်သုံးသိန်း သုံးထောင်တန်ဖိုးတို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ မူဆယ်မြို့နယ်ကုန်တင်/ချကော်မတီရုံးမှ ဦးစီးအရာရှိ ဦးဝင်းခိုင်ဦးက လွှဲပြောင်းပေးအပ်ပြီး မူဆယ်ခရိုင်အုပ်ချုပ် ရေးမှူး ဦးကျော်ကျော်ထွန်းက ၎င်းပစ္စည်းများနှင့် ငွေသားများကို လက်ခံရယူ၍ ပွင့်ဖြူမြို့နယ် ရေဘေးသင့်ပြည်သူများနှင့် အခြားအနယ်နယ်အရပ်ရပ်မှ ရေဘေးသင့်ပြည်သူများထံသို့ ဆက်လက်ပို့ဆောင်သွားမည်ဟု သိရသည်။

**သတင်း-သန့်ဇင်၊**

**ဓာတ်ပုံ-စိုးမိုး[မူဆယ်(၁၀၅)မိုင်]**



## ရေးမြို့မှစေတနာရှင်များ ရေဘေးသင့်များအား လှူဒါန်း

**ရေး ဩဂုတ် ၁၂**

ရေဘေးသင့် ပြည်သူများအား သွားရောက်လှူဒါန်းနိုင်ရန်အတွက် မွန်ပြည်နယ် ရေးမြို့ရှိ စေတနာအလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ပစ္စည်းများအား ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီမှစတင်ကာ ကုန်တင်ယာဉ် ၁၂ ဘီး အပါဝင်အခြား ကုန်တင်ယာဉ်များဖြင့် တင်ပို့နိုင်ရန်ပြင်ဆင်နေကြကြောင်း သိရသည်။

အဆိုပါ ကူညီထောက်ပံ့လှူဒါန်းမည့် ပစ္စည်းများမှာ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ အဝတ်အထည်နှင့် စားသောက်ကုန်များပါဝင်သော ပစ္စည်းများဖြစ်ပြီး ကျပ်သိန်း ၅၀၀ တန်ဖိုးရှိကြောင်း သိရသည်။

ရေဘေးသင့်သော ဧရာဝတီတိုင်းဒေသကြီးမှ ဟင်္သာတမြို့၊ ဇလွန် သာရဟော၊ အင်္ဂပူမြို့များတွင်ရေဘေးသင့် အိမ်ထောင်စု ၂၀၀၀ စု အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်သုံးပြည်၊ ငါးသေတ္တာ ခြောက်ဘူး၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်၊ တစ်လီတာဆီသန့်တစ်ဘူး၊ အခြားစားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းစုံ ၁၂ မျိုး အပြင် ရေသန့်ဘူး ၈၀၀၀ ဆန်အိတ်ပေါင်း ၁၇၀ အိတ်၊ ငါးသေတ္တာဘူး ၃၈၀၀၊ အာလူးပိသာချိန်များ ၁၀၀၀ အား ကုန်တင်ယာဉ်များဖြင့် လှူဒါန်းသွားမည်ဖြစ်သည်။

**ထွဋ်ထွဋ် (ရေး)**

## ရေဝင်အိမ်ထောင်စုများအား နယ်လှည့်ကွင်းဆင်းကုသ

**ဆင်ပေါင်ဝဲ ဩဂုတ် ၁၂**

ဆင်ပေါင်ဝဲမြို့နယ် ကျွန်းကျေးရွာ ဓမ္မသုခတရားရိပ်သာတွင် ယနေ့နံနက် (၁၁)နာရီက ရေဝင်အိမ်ထောင်စုများအား မြို့နယ်တိုင်းရင်းဆေးကုဌာနနှင့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ဆေးကုပေးခြင်းနှင့် နယ်လှည့် စာကြည့်တိုက်ဖွင့်လှစ်ခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ကြရာရှေးဦးစွာမြို့နယ် တိုင်းရင်းဆေးမှူး ဒေါ်ရီရီလွင်က တိုင်းရင်းဆေးအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောပြီး မြို့နယ်ဦးစီးမှူး ဒေါ်မျိုးမျိုးသွယ်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိမှတ်ဖွယ်ရာ ဗဟုသုတများကို ဆွေးနွေး ဟောပြောပြီး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့်မိုးလေဝသ သတင်းများကို အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရေးအတွက် ရေဒီယိုတစ်လုံးအားကျေးရွာရာအိမ်မှူး ဦးအုန်းကျော်ထံ လှူဒါန်းပါသည်။

ဆက်လက်၍ တိုင်းရင်းဆေးကုဌာန ဝန်ထမ်းများက ဆေးကုသခြင်းတို့ ဆောင်ရွက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည့်သူ့ဆက်ဆံရေးဝန်ထမ်းများက နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးကြကြောင်းသတင်းရရှိပါ သည်။

**(မြို့နယ်ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း-ဥက္ကံလမ်း ချောင်းကူးတံတားတည်ဆောက်ပြီးစီး

**ကောလင်း ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကောလင်း-ဥက္ကံသွားလမ်း ယားတောင်ကျေးရွာအနီးရှိ ချောင်းကူးတံတားသည် ဇူလိုင် ၁၆ ရက်မှစတင်၍ ၁၁ ရက်တိုင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းကူးတံတား ပျက်စီးခဲ့ပြီး ဩဂုတ် ၁၀ ရက်တွင် ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ တံတားပျက်စီးမှုကြောင့် ကောလင်း-ဥက္ကံ သွားလာရေး ခက်ခဲနှောင့်နှေးခဲ့ရပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ ဒုက္ခများစွာ ကြုံတွေ့ခဲ့ရသည်။

ယင်းတံတား ပျက်စီးမှုကြောင့် ရေဘေးသင့်ပြည်သူများ၏ လူမှုဘဝ အလျင်အမြန် ဦးမော့နိုင်ရေးအတွက် ကောလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိဏ်းမောင်နှင့်အဖွဲ့က ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၀ ရက်တွင် ကောလင်းမှ ရွှေတွင်းကျေးရွာသို့ သွားလမ်းတွင် ၁၀ တန်အောက်ယာဉ်များ သွားလာနိုင်ပြီဖြစ်သည်။

အဆိုပါတံတားမှ အလျားပေ ၅၀၊ အနံ ၁၃ ပေရှိပြီး သံပေါင် ဘေလီတံတားဖြစ်ရာ တံတားတည်ဆောက်ပြီးစီးပြီဖြစ်၍ ဒေသခံများအဆင်ပြေစွာသွားလာနိုင်ပြီဖြစ် ကြောင်းသိရသည်။ **ကိုကိုညီမိး (ကောလင်း)**

## ခင်ဦးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

**ခင်ဦး၊ ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကို ဩဂုတ် ၈ ရက်က မြို့လယ်လမ်းမတော်ကားလမ်းဘေးတွင် ကျင်းပခဲ့သည်။

ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကို ရပ်ကွက်၊ ကျေးရွာများမှ အသင်း ၁၃ သင်းပါဝင်ပြီး အုပ်စုလေးအုပ်စုခွဲပြီး ယှဉ်ပြိုင်ခဲ့ရာ မြကန်သာရပ်မှ ပထမ၊ သရက်ကန်ကျေးရွာမှ ဒုတိယ၊ ကွမ်းတိုင်းကျေးရွာမှ တတိယ ရရှိကြောင်းသိရသည်။

အဆိုပါပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမ ငွေကျပ်ခုနစ်သောင်း၊ ဒုတိယ ငွေကျပ်ငါးသောင်း၊ တတိယ ငွေကျပ်သုံးသောင်းကို တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့သည်။ **ခင်ဦးစိုးဝေ**

## သန့်ရှင်းသောသောက်သုံးရေရှိရေး ကွင်းဆင်းဆောင်ရွက်

**ပွင့်ဖြူ ဩဂုတ် ၁၂**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရေဘေးသင့်ပြည်သူများ၏ နေအိမ်များတွင်ရှိသော သောက်သုံးရေတွင်းများ သန့်ရှင်းသောရေရှိစေရန်အတွက် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းကကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ကျေးလက်ဦးစီးဌာနအနေနှင့် လက်ပန္နယ်ကျေးရွာ နေအိမ်များရှိ သောက်သုံးရေတွင်း ၁၀ တွင်းကို လည်းကောင်း၊ ကျောင်းစုကျေးရွာတွင် ၁၀ တွင်းကိုလည်းကောင်းရွာခိုင်ကျေးရွာရှိ သောက်သုံးရေတွင်း ၁၀ တွင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဖွဲ့များခွဲ၍ ဒေသခံပြည်သူများ၏ နေအိမ်များသို့ ရေမှုတ်စက်များဖြင့် အခမဲ့မှုတ်ထုတ်ပေးခဲ့သည်။

ရေဘေးသင့်ပြည်သူများ၏ကျန်ရှိသောသောက်သုံးရေတွင်းများကိုလည်း အဖွဲ့များခွဲ၍ အချိန်နှင့်တစ်ပြေးညီ ရေမှုတ်စက်များဖြင့် အခမဲ့ဆက်လက်မှုတ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**



# ဖွံ့ဖြိုးစေဖို့ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း(Global Supply Chain)သို့ပိုမိုဝင်ရောက်ရေး

ဒေါက်တာမောင်မောင်အောင်

**ယနေ့ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်မောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။**

**ပြည်သူလူထုအတွက် တန်ဖိုးရှိသည့်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြလျက်ရှိပါသည်။ (စာတည်း)**

**ယခင်အပတ်မှအဆက်**

အခြားနိုင်ငံများတွင် ကိုယ်ပိုင်ကားထားသည့်နေရာမရှိလျှင် "ထားစရိတ်က ကားစရိတ်ထက်" ဖြင့်လေ့ရှိသည်။ မည်သည့်နိုင်ငံမျှ မော်တော်ကားကို လမ်းပေါ်တွင်ထားလေ့မရှိပါ။ "လမ်း (Road)ဆိုသည်မှာ မောင်းနှင်သွားလာနိုင်သော ယာဉ်များသွားလာရာလမ်းကြောင်းဟုဆိုပါသည်။ ထို့အတွက်လမ်းပေါ်တွင် ကားမရပ်ရေးအတွက် ကားရပ်နားစခန်းများအမြန်ဖော်ထုတ်ရမည်ဖြစ်သလို အခြားနိုင်ငံများကဲ့သို့ အချိန်လိုက်အခကြေးငွေပေးသည့်စနစ်ကို ဖော်ဆောင်ရမည်ဖြစ်သည်။

အုပ်ချုပ်မှု နည်းလမ်းများအရလည်းကားကျပ်သည့်ပြဿနာဖြေရှင်းနိုင်သည်။ အခြားနိုင်ငံများတွင် လုပ်လေ့လုပ်ထရှိသည့် အလေ့အကျင့်များအနေဖြင့် ကားအကျပ်ဆုံးဖြစ်သည့်ရုံးတက်၊ရုံးဆင်းချိန်တွင် တစ်ဦးချင်းယာဉ်များ သွားလာမှုကို ကန့်သတ်နိုင်ခြင်းပင်ဖြစ်သည်။ ကန့်သတ်ရာတွင် အကျပ်ဆုံးအချိန်ဖြစ်သည့် နံနက်ရုံးတက်ချိန်နှင့်ညနေရုံးဆင်းချိန်များအတွင်း မြို့လယ်သို့ မောင်းနှင်ကန့်သတ်ခြင်း၊လူစီးယာဉ်များအနေဖြင့် တစ်ယောက်တစ်စီးခွင့်မပြုတော့ဘဲယာဉ်ထိုင်ခုံပြည့်စနစ်ဖြင့် ခွင့်ပြုခြင်း၊ မြို့တွင်းဝင်ခွင့် တစ်ရက်ခြားစနစ်ခွင့်ပြုခြင်းစသည့် နည်းလမ်းများဖြင့်ယာဉ်များမြို့တွင်းဝင်ရောက်ခွင့်ကန့်သတ်နိုင်သည်။ စင်ကာပူနိုင်ငံအနေဖြင့်ကားကျပ်မှုပြဿနာဖြေရှင်းရာတွင် ထိရောက်သည့် နည်းလမ်းတစ်ခုမှာ ကားသစ်ဝယ်ယူမှတ်ပုံတင်နိုင်ရေးအတွက် ပထမဆုံးလိုအပ်ချက်မှာ COE (Certificate of Entitlement) ရရှိရေးပင်ဖြစ်ပြီး COEရှိမှသာ ယာဉ်ပိုင်ဆိုင်ခွင့်နှင့် သက်တမ်းကားအမျိုးအစားလိုက် ၅နှစ်မှ ၁၀နှစ်အတွင်း သတ်မှတ်ထားသည့်လမ်းများအသုံးပြုခွင့်ရှိသည်။ COE ကိုမြင်သာသည့် ဈေးပြိုင်စနစ်(Open Bidding System)အရပြုလုပ်သောကြောင့် လက်ရှိပြေးဆွဲနေသည့်ကားအရေအတွက်၊ ဖျက်သိမ်းသည့်အရေအတွက်စသည့်တို့အပေါ်မူတည်ပြီးလိုအပ်သည့် အရေအတွက်သာ ချမှတ်ပေးနိုင်ရေးCOEဈေးနှုန်းအနိမ့်အမြင့်ဖြင့်ထိန်းကျောင်းလေ့ရှိသည်။

**ကားများအတွက်ကန့်သတ်မှုများ၊ စီမံချက်များအပြင် စည်းမျဉ်းစည်းကမ်းဖောက်သူများကိုလည်း ထိရောက်သည့် အရေးယူမှုများ၊ လုပ်ဆောင်မှုတိုင်းအတွက်"ခွင်"မဖြစ်စေရေးနှင့် မြင်သာထင်သာရှိစေရန် ပုဂ္ဂလိက လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ပေါင်းစည်းလုပ်ကိုင်သင့်...**

ရန်ကုန်မြို့အတွက်မူ အခြေခံအဆောက်အအုံများတည်ဆောက်ပြုပြင်နေရသည့်ကာလဖြစ်သည့်အတွက် လမ်းချဲ့ခြင်း၊ ခုံးကျော်တံတားဆောက်လုပ်ခြင်း၊ လမ်းသွယ်လမ်းမြောင်များသွားလာနိုင်အောင် ပြုလုပ်နေသည့်ကာလဖြစ်၍ အချို့လမ်းများပို၍ကျပ်သည်။ လက်ရှိရန်ကုန်မြို့အသုံးပြုနိုင်သော လမ်းအရေအတွက်နှင့်အကျယ်အဝန်းအရ ဝင်ဆံ့နိုင်သည့်ကားအရေအတွက်မည်မျှရှိရမည်ဆိုသည်ကို စနစ်တကျလေ့လာဆန်းစစ်ပြီး အတွင်းရှိသင့်သည့်ကားအရေအတွက်(Optimum Number of Motorcar)ရှိရေးလုပ်ဆောင်နိုင်သည်။ ရန်ကုန်မြို့အတွင်း အသုံးပြုမည့်ကားအသစ်များ ဝယ်ယူတင်သွင်းနိုင်ရေး ကားထားမည့်နေရာ(parking Area) ကိုပါ ပူးတွဲဖော်ပြစေခြင်း၊နယ်ကားများရန်ကုန်တွင် အချိန်ကာလတစ်ခုထက်ပို၍ ခွင့်မပြုခြင်းတို့ကိုလည်း အာဏာပိုင်များက လုပ်ဆောင်နိုင်သည်။ ထို့အတူ နည်းပညာကိုအခြေပြုပြီး မီးပွိုင့်များတွင် (CCTV Camera)များအပြင် အလိုအလျောက်စိစစ်အကဲဖြတ်မှု (Censoring)လုပ်နိုင်သည့်စနစ်ကိုလည်း လောလောဆယ်ငွေကြေးနှင့်နည်းပညာမပြည့်စုံသေး၍ ချက်ချင်းမလုပ်နိုင်သော်လည်း နောင်တစ်ချိန်ဖြစ်နိုင်သည်။

**ချက်ချင်းလုပ်ဆောင်သင့်သည့်နည်းလမ်းများ**

ရန်ကုန်ကားကျပ်မှုကိုလျှော့နည်းစေရန် လက်ငင်းလုပ်ဆောင်သင့်သည့် နည်းလမ်းများတွင်လက်ရှိတည်ဆောက်နေသည့် ခုံးကျော်တံတား စီမံကိန်းများဦးစားပေးရမည်ဖြစ်သလို ကားပါကင်နေရာများ တည်ဆောက်ရေးအထူးဦးစားပေးရမည်ဖြစ်သည်။ သို့မှသာ လမ်းများပေါ်တွင် ကားရပ်နားမှုကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ ပို၍အရေးကြီးသည်မှာ ကားကျပ်မှုကြောင့် အခြေခံလူတန်းစားနှင့် လူအများကိုမထိခိုက်စေရန် မြို့ပတ်ရထားပို့ဆောင်ရေး ယခုထက် ရထားစီးရေများများဖြင့် တိုးချဲ့ပို့ဆောင်နိုင်ရေး ဆောင်ရွက်ရတော့မည်ဖြစ်သည်။ လမ်းဆုံလမ်းခွ၊ လမ်းခွဲနေရာတိုင်း ယာဉ်ထိန်းရဲများလိုသလိုကားစီးရေနှင့် ယာဉ်ထိန်းရဲမျှတစေရန်စီမံသင့်သည်။

**မြှင့်တင်ရတော့မည့် ကျင့်ဝတ်နှင့် စည်းကမ်း**

ရန်ကုန်ကားကျပ်မှု၏ အခြေခံအကြောင်းအရင်းတစ်ရပ်မှာ ကျင့်ဝတ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းနေမှုပင်ဖြစ်ပြီး ကားမောင်းသူများ၊ လမ်းဖြတ်ကူးသူများ၊ ကားစီးသူများ၊ လမ်းဘေးဈေးသည်များ၊ ကားလမ်းပေါ်တွင် ကားရပ်သူများအားလုံးအကျုံးဝင်သည်။ အထူးသဖြင့် ဘတ်စ်ကားမောင်းသူများ သတ်မှတ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအပြည့်အဝလိုက်နာလျှင် ကားကျပ်မှုပြဿနာအတိုင်းအတာတစ်ခုအထိ ဖြေရှင်းနိုင်မည်ဖြစ်သည်။ ထို့အပြင်ကားမောင်းသူများရော၊ ကားစီးသူများပါ လမ်းပေါ်တံတွေးထွေးမှု၊ ကားပေါ်မှအမှိုက်ပစ်ချမှု၊ ကားလမ်းကြောဖြတ်ဝင်မှု၊ ဟွန်းတီးမှုတို့ကို အမြန်ဆုံးပပျောက်အောင် ဝိုင်းဝန်းလုပ်ဆောင်ရတော့မည်။ တစ်နေ့တခြားတိုးပွားလာသည့် နိုင်ငံခြားသားလည်ပတ်သူများလာရောက်နေချိန် အဆိုပါစည်းကမ်းနှင့် ကျင့်ဝတ်ကို လူတိုင်းလိုက်နာမှသာ မြန်မာလူမျိုးတို့၏ဂုဏ်သိက္ခာမြှင့်တင်နိုင်မည်ဖြစ်သည်။ ရန်ကုန်မြို့နေလူထု၏ လမ်းအသုံးပြုမှုနှင့်ပတ်သတ်၍ ကျင့်ဝတ်နှင့်စည်းကမ်းယခုထက်ပိုမိုမြှင့်တင်နိုင်ရေး တစ်ဦးချင်းစီမှစ၍အပြုသဘောဖြင့် ဝိုင်းဝန်းလုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်သည်။

အချုပ်ဆိုရသော် ရန်ကုန်ကားကျပ်မှုလျှော့နည်းစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် အခြေခံအဆောက်အအုံများဖြစ်သည့် ကားရပ်နားမှုစခန်းများ၊ လမ်းချဲ့ထွင်ခြင်း၊ ခုံးကျော်တံတားတည်ဆောက်နေမှုများကို အထူးဦးစားပေးအစီအစဉ်များဖြင့်တည်ဆောက်ပြုပြင်ရမည်ဖြစ်သလို နိုင်ငံတကာကဲ့သို့ လူအများ၏ သွားလာရေးကိုအဓိက တာဝန်ယူပို့ဆောင်ပေးမည့် မြို့ပတ်ရထားပြေးဆွဲမှုကို အမြန်ဆုံးတိုးချဲ့ရတော့မည်ဖြစ်သည်။ ထို့ပြင် လမ်းဘေးဈေးသည်များ စနစ်တကျနေရာချထားနိုင်ရေး၊ အခြေခံပညာကျောင်းများ၊ တကျောင်းသားတစ်ဦး ကားတစ်စီးကြိုပို့လုပ်နေမှုကို ကျောင်းဘတ်စ်ကား (School Bus) သို့မဟုတ် ဖယ်ရီ (Ferry) ဖြင့် အမြန်ဆုံးအစားထိုးရေး၊ လမ်းကြိုလမ်းကြားများကားသွားလာနိုင်ရေးလုပ်ဆောင်ရေး၊ ရန်ကုန်တွင် အသုံးပြုမည့်ကားများအတွက် ကန့်သတ်မှုများ၊ စီမံချက်များအပြင် စည်းမျဉ်းစည်းကမ်းဖောက်သူများကိုလည်းထိရောက်သည့် အရေးယူမှုများ၊ လုပ်ဆောင်မှုတိုင်းအတွက်"ခွင်" မဖြစ်စေရေးနှင့် မြင်သာထင်သာရှိစေရန် ပုဂ္ဂလိက လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ပေါင်းစည်းလုပ်ကိုင်သင့်ပေသည်။

အရေးကြီးဆုံး ပြင်ဆင်ရမည့်အချက်မှာ ကားလမ်းအသုံးပြုသူများ၊ ယာဉ်မောင်းများ၊ ကားစီးသူများ အသိစိတ်ဓာတ်မြင့်မားရေး၊ ကျင့်ဝတ်နှင့် စည်းကမ်းတိတိကျကျလိုက်နာဆောင်ရွက်ရေးအထူးအရေးကြီးပါသည်။ စီးပွားရေးမြို့တော်ရန်ကုန်တွင်ကားကျပ်သည့်ပြဿနာကို နိုင်ငံတော်၊ တိုင်းဒေသကြီး၊ အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် ပြည်သူများအားလုံးပူးပေါင်းဖြေရှင်းမှသာအောင်မြင်နိုင်မည်ဖြစ်ပါသည်။

**နှိုးဆော်အသိပေးချက်**

ရခိုင်ပြည်နယ် ရေဘေးသင့်တောင်သူလယ်သမားများအား မျိုးစပါးများ ဖြန့်ဖြူးပေးလျက်ရှိရာ စပါးပျက်စီးကေပမာဏမှာ များပြားသဖြင့် ပြင်ပမှ အလှူရှင်များ၊ လုပ်ငန်းရှင်များ၏ အကူအညီကို ရယူလိုပါသည်။ သို့ဖြစ်ပါ၍ စပါးထောက်ပံ့ပေးလိုသူများသည် ရခိုင်ပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ-၀၄၃-၂၂၁၉၈၊ ၂၂၉၀၁၊ ၂၃၄၆၀

စိုက်ပျိုးရေးဦးစီးဌာန

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ကိုညာဏ် KO NYAN
Car Rental & Travel Service
ဘုရားဖူးခရီးစဉ်အမျိုးမျိုးနှင့်လချုပ်အတွက် Model မြင့် ကားသစ် မျိုးစုံ ရောင်း/ဝယ်/ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440,01-551649,01-209183

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ကိုသန့်ဇင် CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁

မိုး
ဒီဇယ်မော်တော်ဆီ စက်ပြင်သင်တန်း
(နေ့ထိုင်မှုအခမဲ့)

ဟိန်း 01-293159 01-9000293 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

ဝန်ထမ်းအလိုရှိသည်
Marketing - ကျား (၅) ဦး
လစာ + ကော်မရှင်
Ph: 09 5670262
09 73184279

ယာဉ်မောင်းအလိုရှိသည်
CNG TAXI
(ကြက်တူရွေး)
နေ့မောင်း(မနက်-၇၊ ည-၇)
ဖုန်း-၀၉-၅၁၆၂၂၃၈

GOURMET {ယခင် AD လမ်း}၏ မန္တလေး မုံ့တီ စစ်စစ် ကို (14.8.2015) ရက်နေ့မှစ၍ THE PROME RESTRAUNT ပြည်လမ်း၌ နံနက် ( ၆:၀၀ ) နာရီမှ (၁၁:၀၀) နာရီ အတွင်း သုံးဆောင်နိုင်ပါသည်။

THE PROME Restraunt - အမှတ်(၆၅၃)၊ မြကန်သာ(၂)လမ်း၊ တံတားဖြူမှတ်တိုင်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်။
၀၉-၇၉၇၅၁၂၆၇၁၊ ၀၉-၇၉၇၉၇၇၇၄၀၊ ၀၉-၇၉၇၉၇၇၇၅၀

Moon Bakery - အမှတ်(၃၀၆)၊ ပြည်လမ်းနှင့် မြေနုလမ်းထောင့်၊ စမ်းချောင်းမြို့နယ်။ ၀၉-၄၂၁၀၈၃၉၆၄၊ ၀၁-၅၃၆၀၂၈
အချိန် - နံနက်(၇:၀၀)နာရီမှ နံနက်(၁၁:၀၀)နာရီအထိ

GOURMET မန္တလေးမုံ့တီ - အမှတ်(၁၉၀/က)၊ ပါရမီလမ်းမ၊ သုမင်္ဂလာလမ်းနှင့်သံသုမာလမ်းကြား၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၆၈၀၄၇၇၇၊ ၀၉-၂၀၀၆၇၇၇၊ ၀၉-၄၃၁၂၅၀၈၀၊ ၀၉-၃၃၃၁၄၀၇၈
အချိန် - နံနက်(၆:၀၀)နာရီမှ ညနေ(၅:၀၀)နာရီအထိ

## အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ် လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ဒေါသပေါက်ကွဲပြလိုက်သူမှာ မလေးနွယ်၏ အန်တီ အပျိုကြီးမမဖြစ်၏။

"အံမာ. . အမျိုးယုတ်ကလေးက ဒီရောက်နေတယ်၊ ဟုတ်လား. . သေနာလေး ဒီဘာလာလုပ်တာလဲ"

အပျိုကြီးမမသည် အပျိုကြီးသမျှ ဒေါသလည်း ကြီးစွာနှင့် သက်ခိုင်၏ ဆံပင်ကိုလှမ်းဆွဲသည်။

သို့ရာတွင် ကိုချစ်တိုးက သက်ခိုင်ကိုလျင်မြန်စွာ ဆွဲယူ နောက်ပို့ပြီး သူ့ကိုယ်နှင့် အကာအကွယ်ပေး၏။

အပျိုကြီးမမ၏ ဒေါသ ယမ်းအိုးသည် ထပ်ဆင့်ပေါက်ကွဲသည်။

"အံမာ. . ငချစ်တိုး၊ နင်ကပါ ဒီသတ္တဝါလေးကို အကာအကွယ်ပေးတယ်ပေါ့. . ဟုတ်လား"

အပျိုကြီးမမ၏ လက်ဝါးသည် မြောက်တက်သွား၏။

ကိုချစ်တိုးက နောက်တလှမ်းဆုတ်လိုက်ပြီး ရင်မှလာသော သတ္တိနှင့် ပြော၏။

"မမကြီး. . ခင်ဗျား ကျွန်တော့်ကို အလုပ်ဖြုတ်ပစ်ချင် ဖြုတ်ပစ်၊ ဒါပေမယ့် ခင်ဗျား ကျွန်တော့်အသားကို မထိနဲ့"

အပျိုကြီးမမမှာဆွေ့ဆွေ့ခုန်သွားသည်။ ဘာဆက်လုပ်ရမှန်းမသိသောကြောင့် သူ့မောင်များကို လှမ်းခေါ်သည်။

"မောင်တို့ရေ. . လာကြစမ်း၊ ဟောဒီမှာ ငါ့ကိုအာခံနေကြတယ်"

အိမ်ကအမှုထမ်းတစ်သိုက်က ရှေ့တိုးလာကြသည်။ သို့ရာတွင် ဦးတင်သော်၊ ဦးထင်ကျော်နှင့် ဦးတင်သော်၏ မင်းကတော်လေးတို့ကရောက်လာကြသဖြင့် ရှဲပေးကြသည်။

သက်ခိုင်မှာမူ ဘုရင့်သမီးတော်၏ အဆောင်တော်အတွင်း ကျူးကျော်ဝင်ရောက်ခဲ့သဖြင့် အမိဖမ်းခံရသော သူပုန်မင်းသားကဲ့သို့ဖြစ်နေရ၏။

အတွင်းဝန်မင်းဦးတင်သော်က သက်ခိုင်ကိုစေ့စေ့ကြည့်ပြီး သူ့အစ်မကိုမေးသည်။

"မမကြီး. . ဒီကောင်လေး ဘယ်ကကောင်လေးလဲ၊ မြင်ဖူးသလိုလိုတော့ရှိတယ်"

"မင်းမမြင်ဖူးပါဘူး၊ မိသက် သား. . အမျိုးယုတ်ကလေး"

ဦးတင်သော်က အံ့အားသင့်ကာ ဘာပြန်ပြောရမှန်းမသိ။ ဦးတင်သော်၏ ဇနီးကသာ သူ့အမြင်ကို သူဝင်ပြော၏။

"ဪ. . မောင်သက်ခိုင်ဆိုတာထင်ပါရဲ့၊ ဒါလင်ရေ. . အိမ်မှာ အလှူရှိတယ်ဆိုလို့ ထမင်းကောင်းဟင်းကောင်း စားချင်လို့ လာတယ်နဲ့တူပါတယ်၊ သနားပါတယ်. . . ဟုတ်တယ်မဟုတ်လား ကလေး"

သက်ခိုင်သည်းမခံနိုင်တော့။ သူ့သည်ကိုချစ်တိုးထိန်းထားရာမှ ရုန်းထွက်လိုက်ပြီး မင်းကတော်လေး ကိုဂရုမပြုဘဲ ဦးတင်သော်ကိုသာ ရင်ဆိုင်သည်။

"လေးလေးနာမည်က ဦးတင်သော်၊ ကျွန်တော်သိတယ်၊ လေးလေးတို့အလှူက ရွှေကြော်ကျွေးမှာမို့လား၊ စိန်ကြော်ကျွေးမှာမို့လား"

သက်ခိုင်သည် ဆက်ရန်တွေ့လိုသည်၊ သို့ရာတွင် စကားတွေကရှာမတွေ့။ သူ့ကိုယ်လေးသည်သာ ဒေါသကြောင့် ဆက်ဆတ်တုန်၍နေ၏။

ဦးတင်သော်ကလည်း ကလေးတစ်ဦး၏ မောက်မာ စော်ကားခြင်းကို မခံစဖူးခံလိုက်ရ၍ ဒေါသထွက်သွား၏။ သူ့ဒေါသသည် သူသောက်ထားသောအရက်ကြောင့် အဆမတန်ပိုပြင်းထန်နေ၏။

"တိရစ္ဆာန်ကလေး. . နင်ကငါ့ကိုခံပြောရသလား၊ နင့်ကိုငါ ဖမ်းချုပ်မယ်"

သက်ခိုင်၏ ဖြေသောစကားမှာ ဤကလေးအရွယ်၏ နှုတ်မှထွက်ပေါ်လာလိမ့်မည်ဟု အတွင်းဝန်မင်း လုံးဝ မမျှော်လင့်ခဲ့သောစကားဖြစ်၏။

"ချုပ်ပါလား၊ ချုပ်လိုက်လေ. . အမေကမွေး၊ ထောင်ကကျွေးသတဲ့ဗျ"

ဦးတင်သော် ခွေးလုံးလုံးဖြစ်သောပွဲဖြစ်၏။

ဘေးမှဝိုင်းကြည့်နေကြသော အိမ်စေများ၏ ကျိတ်ရယ်သံကို ကြားရ၏။

ခဏသာနောက်ကျလျှင်ဦးတင်သော်သည် သက်ခိုင်ကို ဘာလုပ်မည်မသိ။

ဩဇာပြည့်ဝသော တည်ငြိမ်သောအသံနှင့်ဦးထင်ကျော် ကရှေ့တက်လာသည်။

"နေစမ်း ညီလေး. . ကလေးကို ကိုကြီးမေးမယ်"

ဦးထင်ကျော်သည် သက်ခိုင်၏ ပခုံးပေါ် လက်တစ်ဖက် အသာအယာတင်လိုက်ပြီး ချိုသာစွာမေးသည်။

"ငါ့တူ. . ဦးကြီးကိုသိလား"

သက်ခိုင်သည် တည်ကြည်ခံ့ညားလှသော ဦးထင်ကျော်၏ မျက်နှာကို မျက်လွှာလှန်၍ တစ်ချက်ကြည့်ပြီး ခေါင်းညိတ်ပြ၏။

"ဪ. . သိတယ်ပေါ့၊ ဟုတ်လား၊ နေပါဦး၊ ငါ့တူရယ်. . စိုးခိုင်ရယ်၊ သက်သက်ရယ်က ဦးကြီးတို့အိမ်ကို ဘယ်တော့မှ မလာဘူး၊ အခု. . ငါ့တူ ဘာလာလုပ်တာလဲ"

သက်ခိုင်ကမလေးနွယ်ကိုလှမ်းကြည့်သည်။ မလေးနွယ်က သူ့အမေရင်ခွင်တွင် ခေါင်းငုံ့ထား၏။

သက်ခိုင်သည် သူ့ဦးကြီးကို ရဲဝံ့စွာ ပြန်ကြည့်ပြီး တစ်လုံးချင်းဖြေ၏။

"ကျွန်တော် ဘွားဘွားဆီကို ငွေပြန်လာပေးတာ"

သက်ခိုင်၏ အဖြေကြောင့် တည်ငြိမ်လှလွန်းသော ဦးထင်ကျော်၏ မျက်နှာသည်ပင်လှုပ်ရှားသွား၏။

"ငွေပြန်လာပေးတာ. . ဟုတ်လား ငါ့တူ"

ငွေထုပ်ရှိရာ အိပ်ရာထက်လူများကွယ်နေ၏။ သက်ခိုင်က ငွေထုပ်ကိုလှမ်းယူလိုက်ပြီး ဦးထင်ကျော်၏ လက်အပ်သည်။

"ဘွားဘွားက မမနွယ်ကို မေ့မေ့ဆီပေးခိုင်းလို့ မမနွယ်က လာပေးတယ်၊ မေမေကမယူတော့ လက်နှီးအောက် ဝှက်ထားပစ်ခဲ့တယ်၊ အဲဒါကျွန်တော် လာပြန်ပေးတာ၊ ငွေ တစ်ထောင်တိတိ"

ငွေတစ်ထောင်ဟူသော စကားသည်ဝိုင်းကြည့်နေသော အိမ်စေများကိုလှုပ်ရှားသွားစေ၏။ အတွင်းဝန်ကတော်လေးသည်ပင် မျက်လုံးပြူး၍ဦးထင်ကျော်၏ လက်တွင်းမှ ငွေထုပ်ကိုလှမ်းကြည့်သည်။

ဦးထင်ကျော်၏ မျက်နှာကြီးသည် ညှိုးနွမ်းကျသွား၏။ သူသည်ဩဇာပြည့်သော သူ့အသံကို အနိုင်နိုင်ပြန်ဆွဲယူပြီး ဆို၏။

"လူကလေး ဘွားဘွားက လူကလေးမေမေ သက်သက်ကို ဒီငွေတွေပေးတယ်ဆိုတော့ လူကလေးပြန်ယူသွားနိုင်တယ်၊ ပြန်အပ်ဖို့မလိုဘူး"

သက်ခိုင်ကခေါင်းကိုခါ၏။

"ဒီငွေတွေပြန်ယူသွားရင် မေမ့ေဆီကျွန်တော် ပြန်လို့မရဘူး၊ မေမေကမှာလိုက်တယ်၊ သူငွေမလိုပါဘူးတဲ့၊ ဒီငွေကို လုပ်မယ့်အလှူထဲသာ ထည့်လိုက်ပါတဲ့၊ ပြီးတော့ နိဗ္ဗာန်ကို သွားကြပါတဲ့"

သက်ခိုင်သည် သူ့ကိစ္စပြီးပြီမှန်းသိသောကြောင့် မည်သူ့ကိုမျှနှုတ်မဆက်ဘဲ အခန်းတွင်းမှ ထွက်ခွာသွားသည်။ အခန်းဝ၌ ပိတ်ဆို့ကြည့်နေကြသူများက သူ့ကို လမ်းဖွင့်ပေးလိုက်ကြရ၏။

ဦးထင်ကျော်သည် ငိုင်ကျန်ရစ်သည်။ အတန်ကြာမှ ကိုချစ်တိုးကို လှမ်းပြော၏။

"မောင်ချစ်တိုး. ကလေးတစ်ယောက်တည်း ပြန်သွားရမှာ အဝေးကြီးပဲ၊ သူ့အမေ အိမ် အထိလိုက်ပို့ပေးလိုက်ပါ၊ မင်းမှာလည်း အပြစ်မရှိဘူး၊ မမကြီးကလည်း ဘာမှဆက်မရှည်နဲ့တော့၊ ကဲ. . မောင်ချစ်တိုးလိုက်တော့"

ကိုချစ်တိုးက သက်ခိုင်နောက်သို့အပြေးလိုက်၏။ အမှန်မှာ ကားနှင့်လိုက်ပို့ပေးချင်သည်။ သို့ရာတွင် သက်ခိုင်သည် ဤအိမ်မှကားကို မစီးချင်မှန်း ကိုချစ်တိုးအသိဆုံးဖြစ်သည်။

မြန်လိုက်သည့်သတ္တဝါလေး သက်ခိုင်. . .။ သူ့ကို ကိုချစ်တိုး မီချိန်၌ ဝါဒ်ဆွန် ဝေး လမ်းချိုးသို့ရောက်နေပေပြီ။

"ဦးလေးကိုချစ်တိုး. . ဘာလို့လိုက်လာရတာလဲ၊ ကျွန်တော် ဘာသာကျွန်တော် ပြန်ရဲတယ်ခင်ဗျ"

ကိုချစ်တိုးက ညည်းချင်းတစ်ဝက်၊ရယ်ချင်းတစ်ဝက်နှင့် ပြော၏။

"သိပါတယ် သူပုန်လေးရာ၊ ငါ့လူ သတ္တိရှိမှန်း သိပါတယ်၊ ဒါပေမဲ့လိုက်ပို့ပါရစေ၊ ပိုက်ဆံတစ်မတ်လည်း မယူပါဘူး၊ ကားလည်းမပါပါဘူး၊ ခြေကျင်လိုက်ပို့မှာပါ၊ ကျေနပ်ပြီလား. . ရွှေမင်းသားကလေးရဲ့"

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


ကျေးဇူးတော်ရှင်မွှာနပသသနာပခုက္ကူဆရာတော်ဘုရားကြီး
ဘဒ္ဒန္တကုဏ္ဍာဘာသ မထေရ်မြတ်(အနိစ္စဆရာတော်)
မွှာနပသသနာ
ကောင်းမှုပြည့်စုံဖြန့်ချိရေး
☎01-8500355 တောင်ဥက္ကလာမြင်သာဈေးအနီး

**ဝက်လက်မြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်၊ ပညာရည်ချွန်ဆုပေးပွဲ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ**

ဝက်လက်မြို့နယ်အသင်း၏ ဝါဆိုသင်္ကန်းကပ်၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နဝမအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ် မည်ဖြစ်ပါ၍ အသင်းသူ၊အသင်းသားများ မပျက်မကွက်တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

နေ့ရက် - ၃၀-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက်၉နာရီ
နေရာ - ဓမ္မစကြာရိပ်သာကျောင်း၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်
လမ်းညွှန် - ကမ္ဘာအေးဘုရားလမ်း၊ (၁၀၆)မှတ်တိုင်၊ MiCasa Hotel အနီး

ပညာရည်ချွန်ဆုပေးပွဲအတွက် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းသားများ၏ သား၊ သမီးများ ကြိုတင်စာရင်းပေးပါရန်။ (နှစ်ပတ်လည်အမှတ်တရ လက်ဆောင်ချီးမြှင့်ပါမည်။) ဖုန်း-၀၉-၅၁၂၉၂၇၇၊ ၀၉-၇၃၁၇၄၄၁၈

**MYAT HAN THAR CO.,LTD**
အမှတ် (၇၄/၇၆) ၊အခန်း (၁၀၃/၁၀၄) ပထမထပ်
ဗိုလ်တထောင်ဈေးလမ်း ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Contact Phone No. - 01- 299958, 292873
ဝန်ထမ်းအလိုရှိသည်။
(ပြည်တွင်း၌ ကျပ်ငွေဖြင့် ခန့်ထားရန်)

ရန်ကုန်မြို့ရုံးချုပ်တွင် ဆေးနှင့်ဆေးပစ္စည်းများ တင်သွင်းဖြန့်ချိရောင်းချလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိသည်။

(၁) The Accountant — မ (၁) ဦး
B.Com ဘွဲ့ရ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။
(၂) Assistant Store Keeper — မ (၂) ဦး
ဘွဲ့ရပြီးသူ ဖြစ်ရမည်။
(၃) Medical Representative — မ (၈) ဦး
ဆိုင်ရာဘွဲ့ ရရှိပြီးသူဖြစ်ရမည်။
(၄) Sales Promoter — မ (၆) ဦး
ဘွဲ့ရပြီးသူ ဖြစ်ရမည်။
(၅) Driver — ကျား (၁) ဦး
(ယ) လိုင်စင် ၊ လုပ်ငန်း အတွေ့အကြုံ (2) နှစ်ရှိရမည်။
ရန်ကုန်မြို့တွင်းလမ်းကျင်ရှားမောင်းနိုင်ရမည်။

ကိုယ်ရေးအကျဉ်း၊ ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်း မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ နှင့် အခြားလိုအပ်သည့် ထောက်ခံချက်များကို ပူးတွဲ၍ ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း အထက်ပါ လိပ်စာသို့ လျှောက်ထားနိုင်ပါသည်။

**ဝန်ထမ်းအလိုရှိသည်**
1. Sales & Marketing Manager-1 Post(Male/Female)Minimum Experience 3 Years
2. Technician-3 Posts (Male) Minimum Experience 1 Year in Coffee

Sales & Marketing Manager လျှောက်ထားသူသည် ရုပ်ရည်အသင့်အတင့်ရှိပြီး ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ အလုပ်ကိစ္စနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပ ခရီးသွားနိုင်သူဖြစ်ရမည်။
Coffee နှင့် ပတ်သက်၍ ကျွမ်းကျင်သူကို ဦးစားပေးမည်။ အင်္ဂလိပ်စာ အရေးအဖတ်ကျွမ်းကျင်ရမည်။
ဖော်ပြပါ သက်ဆိုင်ရာ ဝန်ထမ်းနေရာအလိုက် လစာကို ညှိနှိုင်းနိုင်ပါသည်။

Website-http://gloncoffee.com
Email-lucobest@gbncoffee.com

လျှောက်ထားလိုသူများသည် Golden Brown Coffee Co.,Ltd
အမှတ်(6A)သုစိတ္တလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း-၀၉-၂၅၀၈၀၀၆၉၈၊ ၀၁-၅၇၀၀၁၇၊ ၀၉-၂၅၀၈၀၀၆၂၆)သို့ မိမိ၏ CV Form နှင့်အတူ ဓာတ်ပုံ (၃)ပုံ၊ ခန့်မှန်းလစာ၊ ၃လအတွင်း စစ်ဆေးထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးစစ်လက်မှတ်၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ ၂၂-၈-၂၀၁၅ရက် မတိုင်ခင် လာရောက် လျှောက်ထားနိုင်ပါသည်။



# ညောင်တုန်းမြို့နယ် ရေဘေးသင့်စခန်းများရှိပြည်သူများ မိမိတို့နေအိမ်များတွင် ပြန်လည်နေထိုင်ရန် စည်းဝေးဆုံးဖြတ်

**ညောင်တုန်း ဩဂုတ် ၁၂**

ညောင်တုန်းမြို့နယ် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးကော်မတီ၏ ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီခွဲတွင် ပြုလုပ်သည့် အစည်းအဝေးဆုံးဖြတ်ချက်အရ ညောင်တုန်းမြို့ ရေအမှတ်သည် ၂၄ ဒသမ ၄၅ ပေသို့ ရောက်ရှိပြီဖြစ်၍ အန္တရာယ်ရှိသောအဆင့် (လိမ္မော်ရောင်) ကို ပယ်ဖျက်လိုက်ပြီး မြို့ပေါ်ရှိ ရေဘေးသင့်စခန်းများရှိ ပြည်သူများအနေဖြင့် မိမိတို့၏ နေအိမ်များတွင် စိတ်အေးချမ်းသာစွာ ပြန်လည်နေထိုင်ကြရန် ယင်းအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။

မြစ်ကမ်းထိန်းတာ၏အပြင်ဘက်တွင် နေထိုင်ပြီး ရေနစ်မြုပ်နေသေးသော နေအိမ်အချို့မှ မိသားစုများကိုသာလျှင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ အစီအစဉ်ဖြင့် ရေလွတ်ရာနေရာများတွင် ဆက်လက်နေထိုင်စေပြီး လိုအပ်သည့်ကူညီစောင့်ရှောက်မှုများပြုလုပ်ပေးရန် ယင်းအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။ ရေကျသွားသောနေရာများတွင်ရှိသော ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရေနစ်မြုပ်နေသည့် အခြေခံပညာကျောင်းများအားလုံးကိုလည်း မကြာမီဖွင့်လှစ်ပေးရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ပျက်စီးသွားသည့် စပါးသီးနှံများနှင့် ခြံသီးနှံများ၏စာရင်းကို မှန်ကန်တိကျစွာ အမြန်ဆုံးစာရင်းကောက်ယူပြုစုရန်နှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများကို အမြန်ဆုံးထောက်ပံ့ပေးရန် ဆုံးဖြတ်ခဲ့သည်။

ပန်းလှိုင်မြစ်တစ်ဖက်ကမ်း ကွင်းရေမြင့်တက်မှုကြောင့် ရေနစ်မြုပ်နေသော စံကင်းကျွန်းဒေသကူညီစောင့်ရှောက်ရေးအတွက် မြို့နယ်အဖွဲ့အစည်းများမှ အာရုံစိုက်၍ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကွပ်ကဲမှုရုံးသို့ အလှူရှင်များ၏ လာရောက်လှူဒါန်းနေမှုများကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စနစ်တကျ အသုံးပြုသွားရန် အစည်းဝေးတွင် ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။ **မအုပင်ခရိုင်(ပြန်/ဆက်)**

## ရေဘေးကယ်ဆယ်ရန် လာရောက်တည်းခိုနေသူများ ပစ္စည်းများအခိုးခံရမှု မကွေးတွင်ဖြစ်ပွား

**မကွေး ဩဂုတ် ၁၂**

မကွေးမြို့ ရန်ကျော်ရပ်ကွက်တွင် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် ရောက်ရှိတည်းခိုနေသူများ ပစ္စည်းများအခိုးခံရမှု ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း မကွေးနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၈ ရက် ညနေ ၃ နာရီက မကွေးမြို့ ရန်ကျော်ရပ်ကွက်နေ ဦးအောင်ကျော်သန်း၏နေအိမ်၌ ဩဂုတ် ၈ ရက် ညနေ ၃ နာရီတွင် မန္တလေးမြို့ တိုင်းရင်းဆေးရုံမှ ဆရာ၊ ဆရာမ ၂၄ ဦး ရေဘေးကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် ရောက်ရှိတည်းခိုခဲ့စဉ် ဩဂုတ် ၁၀ ရက် နံနက် ၅ နာရီခွဲတွင် တည်းခိုအမျိုးသား ၁၅ ဦးအိပ်သော နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းမှ ဆင်းကတ်ပါ HUAWEI အမျိုးအစား ဖုန်းခြောက်လုံး၊ ဆင်းကတ်ပါ SAMSUNG အမျိုးအစား ဖုန်းသုံးလုံး၊ ဆင်းကတ်ပါ Coolpad အမျိုးအစား ဖုန်းတစ်လုံး စုစုပေါင်းဖုန်း ၁၀ လုံး၊ လက်ပတ်နာရီ သုံးလုံး၊ ငွေ စက္ကူကျပ် ၉၇၀၀၀၀၊ ဖိနပ်တစ်ရံ စုစုပေါင်းကာလတန်ဖိုး ငွေကျပ်၃၅၇၈၅၀၀ ခန့်မှာ ပျောက်ဆုံးသွားခဲ့သည်။ အဆိုပါပစ္စည်းများ ပျောက်ဆုံးခဲ့မှုနှင့် ပတ်သက်၍ မကွေးမြို့နယ်မကွေးနယ်မြေရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

## စေတုတ္တရာမြို့နယ် ရေဘေးသင့်ကျေးရွာများသို့ မြင်းမူမြို့ ထီးဆောင်းစံပြရွာမှ ကျပ်သိန်း ၆၀ ဖိုး စားနပ်ရိက္ခာပစ္စည်းများ ထောက်ပံ့

**စေတုတ္တရာ ဩဂုတ် ၁၂**

မိုးအဆက်မပြတ်ရွာ၍ မုန်းတမံရေကြီးရေလျှံဖြစ်ပေါ်ပြီး အနီးဆုံးရှိ စေတုတ္တရာမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ ရေလွှမ်းမိုးခဲ့၍ လယ်ယာမြေအတွင်းရှိ စိုက်ပျိုးသီးနှံများ၊ လူနေအိမ်အချို့ကျွဲ၊ နွားတိရစ္ဆာန်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ကာ မိမိတို့နေအိမ်များကို စွန့်ခွာသွားခဲ့ရသည့် ရေဘေးသင့်ပြည်သူများအား မြင်းမူမြို့ ထီးဆောင်းကျေးရွာမှ ကျပ်သိန်း ၆၀ တန်ဖိုးရှိ စားနပ်ရိက္ခာပစ္စည်းများကို ဩဂုတ် ၉ ရက်က ကျေးရွာများထိ သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ရေလွှမ်းမိုးမှုကြောင့် ရေဘေးသင့်ကျေးရွာအဖြစ် ပထမဆုံးကြုံတွေ့ခံစားခဲ့ရသော စေတုတ္တရာမြို့နယ်အတွင်းရှိ ရွာများတွင်နေထိုင်သည့် ဒေသခံများ လတ်တလောလိုအပ်နေသော စားသောက်ဖွယ်ရာ၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများကို စကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ထီးဆောင်းစံပြကျေးရွာသူ ကျေးရွာသားများပေါင်းစု၍ ကုန်တင်ယာဉ်များ၊ လူအင်အားများဖြင့် လာရောက်လှူဒါန်းခဲ့ကြသည်။

ထီးဆောင်းစံပြရွာ အဖွဲ့ခေါင်းဆောင်က "ကျွန်တော်တို့လည်း ရေလွှမ်းမှုဒဏ်ခံရပါတယ်။ စိုက်ပျိုးသီးနှံတွေလောက်ပဲ ဆုံးရှုံးပြီး လူနဲ့အိမ်တွေ အခက်ခဲမဖြစ်ကြဘူး။ ဒီမှာက စပြီးဖြစ်ချိန်တိုင်း လူမှုကွန်ရက်စာမျက်နှာတွေ၊ ဂျာနယ်တွေမှာ နေ့စဉ်ဖော်ပြနေတော့ ထိရောက်တဲ့ကူညီမှုတွေ တိုက်ရိုက်လုပ်ဆောင်နိုင်တာပေါ့။ လာရောက်ထောက်ပံ့သူတွေကတော့ အမျိုးမျိုးပါပဲ။ တချို့က ကွပ်ကဲရေးရုံး ကယ်ဆယ်ရေးစခန်းတွေမှာ ရေဘေးသင့်ပြည်သူတွေအတွက် လှူဒါန်းထားခဲ့ကြတယ်။ တချို့ဆို ရွာကအခက်တွေ့နေသူတွေလက်ထဲ အရောက်သွားပေးတဲ့အခါ သူတို့ဘဝတွေမြင်တော့ စိတ်မကောင်းခြင်းက ပိုဖြစ်မိပါတယ်" ဟု ပြောသည်။

ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန် စောင့်မျှော်နေစဉ် စားဝတ်နေရေးအဆင်ပြေစေရန် အနယ်နယ်အရပ်ရပ်က ပြည်သူအချင်းချင်း လာရောက်ထောက်ပံ့မှုများရှိနေကြောင်း ရေဘေးသင့်ပြည်သူများထံမှ သိရသည်။ **ပိုင်ဇေ(မကွေး)**

## ရေဝင်နစ်မြုပ်ပျက်စီးခဲ့သော လယ်မြေများ အမြန်ဆုံးစိုက်ပျိုးနိုင်ရေး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ကူညီဆောင်ရွက်ပေး



**ရေတာရှည် ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆင်ဝွေကျေးရွာအုပ်စုတွင် ဇူလိုင်နှင့် ဩဂုတ်လအတွင်း အဆက်မပြတ်ရွာသွန်းခဲ့သောမိုးကြောင့် ရေဝင်နစ်မြုပ်ကာ ပျက်စီးခဲ့သောလယ်မြေများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူများ ကိုင်တွယ်မောင်းနှင်သည့် စက်ကိရိယာများအား ပြုပြင်ပေးခြင်း၊ စက်ကိရိယာများ စနစ်တကျကိုင်တွယ်အသုံးပြုနိုင်ရေးအတွက် ဩဂုတ် ၁၀ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"တောင်သူတွေ စက်ကိရိယာသုံးစွဲတဲ့အခါမှာ စနစ်တကျကိုင်တွယ်တတ်ဖို့လိုတယ်။ အကိုင်အတွယ်မတတ်ရင် ဖျက်ဆီးသလိုဖြစ်တယ်။ အဲဒီလိုမဖြစ်ဖို့ ကျွန်တော်တို့ရုံးက ဝန်ထမ်းတွေကို ကွင်းဆင်းပြီးတော့ ဆောင်ရွက်ခိုင်းတာပါ" ဟု မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးဝင်းမွန်က ပြောသည်။

ချောင်းငယ် မြောင်းငယ်များ ရေလျှံမှုကြောင့် ရေတာရှည်မြို့ဝန်းကျင်နှင့် အင်ဒိုင်းကျေးရွာအုပ်စု၊ ဆင်ဝွေကျေးရွာအုပ်စု၊ ကျွဲရိုင်းပြင်ကျေးရွာအုပ်စုများရှိ လယ်မြေဧကထောင်နှင့်ချီ၍ ပျက်စီးခဲ့ပြီး အဆိုပါဒေသများရှိ တောင်သူများ၏လုပ်ငန်းခွင်တွင် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **ကိုလွင်(ဆွာ)**

## သစ်ခွပန်းပင်များကို မိုဘိုင်းစနစ်ဖြင့် ဒေသအနှံ့ တစ်နှစ်ပတ်လုံးရောင်းချမှုများ ရှိလာ



**မန္တလေး ဩဂုတ် ၁၂**

တိုးတက်လာသောခေတ်တွင် သုံးဘီးဆိုင်ကယ်များကိုအသုံးပြုကာ သစ်ခွပန်းများကိုမိုဘိုင်းစနစ်ဖြင့် တစ်နှစ်ပတ်လုံး ဒေသအနှံ့ လှည့်လည်ရောင်းချလာကြသည်။

အထူးသဖြင့် တန်ဖိုးနည်းသစ်ခွပန်းအိုးများကို ရောင်းချကြသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ ဖုန်းများပေါများလာခြင်းသည်ပင် မိုဘိုင်းစနစ်ဖြင့်ရောင်းချသူတို့အတွက် အားသာချက်ဖြစ်လာသည်။ လက်ရှိကာလတွင် ယိုးဒယားသစ်ခွခေါ် သစ်ခွပန်းအိုးများကို ဒေသအနှံ့ မိုဘိုင်းစနစ်ဖြင့် လှည့်လည်ရောင်းချလျက်ရှိသည်။

သုံးဘီးဆိုင်ကယ်ကိုအသုံးပြုကာ ရောက်သည့်မြို့ရောက်သည့်နေရာတွင် တည်းခို၍ ကောင်းသောနေရာများတွင် ရပ်နားကာ ညအိပ်ရောင်းချကြသည်။ ပန်းအိုးကုန်သွားပါက ဖုန်းဖြင့်မှာလိုက်ရုံဖြင့် ကားများဖြင့် အရောက်တင်ပို့ပေးသည်။ မိမိရောက်ရှိရာနေရာ လိပ်စာတိကျစွာပြောပြီး စောင့်နေရုံသာလျှင်ဖြစ်သည်။ ယိုးဒယားသစ်ခွပန်းအိုးတစ်အိုးလျှင်ငွေကျပ် ၂၅၀၀ မှ ၃၅၀၀ အတွင်း ရောင်းချကြသည်။ ကုန်သည့်နေရာတွင် ဖုန်းဆက်ရုံဖြင့် အရောက်ပို့ပေးသည့်အတွက် မြန်မာနိုင်ငံနေရာအနှံ့ ဆက်သွယ်ရေးကောင်းမွန်သည့်နေရာတိုင်းကို လှည့်လည်ရောင်းချကြောင်း ရန်ကုန်မြို့ မရမ်းကုန်း(၅) ရပ်ကွက်မှ မြန်မာနိုင်ငံဒေသအနှံ့ မိုဘိုင်းစနစ်ဖြင့် ယိုးဒယားသစ်ခွပန်းအိုး လှည့်လည်ရောင်းချသူတစ်ဦးက ရှင်းပြသည်။

အခြားနိုင်ငံများတွင်အိမ်၌ စိုက်ပျိုးထားသော ပန်းအိုးများကို အလေးဂရုပြုလေ့ရှိသည်။ လက်ရှိ ကာလတွင် မြို့ပြတိုက်ခန်းများ၌ တန်ဖိုးနည်း အလှပန်းအိုးများကို စိုက်ပျိုးလေ့ရှိသည်။ ပန်းအိုးရောင်းချသူများသည် နှင်းဆီပန်းအိုးမှအစ ပျိုးဥယျာဉ်ခြံများဖြင့် တွင်ကျယ်စွာရောင်းချကြသည်။ **တိမ်တမန်**

## ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ မြစ်ကြီးနားတွင်ပြုလုပ်

**မြစ်ကြီးနား ဩဂုတ် ၁၂**

မြစ်ကြီးနားတွင် ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ ခေမာသီရပ်ကွက်ရှိ City Park Royal တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့်ပြန်လည်ထူထောင်ရေးဗဟိုဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ရီဘက်ခ်တာခင်က မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာနက ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံအခြေစိုက် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခသုတေသနဗဟိုဌာနမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး အဲရစ်နယ်ဆင်မှ ဌာနနှင့်ပတ်သက်၍ လုပ်ဆောင်နေရသော လုပ်ငန်းစဉ်များအား ပြောကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ကမ္ဘောဒီးယားနိုင်ငံအခြေစိုက် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခသုတေသနဗဟိုဌာနမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး အဲရစ်နယ်ဆင်ဦးစီးသည့် အဖွဲ့ဝင်များဖြင့် ဩ ဂုတ် ၁၀ ရက်မှ ၁၂ ရက်အထိ ပဋိပက္ခနှင့် ပဋိပက္ခဆိုင်ရာ စနစ်များ နားလည်မှုသဘောတရားများ၊ ငြိမ်းချမ်းရေးသဘောတရားများ၊ ပဋိပက္ခအပေါ် သုံးသပ်ခြင်း၊ လက်တွေ့ ပဋိပက္ခသုံးသပ်ခြင်းစနစ်၊ နီပေါနိုင်ငံ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ဆိုင်ရာနားလည်မှုသဘောတရား၊ တောင်အာရှရှုထောင့်၊ လိုက်ဘေးရီးယားနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်၊ နိုင်ငံရေးဆိုင်ရာနားလည်မှုသဘောတရား၊ အာဖရိကရှုထောင့်၊ အငြင်းပွားမှုဆိုင်ရာဖြေရှင်းခြင်းနည်းလမ်းများ၊ ပြန်လည်သင့်မြတ်မှုရယူခြင်း၊ ကြားဝင်စေ့စပ်ပေးခြင်း၊ အပေးအယူလုပ်ခြင်းအတွက် မရှိမဖြစ်လိုအပ်သော အရည်အချင်းများနှင့် အမေးအဖြေအခန်းကဏ္ဍများကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ရီဘက်ခ်တာခင်၊ ကမ္ဘောဒီးယားနိုင်ငံအခြေစိုက် ငြိမ်းချမ်းရေးနှင့်ပဋိပက္ခသုတေသနဗဟိုဌာနမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး အဲရစ်နယ်ဆင်နှင့် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO၊ INGO များ တက်ရောက်ခဲ့ကြသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# ရေဘေးသင့်ပြည်သူများသို့ တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း ဆန်နှင့် ဆေးဝါးများလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၂**

တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း (သဘာဝ ခေါ် သံဖောင်ဒေးရှင်း) သည် ရေဘေးကယ်ဆယ်ရေးကော်မတီဖွဲ့ကာ ရေဘေးသင့်ဒေသများအနက် ပျက်စီးဆုံးရှုံးမှုများပြီး သွားလာရခက်ခဲသောဒေသသုံးခုဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်းရှိ ကလေးဒေသ၊ ချင်းပြည်နယ်မြောက်ပိုင်းရှိ ဟားခါးနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများသို့ ဆန်၊ ဆေးဝါးနှင့် အဝတ်အထည်များ ပေးပို့လှူဒါန်းခဲ့ကြောင်း ရေဘေးကယ်ဆယ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောသည်။

"တောင်တက်ခရီးစဉ်တိုင်းမှာ ခရီးစဉ်တစ်လျှောက် ဒေသခံတိုင်းရင်းသားတွေကို ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ကူညီပံ့ပိုးမှုတွေလုပ်ခဲ့တော့ အဲဒီအတွေ့အကြုံတွေ၊ နာဂစ်အတွေ့ကြုံတွေ ကျွန်တော်တို့မှာရှိပါတယ်။ အဲဒီအတွေ့အကြုံတွေအရ ရေဘေးကြောင့်ပျက်စီးဆုံးရှုံးမှုများပြီး သွားလာရခက်ခဲတဲ့ ကလေး၊ဟားခါးနဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွေကို ကယ်ဆယ်ရေးနဲ့ပြန်လည်ထူထောင်ရေးတွေလုပ်ပေးဖို့ဆုံးဖြတ်ခဲ့တာပါ" ဟု ဦးမျိုးသန့်က ပြောသည်။

တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း (သဘာဝ ခေါ် သံဖောင်ဒေးရှင်း) က ရခိုင်ပြည်နယ်မြောက်ပိုင်း ရေဘေးသင့်ဒေသသို့ ဆန်အိတ် ၁၀၀ ကို ဩဂုတ်ဒုတိယပတ်တွင် စစ်တွေမြို့မှတစ်ဆင့် ပေးပို့လှူဒါန်းခဲ့သည်။ အသင်းနာယက ဒေါက်တာဒေါ်ခင်မေအုန်းဦးဆောင်သော ဆေးကုသရေးအဖွဲ့ဝင်လေးဦးလိုက်ပါသည့်အဖွဲ့သည် ရွှေပါရမီဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြောက်ဦး၊ ကျောက်တော်မြို့နယ်များသို့ သွားရောက်ကာ ဩဂုတ်၁၀ ရက်မှ စတင်ပြီး ငါးရက်ကြာ ဆေးကုသမှုများဆောင်ရွက်မည်ဖြစ်သည်။

ကလေးမြို့နှင့် ဟားခါးမြို့များသို့ အိမ်သုံးဆေးဝါးများ၊ အဝတ်အထည်နှင့် ကယ်ဆယ်ရေးပစ္စည်းများကို ဩဂုတ် ၉ ရက်တွင် ကလေးမြို့နယ်အသင်းမှ တစ်ဆင့် ပေးပို့လှူဒါန်းခဲ့သည်။ ယင်းဒေသများသို့ ဆန်အိတ်များကိုလည်း ဆက်လက်ပေးပို့ရန်စီစဉ်ထားကြောင်း သိရသည်။

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း (သဘာဝ ခေါ်သံဖောင်ဒေးရှင်း) သည် 'အ' သုံးလုံးအဖွဲ့ဝင်ဟောင်းများနှင့် ဖွဲ့စည်းထားသော စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့နှင့်ပူးပေါင်းကာ ဩဂုတ်တတိယပတ်တွင် ကလေးခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို ရက်ရှည်ကွင်းဆင်းဆေးကုသပေးမည်ဖြစ်သည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများတွင်လည်း ဆေးကုသပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

ကြေးမုံ

## အန္တရာယ်ကင်း ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်

**မောက်မယ် ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်ဒေသအတွင်းရှိ သဘာဝဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် အန္တရာယ်ကင်း မဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို မွေတော်ဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၈ ရက် နံနက် ၆ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာအခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များနှင့် ဓမ္မမိတ်ဆွေ တိုင်းရင်းသားပြည်သူများက နမောတဿသုံးကြိမ်ရွတ်ဆိုပူဇော်ဖွင့်လှစ်ပြီး ဝါတော်အလိုက် ဆရာတော်ကြီးများက မဟာပဋ္ဌာန်းဒေသနာတော် ခုနစ်ကျမ်းကို ဩဂုတ် ၈ ရက်မှ ၁၂ ရက်အထိ အသံမစဲအန္တရာယ်ကင်း မဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ငါးရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်းမျိုးသန့်(ပြန်/ဆက်)

# ရေဘေးသင့်ပြည်သူများကို ကူညီရာတွင် ကိုယ့်အသိစိတ်နှင့်ကိုယ် လာရောက်ကူညီ လုပ်အားပေးပါလို့ ခေါ်စရာ မလို ကူညီပေးမယ့်သူ အလျှံအပယ်ပါပဲ

**ရန်ကုန် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး၌ မိုးရွာသွန်းမှုများပြားပြီး မြစ်ရေမြင့်တက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားရာတွင် ဇလွန်မြို့နယ်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ဇလွန်မြို့၌ ကမ်းနားတာအပြင်ဘက်ခြမ်းမှလွဲ၍ မြို့တွင်းရေကြီးရေလျှံမှု မဖြစ်ပေါ်သော်လည်း မြို့နယ်အတွင်း ကျေးရွာများ၌ ယင်း သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့နေရသည်။

ဇလွန်မြို့နယ်တွင် အိမ်ထောင်စု ၈၈၁၆ စုနှင့် စုပေါင်း ၃၅၉၇၅ ဦး ရေဘေးဒဏ်ခံနေရသော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနဆိုင်ရာအသီးသီး၊ ပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များကြောင့် နေထိုင်စားသောက်ရေး အခက်အခဲမရှိသည်ကို တွေ့မြင်ခဲ့သည်။

၎င်းမြို့နယ်အတွင်း၌ ရွာပေါင်း ၉၆ ရွာက ရေဘေးကြုံတွေ့နေရပြီး ကယ်ဆယ်ရေးစခန်း ၅၀ ဖွင့်လှစ်ထားပြီး ယင်းနေရာများကို ထောက်ပံ့ပစ္စည်းများ စနစ်တကျ အချိန်မီရောက်ရှိအောင် ကူညီဆောင်ရွက်ပေးနေသည့် မြို့နယ်ရေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုရုံးသို့ သွားရောက်ခဲ့သည်။

ကွပ်ကဲရေးအဖွဲ့မှ ဦးဆောင်ပါဝင်လုပ်ဆောင် ပေးလျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမောင်အား မေးမြန်းရာ "ဒီမှာက အဖွဲ့စည်းအစုံ လူမှုရေးအသင်းအဖွဲ့စုံ ပါဝင်လုပ်ဆောင်ပေးနေတာပါ။ ဇလွန်မြို့မှ ချစ်စရာကောင်းတာက ရေဘေးသင့်ပြည်သူကို ကူညီရာမှာ ကိုယ့်အသိစိတ်နဲ့ကိုယ် လာရောက်လုပ်ကိုင်ပေးကြတာ။ လုပ်အားပေးခေါ်စရာ မလိုဘူး။ ကူညီလုပ်ပေးမယ့် ပြည်သူတွေကလည်း အလျှံအပယ်ပါပဲ။ အခုဆိုရင် ကြည့်လေ အလှူရှင်တွေ အဆက်မပြတ်ဝင်နေတယ်။ သူတို့တွေက အရောက်အပေါက်နည်းပြီး အမှန်တကယ် လိုအပ်တာတွေမေးတယ်။ ကိုယ်တိုင်သွားရောက် လှူဒါန်းလိုတယ်။ အဲ့ဒီလို လှူဒါန်းတဲ့အခါ ဘာအကူအညီလိုအပ်လဲပေါ့။ အဓိကတော့ သွားရေးလာရေးအတွက်စက်လှေ၊ လမ်းညွှန်ရယ်ပါ။ သူတို့လှူဒါန်းရန်အတွက် လိုအပ်ချက်မှန်သမျှကို အားလုံးစီစဉ်ပေးပါတယ်။ ဧရာဝတီမြစ်ရေပြန်ကျနေပြီဖြစ်ပေမယ့် ပြင်ဆင်မှုကိုတော့ မလျှော့ပါဘူး။ ထူထောင်ရေးအတွက်ပါ။ ရေကြီးရေလျှံမှု မဖြစ်ခင်ကတည်းက ဝါသလကျေးရွာနဲ့ ညောင်ပင်သာကျေးရွာတွေ ကမ်းပြိုမှုဖြစ်ကတည်းက စည်ပင်၊ ရဲတပ်ဖွဲ့၊ မီးသတ်တွေက ပူးပေါင်းဆောင်ရွက်နေတာ အခုလိုရေကြီးရေလျှံမှုကြောင့် ကူညီဆောင်ရွက်ရေး လုပ်ငန်းတွေက တစ်ဆက်တည်းဖြစ်လာတာပါ"ဟု ပြောသည်။

မြို့နယ်မီးသတ်စခန်း တာဝန်ခံ လက်ထောက်ဦးစီးမှူး ဦးလွင်ကိုလတ်ကလည်း "မီးသတ်တပ်ဖွဲ့က သဘာဝဘေးအန္တရာယ် ကျရောက်လာရင် ပြည်သူတွေ အသက်အန္တရာယ် ဆုံးရှုံးမှုမရှိအောင် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းတွေကို လုပ်ဆောင်ပေးရပါတယ်။ တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အပြင် အရန်တပ်ဖွဲ့တွေလည်းရှိပါတယ်။ လက်ရှိဆို တပ်ဖွဲ့ဝင်တွေအားလုံးက ကယ်ဆယ်ရေးစခန်းတွေရေကင်းတွေမှာလည်း ပါဝင် လုပ်ဆောင်ပေးပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းနဲ့ အတူ လုပ်ဆောင်နေပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်မှုကို အဖွဲ့အစည်းပေါင်းစုံက တက်ညီလက်ညီ လုပ်ဆောင်နေလို့ အခက်အခဲ မှန်သမျှကျော်လွှားနိုင်မှာပါ"ဟု ပြောသည်။

ဇလွန်မြို့မြစ်ရေ၏ စိုးရိမ်ရေမှတ်မှာ ၃၈ဒသမ ၀၅ပေဖြစ်ပြီး လက်ရှိအချိန်တွင် ၄၀ဒသမ ၂၀ပေ ဖြစ်ကာ အမြင့်ဆုံး ၄၁ဒသမ ၆၀ပေထိ တက်ခဲ့ကြောင်းသိရသည်။

ကိုသက်(ဗိုလ်တထောင်)၊

# ရွှေတချောင်း မြောင်းပေါင် ရေတိုက်စား၍ ကျိုးပေါက်



**မတ္တရာ ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ဩဂုတ် ၁၀ ရက်က မိုးရေချိန် ၄ ဒသမ ၅၃ လက်မထိ သည်းထန်စွာရွာသွန်းခဲ့သောကြောင့် ရွှေတချောင်းမြောင်းထဲတွင် မိုးရေများလျှံတက်လာခဲ့ရာ ဩဂုတ် ၁၁ ရက် နံနက် ၇ နာရီက ဝက်ခဲကျေးရွာအုပ်စု ရွှေတချောင်းမြောင်းမကြီး ကျောက်တိုင်အမှတ် ၇၇+၀၀၀ ပေတွင် လယ်ရေပေးပြွန်မှ ထူးပေါက်ပေါက်၍ ရေတိုက်စားရာ နံနက် ၉ နာရီတွင် အကျယ် ၁၅ ပေခန့် တူးမြောင်းပေါင် ကျိုးပေါက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျိုးပေါက်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများမှ ကျိုးပေါက်ရာနေရာတွင် မျောတိုင်များ၊ ဝါးလုံးများ၊ ဝါးကပ်များ၊ သဲအိတ်များနှင့် ပိတ်ဆို့ကာကွယ်မှုများပြုလုပ်လျက်ရှိသည်။ အဆိုပါမြောင်းပေါင်ကျိုးပေါက်မှုကြောင့် ကျေးရွာများနှင့် စပါးစိုက်ဧကများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

## ကုန်သည်စက်မှုအသင်းချုပ်၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေး ရက်ရွှေ့ပြောင်းကြောင်း အသိပေးကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို မူလက ၁၅-၈-၂၀၁၅ရက်(စနေနေ့) ၁၃း၃၀နာရီတွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်ရန် ဖိတ်ကြားစီစဉ်ခဲ့ပါသည်။

ယခုအခါ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ရေဘေးသင့်ပြည်သူများ ကယ်ဆယ်၊ ကူညီရေးကိစ္စရပ်များကို အသင်းချုပ်အနေဖြင့်လည်းကောင်း၊ ညီနောင်အသင်းများမှလည်းကောင်း၊ ဦးစားပေး ဝိုင်းဝန်းကူညီဆောင်ရွက်ရန် ရှိပါသောကြောင့် အစည်းအဝေးကျင်းပပြုလုပ်မည့် နေ့ရက်နှင့်အချိန်တို့ကို ပြောင်းရွှေ့၍ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ၉ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၃း၀၀နာရီတွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပ မည်ဖြစ်ကြောင်း ထပ်မံအကြောင်းကြား ပြင်ဆင်ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုသည်များကို အသင်းချုပ်တည်ရှိရာ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း(၀၁-၂၁၄၃၄၄ မှ ၀၁-၂၁၄၃၄၉)အထိ အသင်းသားရေးရာဌာန၊ လိုင်းခွဲ ၁၃၁၊ ၁၄၀၊ ပြည်သူ့ဆက်ဆံရေးဌာန-လိုင်းခွဲ ၃၂၃၊ အတွင်းရေးမှူးဌာန ဖုန်းနံပါတ် ၀၁-၂၃၀၁၅၅၆၊ စီမံရေးရာဌာန၊ ဖုန်းနံပါတ် ၀၁-၂၃၀၁၅၆၅သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

အသင်းချုပ်၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို အသင်းချုပ်ဝက်ဘ်ဆိုဒ်ဖြစ်သော www.umfcci.com.mmတွင် ကြည့်ရှုနိုင်ပါကြောင်းနှင့် ရိုက်နှိပ်ထားသည့် အစီရင်ခံစာ စာအုပ်နှင့် စီဒီခွေများကို ဩဂုတ်လ ၁၅ ရက်နောက်ပိုင်းတွင် အသင်းချုပ်၌ လာရောက်ထုတ်ယူနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ကုန်သည်စက်မှုအသင်းချုပ်

## မြင်းခြံဒီဂရီကောလိပ်မှ ရေဘေးရှောင်ပြည်သူများအတွက် ငွေနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**မြင်းခြံ ဩဂုတ် ၁၂**

မြစ်ရေဝင်ရောက်သဖြင့် ရေဘေးရှောင်သူပြည်သူများအတွက် ငွေနှင့်ထောက်ပံ့ပစ္စည်းများကို မြင်းခြံဒီဂရီကောလိပ်မှ ဩဂုတ် ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြင်းခြံဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများက ရေဘေးရှောင်ပြည်သူများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စုပေါင်းလှူဒါန်းကြသော ငွေကျပ် ၁၆၉၉၀၅၀ နှင့် ဆန်၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဘူး၊ ဆပ်ပြာခဲနှင့် အဝတ်အစားများကို ပါမောက္ခနှင့် ဌာနမှူးများက မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ကြော်ငြာ

POLO CLUB (ASIA) RESIDENCE












* ရန်ကုန်မြို့၏ အထင်ကရဖြစ်လာမည့် ၃၄ထပ်အမြင့်ရှိသော ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
* ဆန်းသစ်သော စိတ်ကူးများဖြင့် ပုံဖော်ထားသည့် ရန်ကုန်မြို့တွင်းမှ ခေတ်မီလှပသော မြို့ပြငယ်လေး
* ဆက်သွယ်သွားလာရန် လွယ်ကူကောင်းမွန်သော ၆လမ်းသွားလမ်းမကြီး ၂ခု၏ဆုံရာတွင် တည်ရှိခြင်း
* စင်္ကာပူနိုင်ငံမှ ဗိသုကာပညာရှင်များ၏ လက်ရာမြောက် နောက်ဆုံးပေါ်ကွန်ဒိုအိမ်ရာဒီဇိုင်း
* ရွှေတိဂုံစေတီတော်မြတ်ကြီးအား မိမိ၏နေအိမ်မှ ဖူးမြော်နိုင်မည့်အခွင့်အရေး
* အင်းယားကန်ရေပြင် နှင့် ကန်တော်ကြီး တို့၏ စိတ်ကြည်နူးဖွယ်ကောင်းသော ရှုမြင်ကွင်း
* အချိန်ပြည့် လျှပ်စစ်ဝန်ဆောင်မှုစနစ် နှင့် မိသားစုတိုင်းအတွက်လုံခြုံစိတ်ချရသော ၂၄နာရီလုံခြုံရေးဝန်ဆောင်မှုစနစ်
* Olympic size ပေ(၁၅၀)ကျော်အရှည်ရှိမည့် infinity edge ရေကူးကန် နှင့် gym, jacuzzi, spa, sauna, steam rooms, cigar room, clubhouse, multi purpose rooms အစရှိသော ကွန်ဒိုဝန်ဆောင်မှုများ

WWW.POLOCLUBASIA.COM

HOTLINES : 09-795889588 | 09-796889688 | 09-797889788

Sales Gallery : No 51/A, Corner of East Race Course Road and Laydaungkan Road, Tamwe Township, Yangon, Myanmar.

# “ ကျေးဇူးဥပကာရတင်ရှိပါကြောင်း ”

ရန်ကုန်တိုင်းဒေသကြီးမှစတင်၍ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင် အထိတိမ်ကောစပြု၍စီးဆင်းနေသည့် ပန်းလှိုင်မြစ်ကြီးအား ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဆည်မြောင်းဦးစီးဌာနမှ ကြိုးပမ်း အားထုတ်၍ သောင်ထွန်းတိမ်ကောစပြုနေသည့် ပန်းလှိုင်မြစ်ကြီးအား ရေစီး ရေလာကောင်းမွန်စေရန် အချိန်နှင့်တစ်ပြေးညီလုပ်ဆောင်ပေးခဲ့မှု ကြောင့်မအူပင် ခရိုင်၊ ညောင်တုန်းကျွန်း၊ ရေနက်ကွင်းနေပြည်သူများနှင့် ငါးမွေးမြူရေးကန်များမှာ ရေကြီးရေလျှံသည့်ဘေးမှကင်းလွတ်ခဲ့ရသဖြင့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရနှင့်တကွ လုပ်ငန်းဖော်ဆောင်ပေးခဲ့သည့် လယ်ယာစိုက်ပျိုး ရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့အား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း နှင့်အဆိုပါတိမ်ကောစပြုနေသည့် ပန်းလှိုင်မြစ်ကြီးအား ရေစီးရေလာကောင်းမွန် စေရန်အမြန်ဆုံးဆောင်ရွက်ပေးစေလိုပါကြောင်း ပြည်သူ့လွှတ်တော်တွင် မေးခွန်း အဆိုပြုတင်သွင်းခြင်း၊ တိုက်တွန်းခြင်းဆောင်ရွက်ပေးခဲ့သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခိုင်မောင်ရည် (အလုံမြို့နယ်၊ မဲဆန္ဒနယ်)အားလည်း အထူး ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျေးဇူးတင်စွာဖြင့်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊
ညောင်တုန်းမြို့နယ်၊ ညောင်တုန်းကျွန်း၊ ကျွန်းသူ/ကျွန်းသားများ။
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မအူပင်မြို့နယ်၊ မအူပင်ခရိုင်။

ကြော်ငြာ





မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်ရှိ ရေဘေးသင့်ဒေသများတွင်ရှိသော ရေဘေးဒုက္ခကြုံတွေ့နေရသော ပြည်သူများအတွက် ကျွန်တော် ၊ ကျွန်မတို့ မိသားစုမှ ကျပ်သိန်း ( ၁ဂဂဂ ) ကျော် တန်ဖိုးရှိ အလှူငွေ၊ ဆန်နှင့် အခြား လိုအပ်သောအစားအစာ၊ ရေသန့်ပစ္စည်းများကို ကူညီပံ့ပိုးမှုပေးသော ရေဘေးကယ်ဆယ်ရေး အဖွဲ့များ၊ ဖောင်ဒေးရှင်းများမှတစ်ဆင့်နေရာဒေသအသီးသီးသို့ လှူဒါန်းပေးခဲ့ပါသည်။ ကျွန်တော်၊ ကျွန်မတို့ မိသားစုမှလည်း ထိုရေဘေးသင့်ပြည်သူများ နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့်ဒေသများတွင်ရှိသော ရေဘေးဒုက္ခကြုံတွေ့နေရသော ပြည်သူများအနေဖြင့်လည်း စိတ်အားမငယ်၊ စိတ်ဓာတ်မကျဘဲ မိမိတို့ဘဝကိုယ်စီ အမြန်ဆုံး ပြန်လည် ရပ်တည် ထူထောင် နိုင်ပါစေကြောင်း အားပေးမှုများနှင့်အတူ ဆုတောင်းပေးလျက် ရှိပါသည်။

- i-MAX, Giorenzo, Giorenzo, U'JAZZ
- K.M Fashion Shop မိသားစု
- ဒေါ်ဝင်း ( အထည်ဆိုင် ) မိသားစု
- Dr. ဝင်းနန္ဒာသိုက်

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

Yangon University of Distance Education
YUDE

လှိုင်သာယာအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန-ရန်ကုန်အဝေးသင်တက္ကသိုလ် နှင့်
KMD Computer Group တို့ပူးပေါင်းဖွင့်လှစ်သည့် Diploma သင်တန်းများ

KMD

- Diploma in Web Development
- Diploma in Network Communication

- တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ/အောင်မြင်ပြီးသူများ နှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများတက်ရောက်နိုင်ပါသည်။
- သင်တန်းကာလမှာ(၈)လကြာမြင့်ပါမည်။
- သင်တန်းပြီးဆုံးပါက ပညာရေး ဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သောဒီပလိုမာအောင်လက်မှတ် ရရှိပါမည်။
- Microsoft မှစစ်ဆေးသော 70-410 နှင့် 70-461 စာမေးပွဲများဖြေဆိုနိုင်သည်အထိသင်ကြားပေးပါမည်။
- လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် OJT သင်တန်းကိုဆက်လက်တက်ရောက်နိုင်ပြီးအလုပ်အကိုင်အခွင့်အလမ်းများရရှိပါမည်။
- ကျောင်းသား/သူဟောင်းများ၊အစိုးရဝန်ထမ်းများ၊ ဝန်ထမ်းသား/သမီးများအတွက် Discount နှင့် ပညာသင်ထောက်ပံ့ကြေးများရယူနိုင်ပါသည်။



ထပ်တန်းဖွင့်လှစ်မည့်ရက်
ဩဂုတ်လ (၁၈)ရက်၊ ၂၀၁၅
ရန်ကုန်အဝေးသင်တက္ကသိုလ်ဝင်း၊ထပ်ထုံလမ်း၊ထမာရွှတ်။

Diploma ➡ Second Year Computing Diploma ➡ B.Sc (Hons) Business Information Technology (BIT)

☎ - ဆက်သွယ်ရန်ဖုန်း- ၀၉-၈၃၀၃၇၇၅ ၊ ၀၁- ၅၀၁၂၄၇၊ ၂၉၁၉၂၅၊ ၅၀၂၂၃၃၊ ၃၈၅၈၇၇၊ ၅၄၁၃၂၈၊ ၅၄၆၆၀၀၊ ၂၂၀၅၅၅၊ ၆၆၀၈၈၇၊ ၅၀၅၇၉၉။

Asia Myanmar Pure WATER INC.
အမှတ်(33/D)၊ရွှေဟသာလမ်း၊၆မိုင်ခွဲ၊ပြည်လမ်း၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။
Email:asiamyanmar.tloo@gmail.com Ph:01-524094,09-5146604,09-73027665

ရေဘေးကယ်ဆယ်ရေးအဖွဲ့များအတွက်မြစ်ရေသန့်စက်များကိုအထူးဈေးနှုန်းအမြတ်မယူ ၁၇ သိန်း ကျပ် တိတိ ဖြင့် ၃ရက် ကြိုတင်မှာယူနိုင်ပါ ပြီ







စီးပွားဖြစ် ရေသန့် ထုတ်လိုသူများ အတွက် ရေသန့်စက်အမျိုးမျိုး၊ရေဘူးဆေးစက်၊ ရေဘူးဖြည့်စက်များ နှင့်စက်ရုံတည်ဆောက်မှုများကို စိတ်တိုင်းကျဆောင်ရွက်ပေးနေပါပြီ။
" သောက်ရေသန့် ၊ သုံးရေသန့် ကို အခြေခံ၍ လူနေမှုဘဝ မြှင့်တင်ကြစို့ "

## ကျန်းမာရေးစောင့်ရှောက်မှု အလှူငွေပေးအပ်ခြင်း



မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ဝိဝေကာဝါသကျောင်းတိုက်၊ ကရုဏာကုသိုလ်ဖြစ်ဆေးခန်းတွင် (၁၀-၈-၂၀၁၅)ရက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ဆရာတော် အရှင်မေဓာဝီ၊ ခရမ်းကျောင်း ၂/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ အလှူတော်ငွေ (၅)သိန်းကျပ်တိတိကို လှူဒါန်းခဲ့ပါသည်။


တရုတ်
Sayar.Yang
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ENGLISH
Conversation Practice
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall TAMWE - 540714, 09 5183636
09 49 285182

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှည်းတန်းဈေးနှင့်တိုက်)
0973001453, 0930775232, 503472 တွင် ဖုန်းလှမ်းမှတ်ပုံတင်နိုင်ပါသည်

| မြို့လယ်ကျောင်း | | | |
|---|---|---|---|
| **Basic English Speaking** | | | |
| 10-11:30 | (Mon - Thurs) | 12 | Aug |
| 9 - 12:00 | (Sat + Sun) | 16 | Aug |
| 1 - 2:30 | (Mon - Thurs) | 17 | Aug |
| 1 - 2:30 | (Mon - Thurs) | 24 | Aug |
| **Basic Four Skills English** | | | |
| 3:30 - 5 | (Mon - Thurs) | 10,17 | Aug |
| 6 - 7:30 | (Mon - Thurs) | 10 | Aug |
| 7:30-10:30 | (Sat + Sun) | 15,29 | Aug |
| 1 - 4:00 | (Sat + Sun) | 16,22 | Aug |
| 10-11:30 | (Mon - Thurs) | 17,24 | Aug |
| 1 - 2:30 | (Mon - Thurs) | 18,31 | Aug |
| 3:30 - 5 | (Mon - Thurs) | 24 | Aug |
| **Vocab Enrichment** | | | |
| 10-11:30 | (Mon - Thurs) | 17 | Aug |
| 1 - 4:00 | (Sat + Sun) | 12 | Sep |
| **Pre-Intermediate (4-Skill English)** | | | |
| 9 - 12:00 | (Sat + Sun) | 16 | Aug |
| 1 - 2:30 | (Mon - Thurs) | 18 | Aug |
| 10-11:30 | (Mon - Thurs) | 7 | Sep |
| 7:30 - 9 | (Mon - Thurs) | 23 | Sep |
| **Intermediate (Academic English)** | | | |
| 9 - 12:00 | (Sat + Sun) | 23 | Aug |
| 10-11:30 | (Mon - Thurs) | 7 | Sep |
| **Basic Grammar** | | | |
| 10-11:30 | (Mon - Thurs) | 31 | Aug |
| **Intermediate Grammar** | | | |
| 7:30 - 9 | (Mon - Thurs) | 24 | Aug |
| **Basic Writing** | | | |
| 10-11:30 | (Mon - Thurs) | 24 | Aug |
| 12 - 3:00 | (Sat + Sun) | 5 | Sep |

| လှည်းတန်းကျောင်းခွဲ | | | |
|---|---|---|---|
| **Basic English Speaking** | | | |
| 7:30 - 9 | (Mon - Thurs) | 10 | Aug |
| 10-11:30 | (Mon - Thurs) | 17 | Aug |
| 1 - 2:30 | (Mon - Thurs) | 17 | Aug |
| **Basic Four Skills English** | | | |
| 3:30 - 5 | (Mon - Thurs) | 17 | Aug |
| 12 - 3:00 | (Sat + Sun) | 22 | Aug |
| 10-11:30 | (Mon - Thurs) | 24 | Aug |
| 6 - 7:30 | (Mon - Thurs) | 24,31 | Aug |
| **IELTS (Preparation)** | | | |
| 7:30-9:30 | (Mon - Thurs) | 14 | Sep |
| 1 - 3:30 | (Mon - Thurs) | 21 | Sep |
| **IELTS (Speaking)** | | | |
| 7:30 - 9 | (Mon - Thurs) | 14 | Sep |
| **Basic Grammar** | | | |
| 7:30-10:30 | (Sat + Sun) | 13 | Sep |
| **Pre-Intermediate (4 Skill English)** | | | |
| 7:30-10:30 | (Sat + Sun) | 23 | Aug |
| 10-11:30 | (Mon - Thurs) | 2 | Sep |
| **Intermediate (Academic English)** | | | |
| 12 - 3:00 | (Sat + Sun) | 12 | Sep |
| **IELTS Four Skills** | | | |
| 12:30 - 3:30 | (Sat + Sun) | 12 | Sep |
| **IELTS (Reading)** | | | |
| 7:30-9:30 | (Mon - Thurs) | 10 | Aug |
| **IELTS (Writing)** | | | |
| 7:30 - 9 | (Mon - Thurs) | 7 | Sep |
| **IELTS (Grammar)** | | | |
| 10-11:30 | (Mon - Thurs) | 14 | Sep |


**အမည်ပြောင်း**
အဖဦးဇော်ညွန့်[၁၂/ဗတထ(နိုင်)၀၁၀၉၂၉]၏သမီးဖြစ်သူ အထက (သုဝဏ္ဏ) အဋ္ဌမတန်း(E) တွင် ပညာသင်ကြားနေသော မလမင်းအောင်အား မဆုရတနာလွင်ဟုပြောင်းလဲခေါ် ဆိုပါရန်။ မဆုရတနာလွင်


ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

Since 1996
Home
Think of House, Think of Home
ကျန်းမာသော အစားသုံး အခန်းတာ လျှော့ထိုး
Special Promotion!!
BUY
GET
Kitchen Cabinet !!
(Stock Limited အတွင်းသာ)
READY MADE FLOOR
Package Promotion!!
(Stock Limited အတွင်းသာ)
ပါကေးအစားထိုး ကြမ်းခင်း Promotion
** ဗိုက်ရက်မရှိ
ရန်ကုန် - ဖုန်း - 09 730 84 840 , 09 730 84 841
မန္တလေး - အမှတ် (471)၊ 82 လမ်း ( 34 လမ်း နှင့် 35 လမ်းကြား ) မန္တလေး။ ဖုန်း - 09 3311 6626 , 09 3322 6636
နေပြည်တော် - အမှတ် (1237)၊ နေပြည်တော်။ ဖုန်း - 09 730 84 844 , 09 795900 146
မော်လမြိုင် - အမှတ် (33)၊ မော်လမြိုင်မြို့။ ဖုန်း - 09 79 58 999 80 , 09 79 58 999 81

HOME DECORATIVE ITEMS
STOREWIDE GRAND SALE
UP TO 60% off
GRAND STYLE
Building : G3, Room No. 46-52 သီရိရတနာ လက်ကားဈေးဝင်း၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
TEL +95-1-1224217, https://www.facebook.com/GrandStyleMM
GRAND STYLE
YOUR PROJECT PARTNER

အောင်နိုင်သူ မဟာစိန် ကုမ္ပဏီလီမိတက်
Winner Super Diamond Pile Co., Ltd.
W.S.D GROUP
W.S.D Pile
လူကြီးမင်းတို့၏ အဆောက်အအုံ များနှင့် စက်ရုံများတွင် ပိုင်ရိုက်ခြင်း၊ Bored Pile, လုပ်ငန်းများ ဆောင်ရွက်လိုပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph: 09-73131288, 09-73150482, 09-73196888, 09-5026793,
Off: Ph- 09-250 288811, FAX: 01-381964, Email: wsd - pile @ myanmar.com.mm

# ဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခဦးသန်းဆွေ

## အသက်(၇၀)

ပါမောက္ခချုပ်(ငြိမ်း)၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ရန်ကုန်မြို့၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ ၁၅၄ လမ်း၊ အမှတ် ၁၂(A)နေ ဒေါ်ယုယုခင်၏ ချစ်လှစွာသောခင်ပွန်း ဆရာကြီး ပါမောက္ခ ဦးသန်းဆွေသည် ၉-၈-၂၀၁၅ ရက်(တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး ကောင်းရာသုဂတိလားပါစေ။

**မိတ္ထီလာစီးပွားရေးတက္ကသိုလ် တပည့်ဟောင်းများ**

# ဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခဦးသန်းဆွေ

**အသက်(၇၀)**

ပါမောက္ခချုပ်(ငြိမ်း)၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ရန်ကုန်မြို့၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ ၁၅၄ လမ်း၊ အမှတ် ၁၂(A)နေ ဒေါ်ယုယုခင်၏ ချစ်လှစွာသောခင်ပွန်း ဆရာကြီး ပါမောက္ခ ဦးသန်းဆွေသည် ၉-၈-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး ကောင်းရာသုဂတိလားပါစေ။

**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**
**၁၉၉၉ တက္ကသိုလ်ဝင်တန်းအောင်တပည့်များ**

# ဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ ဦးသန်းဆွေ

**အသက်(၇၀)**

ပါမောက္ခချုပ်(ငြိမ်း)၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ရန်ကုန်မြို့၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၄လမ်း၊ အမှတ်-၁၂(A) နေ ဒေါ်ယုယုခင်၏ ချစ်လှစွာသောခင်ပွန်း ဆရာကြီး ပါမောက္ခ ဦးသန်းဆွေသည် ၉-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး ကောင်းရာသုဂတိလားပါစေ။

**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**
**၂၀၀၀ တက္ကသိုလ်ဝင်တန်းအောင်တပည့်များ**

# ဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ ဦးသန်းဆွေ

## အသက်(၇၀)

ပါမောက္ခချုပ်(ငြိမ်း)၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ရန်ကုန်မြို့၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ ၁၅၄ လမ်း၊ အမှတ် ၁၂(A)နေ ဒေါ်ယုယုခင်၏ ချစ်လှစွာသောခင်ပွန်း ဆရာကြီး ပါမောက္ခ ဦးသန်းဆွေသည် ၉-၈-၂၀၁၅ ရက်(တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး ကောင်းရာသုဂတိလားပါစေ။

**မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ချစ်တပည့်များဖြစ်သော-**

ကြည်မင်းဟန်-ဟန်သာဦး၊ နိုင်နိုင်ကျော်၊ အောင်ဖြိုးဟိန်း(ခ)ဖိုးခွား-သိင်္ဂီဆွေ၊ နန်းဆိုင်နွန်း @ Pretty Bird၊ ကြေးမုံ၊ အေးမြတ်သူဇာ၊ နွယ်ဇင်မြင့်၊ ခိုင်မြမိုးအောင်၊ သဥ္ဇာမိုးအောင်၊ ပွင့်ဖူးညို

# ဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ ဦးသန်းဆွေ

**အသက်(၇၀)**

ပါမောက္ခချုပ်(ငြိမ်း)၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ရန်ကုန်မြို့၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၄လမ်း၊ အမှတ်-၁၂(A)နေ ဒေါ်ယုယုခင်၏ ချစ်လှစွာသောခင်ပွန်း ဆရာကြီး ပါမောက္ခ ဦးသန်းဆွေသည် ၉-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီးကောင်းရာသုဂတိလားပါစေ။

**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**
**၂၀၀၁ တက္ကသိုလ်ဝင်တန်းအောင်တပည့်များ**

# ဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခဦးသန်းဆွေ

**အသက်(၇၀)**

ပါမောက္ခချုပ်(ငြိမ်း)၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ရန်ကုန်မြို့၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ ၁၅၄ လမ်း၊ အမှတ် ၁၂(A)နေ ဒေါ်ယုယုခင်၏ ချစ်လှစွာသော ခင်ပွန်း ဆရာကြီး ပါမောက္ခ ဦးသန်းဆွေသည် ၉-၈-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး ကောင်းရာသုဂတိလားပါစေ။

**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**
**၂၀၀၂ တက္ကသိုလ်ဝင်တန်းအောင်တပည့်များ**

# ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဦးသန်းဆွေ (သူရဲသမိန်) အသက်(၇၀)**

**နာယက(Myanmar-Japan SEDA)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ခ)ရပ်ကွက်၊ ၁၅၄လမ်း၊ အမှတ်-၁၂(A) နေ ဒေါ်ယုယုခင်၏ခင်ပွန်း Myanmar-Japan SEDA အသင်း၏နာယကတစ်ဦးဖြစ်သော ပါမောက္ခဦးသန်းဆွေသည် ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**Myanmar-Japan SEDA**

# (၁၀)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

## ဦးအေး

**(ဦးအေးနှင့်သားများ သစ်ရောင်းဝယ်ရေး)**

**(၁၃-၈-၂၀၀၅)**

**အသက်(၆၃)နှစ်**

ဖခင်ကြီး ဦးအေး(ဦးအေးနှင့်သားများသစ်ရောင်းဝယ်ရေး) ကွယ်လွန်ခဲ့သည်မှာ၁၃-၈-၂၀၁၅ ရက်တွင် (၁၀)နှစ်ပြည့်မြောက်ပြီဖြစ်ပါသည်။ မိသားစုမှ တစ်နေ့မှမေ့မရ လွမ်းဆွတ်တမ်းတ သတိရနေဆဲဖြစ်ပါသည်။ အဖေ့အတွက် ပြုပြုသမျှသော ကုသိုလ်ကောင်းမှုအစုစုကို အမျှပေးဝေပါသည်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ--- အမျှ--အမျှ---အမျှ

ဇနီး - ဒေါ်ခင်အေး

သား - ဦးမျိုးမြင့်အေး-ဒေါ်မြင့်မြင့်ကြည်
(ဦးအေးနှင့်သားများ သစ်ရောင်းဝယ်ရေး၊ မြောက်ဥက္ကလာ)
- ဦးမျိုးတင့်အေး-ဒေါ်သင်းသင်းခိုင်
(ဦးအေးနှင့်သားများ သစ်ရောင်းဝယ်ရေး၊ မန္တလေး)
- ဦးဇော်မိုးအေး
(ဦးအေးနှင့်သားများ သစ်ရောင်းဝယ်ရေး၊ ရွှေပေါက်ကံ)
- ဦးဝင်းကျော်သူ-ဒေါ်စုစုလှိုင်
(ဦးအေးနှင့်သားများ သစ်ရောင်းဝယ်ရေး၊ ရွှေပြည်သာ)

## ပျောက်ဆုံး

ကျွန်တော် ကျော်ဇင်ဦး၏ P.PNo. MA 890606သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၀၁၁၂၀၁**

## ပျောက်ဆုံး

ကျွန်တော် နေဆန်း၏ P.P No. MA 967144သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၀၂၀၀၇၀**

**အမြန်ရောင်းမည်(ပိုင်ရှင်ကိုယ်တိုင်)**

မြောက်ဒဂုံ၊ ပင်လုံဆေးရုံအနီး၊
(၂၈)ရပ်ကွက်၊ (ပိုင်းလော့ကွက်)၊
၁-ထပ်တိုက်၊ ရေ၊ မီး၊ ဖုန်းပါ၊
(သိန်း-၁၆၀၀၀)

---

မြောက်ဒဂုံ၊ ဗထူးလမ်း၊
ကျောကပ်လမ်း၊ (၄၇)ရပ်ကွက်၊
၁-ထပ်တိုက်၊ ရေ၊ မီးပါ (သိန်း-၁၅၀၀)

**ဖုန်း -၀၉-၂၅၄၀၆၁၉၃၈**
**၀၉-၇၃၀၁၄၉၃၉**
**၀၁-၅၉၅၃၇၉**

# (၆)လပြည့်လွမ်းဆွတ်သတိရခြင်း

**ဦးဇော်ဝင်း (၅၁)နှစ်**

**(၁၃-၂-၂၀၁၅ - ၁၃-၈-၂၀၁၅)**

**ဦးဇော်**

ညီမလေးတို့ သားအမိကို ခွဲခွာသွားတာ ယနေ့ဆို (၆)လပြည့်ပါပြီ။ မိသားစုတို့မှ သံဃာတော်များအား ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းမှုအစုစုတို့ကို မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ပါ။ **ဦးဇော်ရေ အမျှ . . . အမျှ . . . အမျှ**

**ချစ်ဇနီး - ဒေါ်ရင်ရွှေ**
**သားကြီး - မောင်ပိုင်ထက် (G-7, SMEC)**
**သားငယ် - မောင်ဖြိုးမင်းထက် (G-4, T.T.C)**
**မူဆယ် ကြေးအိုးဆီချက်၊ လှိုင်သာယာ**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကျင်စိန်(မမွေး)

**အသက်(၇၃)နှစ်**

**ကျိုက်လတ်**

သူငယ်ချင်း ဗိုလ်မှူးကြီး ကျော်ဇေယျ(အမှတ်-၂၊ တပ်မတော်ဆေးရုံ ခုတင် ၅၀၀)၏မိခင်သည် ၁-၈-၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၃-၈၈ ဆေးတက္ကသိုလ်(၁)မှ**
**သူငယ်ချင်းများ**

# ဝမ်းနည်းကြေကွဲခြင်း

ပီတိလူမှုကူညီရေးအသင်း (စမ်းချောင်း)၏ နာယကကြီး ဗိုလ်မှူးချုပ် ကျော်နိုင်ဦး(ငြိမ်း) ဒေါ်ခင်သက်မွန်၏ ချစ်လှစွာသော ဖခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးဝင်းဆွေ အသက်(၈၅) နှစ်သည် ၇-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

**ပီတိလူမှုကူညီရေးအသင်း(စမ်းချောင်း)မှ**
**အသင်းသား၊ အသင်းသူများ**

# ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အေးအေးမော်

**အသက်(၅၄)နှစ်**

ဦးငွေလွင်ဦး(ခ)ဦးငွေအောင်(ဒု-ညွှန်ကြားရေးမှူး၊ ရေကြောင်း) DMA(CD-13)၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေးမော် အသက်(၅၄)နှစ်သည် ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Brilliance Maritime Training Centre မှ**
**ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ဝင်းစိန်(မြို့သစ်) (၈၆)နှစ်

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၊ ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာ မင်းသန့်-ဒေါ်သီတာအောင်တို့၏ မိခင်ကြီး ဒေါ်ဝင်းစိန်(မြို့သစ်)သည် ၉-၈-၂၀၁၅ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်**
**ဦးစံရွှေအောင်-ဇနီးဒေါ်အေးအေးသန်းမိသားစု**
**နယ်စပ်ရေးရာဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ဝင်းစိန်(မြို့သစ်) (၈၆)နှစ်

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၊ ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာမင်းသန့်-ဒေါ်သီတာအောင်တို့၏ မိခင်ကြီး ဒေါ်ဝင်းစိန်(မြို့သစ်)သည် ၉-၈-၂၀၁၅ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရ ပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**နယ်စပ်ရေးရာဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ဝင်းစိန်(မြို့သစ်) (၈၆)နှစ်

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၊ ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာမင်းသန့်-ဒေါ်သီတာအောင်တို့၏မိခင်ကြီး ဒေါ်ဝင်းစိန်(မြို့သစ်)သည် ၉-၈-၂၀၁၅ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရ ပါသည်။

**ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းမိသားစုများ**
**ဗဟိုလေ့ကျင့်ရေးကျောင်း**

## (၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
**ဦးချစ်အေး (၆၂)နှစ်**
**ဒုတိယဌာနမှူး (ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ချစ်ခင်ပွန်း..ဦးချစ်အေး

ကျွန်မနဲ့ကလေးတွေကို ထားရစ်ခဲ့ပြီး (၄)နှစ်ပြည့်သွားပါပြီ။ နေ့စဉ်သတိရလျက်ပါ။ နေ့စဉ်သတိရလျက်ပါ။ ကျွန်ရစ်ခဲ့တဲ့လူတွေမှာတော့ မနေ့တစ်နေ့ကလိုပါပဲ၊ မြင့်မြတ်ကောင်းမွန်တဲ့ဘဝရောက်ရှိပါစေလို့၊ နေ့စဉ်ဆုတောင်းပေးနေပါတယ်။ (၁၃.၈.၂၀၁၅)ရက်နေ့ (၄)နှစ်ပြည့်တဲ့နေ့မှာမြတ်စွာဘုရားရှင်အား ရည်မှန်း၍သံဃာတော်အရှင်သူမြတ်တို့အား သင်္ကန်း၊ ဆွမ်း၊ ဆီမှုန်၊ ဆေးတို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် လှူဒါန်းသမျှကုသိုလ်များကိုလည်း အမျှပေးဝေပါတယ်။ ရောက်ရှိတဲ့ဘဝမှာ သာဓုခေါ်ဆိုနိုင်ပါစေ။ ရောက်ရှိတဲ့ဘဝမှာ အေးချမ်းပါစေ..ဦးချစ်အေးရေ.... အမျှ...အမျှ...အမျှ...

လွမ်းဆွတ်စွာဖြင့်
ချစ်ဇနီး စန်းစန်း၊ သမီးကြီး မြတ်ဆု
သားကြီး သဲသဲ၊ သားငယ် ရဲရဲ

## ဝမ်းနည်းကြေကွဲခြင်း
**ဦးအေးဖေ**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး**
**ကြည်း-၆၄၈၅၊ ဗိုလ်သင်တန်းအမှတ်စဉ်(၈)၊ သံအမတ်ကြီး(ငြိမ်း)**
### အသက်(၈၇)နှစ်

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ-ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ဆွေမြင့်တို့၏အစ်ကို ဦးအေးဖေသည် ၉-၈-၂၀၁၅ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ရန်ကုန်မြို့၌ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ဝန်ကြီးရုံး၊ ယဉ်ကျေးမှုဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ဝင်းစိန်(မြို့သစ်) (၈၆)နှစ်

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၊ ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာမင်းသန့်-ဒေါ်သီတာအောင်တို့၏ မိခင်ကြီး ဒေါ်ဝင်းစိန်(မြို့သစ်)သည် ၉-၈-၂၀၁၅ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရ ပါသည်။

**ကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမ၊ ဝန်ထမ်းမိသားစုများ**
**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်**
**(စစ်ကိုင်း)**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ဝင်းစိန်(မြို့သစ်) (၈၆)နှစ်

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၊ ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာမင်းသန့်-ဒေါ်သီတာ အောင်တို့၏မိခင်ကြီး ဒေါ်ဝင်းစိန်(မြို့သစ်)သည် ၉-၈-၂၀၁၅ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရ ပါသည်။

**ဒုတိယကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမ၊ ဝန်ထမ်းမိသားစုများ**
**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်**
**(ရန်ကုန်)**

## တကက ရန်အောင်(ငြိမ်း)
**သူရဲကောင်းမှတ်တမ်းဝင် (စစ်တက္ကသိုလ်၊ ပြင်ဦးလွင်)**
**ဖိုးပြည့်ပုံနှိပ်နှင့်စာအုပ်ချုပ်လုပ်ငန်း (မင်္ဂလာဒုံစက်မှုဇုန်)**
### အသက်(၆၀)

ပဲခူးမြို့ ညောင်ပိုင်းနေ (ဦးကျော်အေး-ဒေါ်တင်မြင့်)တို့၏ သားထွေး၊ ဦးအုန်းကျော်၊ ဦးကျော်ဝင်းစိန်တို့၏ညီ၊ ရဲလင်းကျော်(ခ) တပ်သားမြတ်သူရ (စစ် တက္ကသိုလ်)၊ သက်ဦးကျော်၊ ပြည့်စုံကျော်(ခ)တသညီလှ(ရထပ-၁မိတ္ထီလာ) တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်ခင်ပြုံး ၏ခင်ပွန်း၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၀-၈-၂၀၁၅(တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင် မင်္ဂလာဒုံစစ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## မြေပုံမြို့နယ်အသင်း(ရန်ကုန်)
**ဒေါ်ပန်းပုံ(ခ)ဒေါ်ညီမချေ**
### အသက်(၆၇)နှစ်

(ဦးရွှေထွန်း-ဒေါ်ပင်းကူမ) တို့၏ သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ အမှတ်(၂၆)၊ လေးလွှာနေ ဦးခင်မောင်ဝင်း(ရာသက်ပန်အသင်းဝင်)-ဒေါ်ခင်ဝင်းကြည်၊ ဦးဆန်ဝင်း၊ ဦးကျော်ဝင်း-ဒေါ်မာမာလွင်၊ ဦးတိုးရွှေ-ဒေါ်မြင့်မြင့်သန်း၊ ဦးငွေလင်း-ဒေါ်အေးအေးလွင်၊ ဦးနိုင်လင်း-ဒေါ်ဝင်းဝင်းတို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွား ဒေါ်ပန်းပုံ(ခ)ဒေါ်ညီမချေသည် ၉-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများမွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

## ဦးဘုန်းကျော် (၆၆)နှစ်
**(မဲ့ရက္ခိတဗမ္မာအေးကျောင်း)**
**စာရင်းစစ်မှူး (ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ အမှတ်(၅၂၅)၊ ဦးဟိန်စွန်းလမ်း၊ (၅)ရပ်ကွက်နေ (ဦးအောင်ချစ်-ဒေါ်တင်မြ)တို့၏သား၊ (ဦးညာဏ်ထွန်းဦး)-ဒေါ်ညွန့်ညွန့်ရီ၊ ဦးနေဝင်းမြင့်-ဒေါ်နွဲ့နွဲ့ဝင်း(USA)၊ ဒေါ်ဝေမာဦး(ဒုတိယ ပါမောက္ခ၊ မန္တလေးယဉ်ကျေးမှုတက္ကသိုလ်-ငြိမ်း)၊ ဒေါက်တာ အေးကျော်-ဒေါ်ခင်ဆွေဦး(အထက-၃ မင်္ဂလာတောင်ညွန့်)၊ (ဦးသန်းစိုးအောင်)-ဒေါ်စန်းစန်းထွန်း၊ ဦးညိုဝင်းအောင်-ဒေါ်မာမာထွန်း၊ (ဓာတ်ပုံဦးဝေလင်းအောင်)၊ ဦးမင်းသူ (ကျူရှင်ဆရာ)-ဒေါ်မိုးကေသီ (တိက္ခာရာမ သီလရှင်ကျောင်းတိုက်ဆရာမ)တို့၏အစ်ကို၊ တူ/တူမ ၁၄ ယောက်တို့၏ဘကြီး၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၁-၈-၂၀၁၅ (အင်္ဂါနေ့) နံနက် ၉း၄၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၃-၈-၂၀၁၅(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့ကို အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

## ဦးလှသိန်း (၅၅)နှစ်
**(လက်ထောက်ညွှန်ကြားရေးမှူး)**
**နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန၊**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**ကျောက်ဖြူအထူးစီးပွားရေးဇုန်**
**စီမံခန့်ခွဲမှုကော်မတီ(တွဲဖက်)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဘဏ်ရိပ်သာရပ်ကွက်နေဦးစံခင်(ဝါးခယ်မ)-ဒေါ်ကြည်(ဝါးခယ်မ)တို့၏သား၊ ဦးငွေဝင်း-ဒေါ်နန်းမြနွယ်တို့၏မောင်၊ ဦးဝင်းကြည်-ဒေါ်ကြည်ကြည်ရွှေတို့၏ညီ၊ မသန်းငွေ (သဃ်န်းကျွန်းဈေးဆိုင်)၊ မောင်အောင်ကြည်၊ မစန်းစန်းမြင့်၊ မညွန့်ညွန့်ထွေး-ကိုထွန်းဝင်း (ညွန့်ညွန့်အပ်ချုပ်ဆိုင် သဃ်န်းကျွန်းဈေးကြီး)တို့၏အစ်ကို၊ တူ/တူမ ၁၃ ယောက်တို့၏ ဦးလေးသည် ၉-၈-၂၀၁၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၈နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၅(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် စံပြဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

# အထူးကျေးဇူးတင်ရှိခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေကန်ဒါယကာကြီး**
## Engr.ဦးသန်းမြင့် P.E.
**အသက်(၇၆)နှစ်**

**B.Sc (Civil Engg.), M.A.Sc(Structural Engg.) Waterloo Ontario Canada**
**M.ASCE, F.MES, H.Fellow AFEO, F.AAET**
**ဒုတိယအင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြန်မာ့မီးရထား၊ M.D အေးရိပ်မွန်ကုမ္ပဏီ**
**Past President, Myanmar Engineering Society (MES)**
**Ex.Chairman, Myanmar Earthquake Committee (MEC)**
**Ex.Chairman, Committee for Quality Control of High-Rise Building Projects (CQHP)**
**Ex.President, Assessment Committee(Myanmar Engineering Council)**
**Ex.Chairman, Building Engineering Institute(BEI)**
**Ex.Chairman, Myanmar National Building Code**
**အင်ဂျင်နီယာဂုဏ်ရည်ဆု၊ DISTINGUISHED AWARD FOR LIFELONG ENGINEERING ACHIEVEMENT**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းယားမြိုင်လမ်း၊ အမှတ်(၂၈-E)နေ Engr.ဦးသန်းမြင့် နာမကျန်းဖြစ်နေစဉ်နှင့် ကွယ်လွန်သည်အထိ အထူးကြပ်မတ် ကုသပေးပါသော ရွှေဂုံတိုင်အထူးကုဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများအားလည်းကောင်း၊ ဈာပနကိစ္စအဝဝတွင် အားပေးသတင်းမေးမြန်းခြင်းနှင့် လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းနှင့် သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ပေးပို့ကြသော ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာ့မီးရထား၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဥက္ကဋ္ဌနှင့်ဗဟိုကော်မတီဝင်များ၊ အထပ်မြင့်အဆောက်အအုံလုပ် ငန်းများ စိစစ်ကြီးကြပ်ရေး ပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံမြေငလျင်ကော်မတီ၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်း၊ မြန်မာနိုင်ငံဗိသုကာအသင်း၊ ဦးညီလှငယ်ဖောင်ဒေးရှင်း၊ Myanmar National Building Code, Building Engineering Institute (BEI), STCC(MES), UN-HABITAT, SEEDs Asia တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်အသီးသီးအားလည်းကောင်း၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ မိတ်ဆွေကုမ္ပဏီ များ၊ MES Chapter များ၊ MES CMC ကုမ္ပဏီများ၊ ဆွေမျိုးများ၊ မိတ်ဆွေသင်္ဂဟများနှင့် လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများအား လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပ၊ ရပ်နီး၊ ရပ်ဝေးမှ ဝမ်းနည်းကြောင်း ဖုန်း၊ ဖက်စ်၊ အီးမေးလ် ပေးပို့နှစ်သိမ့်ပေးကြသူများအား လည်းကောင်း၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ပုစိန်(သံတွဲ)
### အသက် (၇၇)နှစ်

ဦးမြသာထွန်း(ငြိမ်း)သစ်လုပ်ငန်း၊ သံတွဲ၏ ဇနီး၊ ဦးဇော်ဝင်းထွန်း-ဒေါ် ဦးမြတ်ခင်၊ ဦးတင်ဝင်း-ဒေါ်သင်းသင်းဝင်း၊ ဦးတင်ထွန်း-ဒေါ်ကေသီခင်တို့၏ မိခင်၊မောင်ဆက်ခိုင်ထွန်း၊ မောင်ကောင်းမြတ်ကျော်၊ မသဒ္ဒါထွန်း၊ မအင်ကြင်းမေတို့၏အဘွားသည် ၈-၈-၂၀၁၅(စနေနေ့) ညနေ ၆း၂၀နာရီတွင်ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၅ (တနင်္လာနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၈-၂၀၁၅(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ ရတနာမွန် အိမ်ရာ၊ အခန်း(၀၀၅)၊ တိုက်(1-B)၊ ဓာတု(၂)လမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ချောင်းဝဘုန်းကြီးကျောင်းအနီးသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] (ဆေးရုံတက်ရောက် ကုသခဲ့စဉ်က စေတနာအပြည့်နှင့် ပြုစုကုသပေးခဲ့ကြသော ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ တာဝန်ကျ ဆရာ၊ ဆရာမ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဦးသိန်းလွင်**
### အသက်(၉၆)နှစ်

ကျိုက်ထီးဆောင်းထီးဒီပံမွှာရုံ၊ သာသနာ(၅၀၀၀) ရောင်တော်ဖွင့်အသင်း နာယက ဦးသိန်းလွင်သည် ၆-၈-၂၀၁၅(ကြာသပတေးနေ့) နံနက် ၂း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကျိုက်ထီးဆောင်းထီးဒီပံမွှာရုံ**
**ရောင်တော်ဖွင့်အသင်း**
**ရွှေတိဂုံဘုရား၊ အနောက်ဘက်မုခ်၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးအေးဖေ (သံအမတ်ကြီး-ငြိမ်း)**
### အသက်(၈၇)နှစ်

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ-ဒေါက်တာ ဒေါ်ခင်ဆွေမြင့်(ပါမောက္ခ၊ မြန်မာစာဌာန-ငြိမ်း)တို့၏အစ်ကို ဦးအေးဖေသည် ၉-၈-၂၀၁၅(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် သမိုင်းသုတေသနနှင့်**
**အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးလွင်စိုး

စကခ(၁၂)မှ ရဲဘော်ရဲဘက် (Comrade) ဒုတိယဗိုလ်မှူးကြီးလွင်စိုး ကွယ်လွန်ခြင်းအတွက် အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးကြီးတင်လှဦး(ငြိမ်း)၊ ဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)၊**
**ဗိုလ်မှူးကြီးခိုင်ဇော်(ငြိမ်း) ဒုတိယဗိုလ်မှူးကြီးတင်မော်ဦး(ငြိမ်း)၊**
**ဒုတိယဗိုလ်မှူးကြီးကျော်ဝေ(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးဆန်းအောင်(ငြိမ်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးဇော်လွင် (၄၃)နှစ်
**ကြည်း/၂၉၇၂၆၊ OTS(99)**
**BSc.Geology (Mdy)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ဝန်ထမ်း အိမ်ရာ၊ တိုက်(၃)၊ အခန်း (၁၉)နေ ဦးစီးအရာရှိ ဒေါ်ညိုမီစိုး၏ချစ်လှစွာသော ခင်ပွန်း ဗိုလ်မှူးဇော်လွင် အသက် (၄၃)နှစ်သည် ၁၁-၈-၂၀၁၅(အင်္ဂါနေ့) နံနက် ၀၀း၃၅ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS (99) ကျောင်းဆင်းသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးဇော်လွင် (၉၅ ဘူမိဗေဒ မန္တလေးတက္ကသိုလ်)
**OTS-99**
### အသက် (၄၃)နှစ်

ရန်ကုန်မြို့နေ ဒေါ်ညိုမီစိုး၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးဇော်လွင် (၉၅-ဘူမိဗေဒ မန္တလေးတက္ကသိုလ်) OTS-99 သည် ၁၁-၈-၂၀၁၅ရက်နေ့ နံနက် ၀၀း၃၅နာရီတွင် မမျှော်လင့်ဘဲ ရုတ်တရက်ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၉၅ ဘူမိဗေဒကျောင်းသူ/ကျောင်းသားများ**
**မန္တလေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးဝင်းဆွေ**
### အသက် (၈၅)နှစ်

ဗိုလ်မှူးချုပ်ကျော်နိုင်ဦး(ငြိမ်း)-ဒေါ်ခင်သက်မွန်တို့၏ဖခင် ဦးဝင်းဆွေ အသက်(၈၅)နှစ်သည် ၇-၈-၂၀၁၅(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Sule-Shangri-La Health Club မိတ်ဆွေများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဆရာမဒေါ်ခင်ရွှေ**
### အသက် (၇၈)နှစ်
**အမက(၁) လမ်းမတော်၊ ရန်ကုန်မြို့**

သူငယ်ချင်း ဒေါ်မျိုးမြင့်ခင်(အလက-၁၊ ဒဂုံ)၏မိခင် ဒေါ်ခင်ရွှေသည် ၄-၈-၂၀၁၅ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂-၈၆ ဓာတုဗေဒမှ သူငယ်ချင်းများ**
**ရန်ကုန်တက္ကသိုလ် (ကြည့်မြင်တိုင်နယ်မြေ)**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးကျော်မြင့်(သိပ္ပံကျော်)(ခ)စာရေးဆရာနောင်မြင့်**
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂၅၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဒေါ်ကြူကြူဝင်း(ကျောက်တံတားမြို့နယ်၊ စာရေးဆရာအသင်း၊ ဘဏ္ဍာရေးမှူး သူနာပြုတက္ကသိုလ်ဌာနမှူး-ငြိမ်း)၏ခင်ပွန်း ဦးကျော်မြင့်(သိပ္ပံ ကျော်)(ခ)စာရေးဆရာနောင်မြင့်သည် ၁၀-၈-၂၀၁၅(တနင်္လာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စာရေးဆရာအသင်း(ကျောက်တံတားမြို့နယ်)**

Hot Line No-0930500100




ယူအီးအက်ဖ်အေစူပါဖလား ဘာစီလိုနာအသင်း (၅)ကြိမ်မြောက် ဆွတ်ခူးအောင်ပွဲခံစဉ်။

# ယူအီးအက်ဖ်အေစူပါဖလား ဘာစီလိုနာအသင်း (၅) ကြိမ်မြောက် ဆွတ်ခူး

**၂၀၁၅ ယူအီးအက်ဖ်အေစူပါဖလားပြိုင်ပွဲအဖြစ် ချန်ပီယံလိဂ်ချန်ပီယံ ဘာစီလိုနာအသင်းနှင့် ယူရိုပါလိဂ်ချန်ပီယံ ဆီဗီလာအသင်းတို့ ဩဂုတ် ၁၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက ဆီဗီလာအသင်းအား ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိကာ ယူအီးအက်ဖ်အေစူပါဖလားကို (၅)ကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။**

စာမျက်နှာ ၁၂ ကော်လံ ၂ သို့ ○

# ကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံတန် ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးအဆင့် အကောင်အထည်ဖော်တော့မည်

ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတစ်ရုံနှင့် သဘာဝဓာတ်ငွေ့ရည်ဆိပ်ကမ်းပါဝင်မည့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံတန် စီမံကိန်းတစ်ခုဆောင်ရွက်ရန် မြန်မာအစိုးရနှင့် ထိုင်းဆောက်လုပ်ရေးကုမ္ပဏီ Italian-Thai Development PCL ကြား သဘောတူညီလိုက်ကြောင်း powerengineeringint.com တွင် ရေးသားဖော်ပြသည်။

အမေရိကန်ဒေါ်လာ သန်း ၅၀၀ တန် မဂ္ဂါဝပ် ၄၅၀ ရှိ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံနှင့် အမေရိကန်ဒေါ်လာ သန်း ၅၀၀ တန် သဘာဝဓာတ်ငွေ့ရည် ဆိပ်ကမ်းမှာ မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်စက်မှုဇုန်တွင် တည်ရှိမည်ဖြစ်သည်။ စီမံကိန်းအတွက် ငွေကြေးထောက်ပံ့မှုကို ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)က ထောက်ပံ့ပေးမည်ဖြစ်သည်။ ဆိပ်ကမ်းမှာ တစ်နှစ်လျှင် ဓာတ်ငွေ့ရည်တန်ချိန်ခြောက်သန်းတင်သွင်းနိုင်ရန် ပုံစံပြုလုပ်ထားပြီး အဓိကဖောက်သည်များမှာ တစ်နှစ်တန်ချိန်သုံးသန်းစီတင်သွင်းမည့် ထိုင်းစွမ်းအင်ကုမ္ပဏီ PTT နှင့် Royal Dutch Shell တို့ ဖြစ်လာမည်ဖြစ်သည်။

Italian-Thai နှင့် စက်မှုဇုန်တည်ဆောက်ရေးအော်ပရေတာ Rojana Industrial Park PCL နှင့် LNG Plus International Company တို့အပါအဝင် ယာယီပူးပေါင်းထားသော မိတ်ဖက်ကုမ္ပဏီများက စီမံကိန်းကနဦးအဆင့်ဆောင်ရွက်ရန် ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေးကော်မတီနှင့် လုပ်ပိုင်ခွင့် သဘောတူညီချက်များ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❒

ယနေ့ **မာတိကာ**

**အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းတွင် ရောက်ရှိနေသော မြန်မာရေလုပ်သားများ ပြန်လည်ခေါ်ယူနိုင်ရေး မြန်မာသံရုံး ဂျကာတာနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၃

**ရေဘေးသင့်ဒေသများတွင် ကုန်စျေးနှုန်း ကြီးမြင့်မှုမရှိစေရေးအတွက် အခြေခံစားသောက်ကုန်ဆိုင်များ ဖွင့်လှစ်သွားမည်**

စာမျက်နှာ » ၁၁

# ရှုံး/ထွက် ဆီမီးပွဲစဉ်တွင် ရတနာပုံအသင်း အိမ်ကွင်း၌ ဂိုးပြတ်နိုင်

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

၂၀၁၅ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် ရတနာပုံနှင့် မကွေးအသင်းတို့သည် ယနေ့ညနေပိုင်းက ဗထူးကွင်း၌ ယှဉ်ပြိုင်ကစားရာ ရတနာပုံအသင်းက ခြောက်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

| | | |
|---|---|---|
| **ရတနာပုံ** | - | **ခြောက်ဂိုး** |
| **မကွေး** | - | **ဂိုးမရှိ** |

ရတနာပုံအသင်းမှာ ယခုပွဲဂိုးပြတ်အနိုင်ရလဒ်ကြောင့် ဒုတိယအကျော့ကစားရန် ကျန်သေးသော်လည်း ဗိုလ်လုပွဲသို့ရောက်ရှိရန် အခြေအနေကောင်းသွားပြီဖြစ်သည်။ မကွေးအသင်းမှာ ယခုပွဲတွင် အမာခံအချို့ မပါနိုင်ခြင်း၊ တိုက်စစ်မှူးဆယ်လာ အထုတ်ခံရခြင်းတို့ကြောင့် အားလျော့ကာ ဂိုးပြတ်ရှုံးသွားခြင်းဖြစ်သည်။

ရတနာပုံအသင်း၏ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားများအဖြစ် မက်ဆီဗင်နှင့် မာတူနာတို့သာပါဝင်လာပြီး အောင်သူ၊ ရှိုင်းသူရ၊ စည်သူအောင်၊ ရဲကိုဦးတို့ဖြင့် ပွဲထွက်လာခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၄ သို့ ✻




ရတနာပုံအသင်းအတွက် စတုတ္ထဂိုးကို ယွန်ဂျီဆောင် သွင်းယူနေစဉ်။




Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

